# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၆ ခုနှစ်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဇွန်လ

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

**၂၀၁၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ**

**ပုံနှိပ်မှတ်တမ်း**


ပုံနှိပ်ခြင်း ▪ ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဇွန်လ

အုပ်ရေ ▪ ၁၀၀၀

အဖုံးနှင့်အတွင်းပုံနှိပ် ▪ မြန်မာ့ကြယ်စင်လင်းပုံနှိပ်တိုက်
မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်

ထုတ်ဝေသူ ▪ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၁ ၆၅၄၆၈၁၊ ၀၁ ၆၅၄၆၇၀

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၆ ခုနှစ် အစီရင်ခံစာ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | ၁ |
| ၂။ | **လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း | ၂ |
| | ▪ အကြံပြုချက်များ ပေးပို့ခြင်း | ၂ |
| | ▪ လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ | ၅ |
| ၃။ | **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲနှင့် သင်တန်းများ ကျင်းပခြင်း | ၈ |
| | ➢ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အရာရှိများ | ၈ |
| | ➢ အကျဉ်းထောင်အရာရှိများ | ၈ |
| | ▪ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲများ ကျင်းပခြင်း | ၉ |
| | ▪ တပ်မတော် စစ်ကျောင်းကြီးများသို့ သွားရောက်ပို့ချခြင်း | ၉ |
| | ➢ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် | ၉ |
| | ➢ စစ်ဦးစီးတက္ကသိုလ် | ၉ |
| | ➢ တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း | ၉ |
| | ▪ ဗဟိုဝန်ထမ်းတက္ကသိုလ်များသို့ သွားရောက်ပို့ချခြင်း | ၁၀ |
| | ▪ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းအကြိုသင်တန်းများ သွားရောက်ပို့ချခြင်း | ၁၁ |
| | ▪ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာများဖြင့် ဖြန့်ချိခြင်း | ၁၁ |
| | ▪ စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း | ၁၁ |
| ၄။ | **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ စုံစမ်းစစ်ဆေးရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း | ၁၂ |
| | ▪ ၂၀၁၅ ခုနှစ် လက်ကျန်တိုင်တန်းချက်များအား ဆောင်ရွက်မှုအခြေအနေ | ၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိသော တိုင်တန်းချက်များအား ဆောင်ရွက်မှု အခြေအနေ ------------------------------------------------------------ ၁၂
- ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော ပြန်ကြားစာများအား ဆောင်ရွက်မှု အခြေအနေ ------------------------------------------------------------ ၁၅
- ၂၀၁၅ ခုနှစ် လက်ကျန် ပြည်ပတိုင်တန်းချက်များအား ဆောင်ရွက်မှု အခြေအနေ ------------------------------------------------------------ ၁၅
- ၂၀၁၆ ခုနှစ်အတွင်း ပြည်ပတိုင်တန်းချက်များအား ဆောင်ရွက်မှု အခြေအနေ ------------------------------------------------------------ ၁၆
- တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ---------------------------------------------- ၁၇
- ၂၀၁၆ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ -- ၁၈
- အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း ---------------------------------------- ၂၃
- လူမှုဝန်ထမ်း ဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ ပရဟိတကျောင်းများ နှင့် ဂေဟာများသို့ သွားရောက်စစ်ဆေးခြင်း ----------------------------- ၂၅

၅။ **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- လုပ်ငန်းတာဝန်များ ------------------------------------------------------ ၂၇
- အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခြင်း ---------------------------------- ၂၇
- အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ အာရှ-ပစိဖိတ်ဖိုရမ် (APF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း ---------------------------------------- ၂၉
- အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း --------------------------------- ၃၀
- RaoulWallenberg Institute of Human Rights and Humanitarian Law (RWI) (ဆွီဒင်) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ----------------------- ၃၁
- ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ----------------------------------------------- ၃၁
- ကော်မရှင်အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခြင်း ------------------------------------------------------------ ၃၂

| စဉ် | အကြောင်းအရာ | မာတိကာ |
|---|---|---|


- ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးတက်ရောက်မှုများ ---------- ၃၃
- ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ ---------- ၃၄
- နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ထူးခြားလုပ်ဆောင်ချက်များ ---------- ၃၈

၆။ **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------- ၃၉
  - ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း ---------- ၃၉
- စီမံရေးရာ ကိစ္စရပ်များ ---------- ၃၉
- ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ရန် လျာထားခြင်း ---------- ၄၀
- ဝန်ထမ်းရေးရာ ကိစ္စရပ်များ ---------- ၄၁
- ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ---------- ၄၁
- လုပ်ထုံးလုပ်နည်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း ---------- ၄၂
- ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေ သုံးစွဲခြင်း ---------- ၄၂
- ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ---------- ၄၂
- ကော်မရှင်ရုံး ဝန်ထမ်းများအား လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ရန် ဆောင်ရွက်ခြင်း ---------- ၄၃

၇။ **သုံးသပ်တင်ပြချက်များ**

- မူဝါဒနှင့် ဥပဒေရေးရာ ကိစ္စရပ်များ ---------- ၄၄
- ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ---------- ၄၄
- မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ---------- ၄၅
  - ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများ ---------- ၄၅
  - ရဲတပ်ဖွဲ့ဝင်များ၏ အားနည်းချက်များ ---------- ၄၅
  - ရဲတပ်ဖွဲ့ဝင်များ၏ အခက်အခဲများ ---------- ၄၆

| **စဉ်** | **အကြောင်းအရာ** | **မာတိကာ** |
|---|---|---|


- အကျဉ်းဦးစီးဌာန ---------------------------------------------------------- ၄၇
  - ➢ အကျဉ်းဦးစီးဌာန လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများ -------- ၄၇
  - ➢ အကျဉ်းဦးစီးဌာနသို့ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည့် အချက်များ ---- ၄၇
- ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ ---- ၅၀
- ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ ------------------------------------------------------------- ၅၂
- ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များ -------------------------- ၅၂

၈။ **နိဂုံး** ---------------------------------------------------------------------- ၅၄

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ၂၀၁၆ ခုနှစ် အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်အမှတ် ၂၃/၂၀၁၄ ဖြင့် အဖွဲ့ဝင် (၁၁) ဦး ပါဝင်သော "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်" ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ၇-၁၀-၂၀၁၆ ရက်နေ့မှစ၍ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါ အဖွဲ့ဝင် (၇) ဦးဖြင့် [၁] ဆောင်ရွက်လျက် ရှိပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (ဃ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (င) | ဒေါက်တာမြင့်ကြည် | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်လေး | အဖွဲ့ဝင် |
| (ဆ) | ဦးစိုးဘုန်းမြင့် | အဖွဲ့ဝင် |

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် ဥပဒေပါတာဝန်များကို ဆောင်ရွက် နိုင်ရန်အလို့ငှာ ကော်မရှင်ဥပဒေ ပုဒ်မ ၅၁ နှင့်အညီ ကော်မရှင်ရုံးကို အောက်ပါဌာန (၅) ခုဖြင့် ဖွဲ့စည်းထားပါသည် -

(က) လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာန၊

(ခ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၊

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန။

---

[၁] ကော်မရှင်အဖွဲ့ဝင် (၄) ဦးသည် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်သွားခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်များ

### ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းရေးဆွဲခြင်း

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၇၀ အရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်း၍ရေးဆွဲခဲ့ပြီး ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆ ဖြင့် ၁-၃-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

### အကြံပြုချက်များ ပေးပို့ခြင်း

၄။ ကုလသမဂ္ဂ၊ အမျိုးသမီးများ ခွဲခြားမှုမှန်သမျှ ပပျောက်ရေး ကော်မတီ (UN CEDAW) သို့ တင်သွင်းခဲ့သည့် စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲအစီရင်ခံစာတွင် ထပ်မံဖြည့်စွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ တောင်းခံမှုအရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် သက်ဆိုင်သည့် မေးခွန်းများ၏အဖြေတို့ကို ၁၈-၁-၂၀၁၆ ရက်နေ့တွင် ပြန်လည်ပေးပို့ခဲ့ပါသည်။

၅။ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးခြင်းကို ဆန့်ကျင်သည့် အာဆီယံသဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုချုပ်ဆိုရန် အကြံပြုချက်ကို ၁၂-၇-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးသို့ လိပ်မူပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့သို့ မိတ္တူပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင် "လူကုန်ကူးခြင်းကို ဆန့်ကျင်သည့် သဘောတူစာချုပ်သည် အာဆီယံနိုင်ငံများ ဖြစ်သော စာချုပ်ဝင် နိုင်ငံများအကြားတွင် အချုပ်အခြာအာဏာ တန်းတူရည်တူရှိမှု (sovereign equality) နှင့် ဂုဏ်သိက္ခာရှိစွာ နယ်မြေပိုင်ဆိုင်မှု (territorial integrity) အပြင် စာချုပ်ဝင်နိုင်ငံအချင်းချင်း၏ ပြည်တွင်းရေး၌ ဝင်ရောက် မစွက်ဖက်ရေး (non-intervention in the domestic affairs) ကို ဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် United Nations Convention against Transnational Organized Crime နှင့် ၎င်း၏ နောက်ဆက်တွဲ စာချုပ်ဖြစ်သည့် Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children, Supplementing the United Nations Convention against Transnational Organized Crime တို့ကို ၂၀၀၄ ခုနှစ်တွင် ပါဝင်ချုပ်ဆိုခဲ့ပြီး၊ တည်ဆဲအထူးဥပဒေ တစ်ရပ်ဖြစ်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ ထို့ပြင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ မြန်မာနိုင်ငံအား လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဆင့် (၂) စောင့်ကြည့်စာရင်းမှ အဆင့် (၃) သို့ လျှော့ချခြင်းခံခဲ့ရသည်ဖြစ်ရာ ဤသဘောတူစာချုပ်တွင် အတည်ပြုချုပ်ဆိုခြင်းအားဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံရေးဆန္ဒ (political will) ရှိကြောင်း ထုတ်ဖော်ပြသရာ ရောက်မည်ဖြစ်ကြောင်း" စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၆။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုချက်ကို ၂၂-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း

ကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် "ဥပဒေကြမ်း ပုဒ်မ ၂ (ဂ) စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများဟုဆိုရာတွင် မိဘရှိသော်လည်း သားသမီးများကို တာဝန်ယူ၍ ကြည့်ရှုစောင့်ရှောက်သော သို့မဟုတ် မွေးစား၍ စောင့်ရှောက်သော ဆွေမျိုးများ သို့မဟုတ် အုပ်ထိန်းသူများလည်း ရှိနေကြသည်ဖြစ်၍ ယင်းကိုလည်း အဓိပ္ပာယ်ဖော်ပြချက်တွင် ဖြည့်စွက် ထည့်သွင်းဖော်ပြသင့်ကြောင်း၊ သို့မှသာ တူညီမျှတသော ခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေကြမ်း ပုဒ်မ ၃၈ အရ သက်ကြီးရွယ်အို သက်သေခံကတ်ပြားရရှိမှသာ သက်ကြီးရွယ်အိုအခွင့်အရေးများ ရရှိခံစားနိုင်မည့်သဘော တွေ့ရှိရကြောင်း၊ ဥပဒေကြမ်းတွင် သက်ကြီးရွယ်အို သက်သေခံကတ်ပြား အမြန်ပြုလုပ်ရရှိနိုင်ရေးအတွက်ကိုလည်း ဥပဒေကြမ်းတွင် သင့်လျော်သော ပြဋ္ဌာန်းချက် ဖော်ပြပါရှိသင့်ကြောင်း" စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၇။ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတွင် ကော်မရှင်အဖွဲ့ဝင်အား ကော်မတီအဖွဲ့ဝင်အဖြစ် ထည့်သွင်းပေးနိုင်ရန်အတွက် အကြံပြုတင်ပြချက်ကို ၂၂-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၈။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်တစ်ဦး ပါဝင်ဖွဲ့စည်းနိုင်ရန်အတွက် အကြံပြုတင်ပြချက်ကို ၂၂-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၉။ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကြမ်းအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏အကြံပြုချက်ကို ၁၉-၉-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် "သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တာဝန်ရှိသူများ" ဟူသောစကားရပ်အစား "သက်ဆိုင်ရာဝန်ကြီးဌာန" ဟူသော စကားရပ်သို့ ပြင်ဆင်သင့်ကြောင်း၊ မည်သူထံမှ ခွင့်ပြုမိန့် ရရှိရန်လိုသည်ကို တိကျရှင်းလင်းစွာ ဖော်ပြသင့်ကြောင်း၊ "စုံထောက်ခြင်း" ဟူသည့်စကားရပ်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပါ စကားရပ်အတိုင်း "စုံစမ်းထောက်လှမ်းခြင်း" သို့မဟုတ် " စုံစမ်းခြင်း" ဟူ၍ ပြင်ဆင်ဖော်ပြရန် သင့် မသင့် စဉ်းစားသင့်ကြောင်းနှင့် ပုဒ်မ ၁၅ ကို ဥပဒေရေးထုံးရေးနည်းအရ ပြင်ဆင်ဖော်ပြသင့်ကြောင်း စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၁၀။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) သို့ မြန်မာနိုင်ငံမှ အတည်ပြုချုပ်ဆို (ratify) သင့်ကြောင်း အကြံပြုတိုက်တွန်းချက်ကို နိုင်ငံတော်သမ္မတရုံးသို့ ၁၉-၉-၂၀၁၆ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

၁၁။ Myanmar National Building Code တွင် မသန်စွမ်းသူများ လွယ်ကူစွာ သွားလာနေထိုင်အသုံးပြုနိုင်ရေးအတွက် သင့်လျော်သည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်ကို ၁၉-၉-၂၀၁၆

ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လိပ်မူပြီး မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာအသင်းနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့ချုပ်ထံသို့ မိတ္တူပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် "မသန်စွမ်းသူ" ဟု ဆိုရာ၌ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုလိုခြင်းဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပြည်သူပိုင်အဆောက်အဦများ၊ အိမ်ရာများ၊ အပန်းဖြေအနားယူရာ နေရာများ၊ လမ်း၊ တံတားများ စသည်တို့ ဆောက်လုပ်ရေးနှင့် ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများ ပြုလုပ်ရာတွင် မသန်စွမ်းမှုအမျိုးအစားအလိုက် မသန်စွမ်းသူများ အားလုံးအတွက် အတားအဆီးများ မဖြစ်စေဘဲ လက်လှမ်းမီ အသုံးပြုနိုင်ရေးအတွက် အများလက်ခံအသုံးပြုနိုင်သော ပုံစံ (universal design) ဖြင့် ဆောက်လုပ် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်နိုင်ရေး သင့်လျော်သော ပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲသင့်ကြောင်း အကြံပြုခဲ့ပါသည်။

၁၂။ အကြမ်းဖက်မှု တိုက်ဖျက်ရေး နည်းဥပဒေ (မူကြမ်း) အခန်း (၁၇) နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် သက်ဆိုင်သော နည်းဥပဒေများနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် တောင်းခံလာသည့်အပေါ် ကော်မရှင်၏ အကြံပြုချက်ကို ၄-၁၁-၂၀၁၆ ရက်နေ့တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် နည်းဥပဒေအပိုဒ် ၆၁ ကို အစားထိုး ပြင်ဆင်သင့်ကြောင်း၊ မည်သူမဆို အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် လူသားတို့၏ မွေးရာပါ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေအရာ၌ တန်းတူရည်တူရှိမှု၊ ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့် ရရှိမှုတို့အပါအဝင် လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့နှင့်အညီ တရားမျှတစွာ ပြုမူဆက်ဆံရေးနှင့် အခြားခံစားခွင့် အခွင့်အရေးများ ရရှိစေရေးအတွက် အာမခံချက် ရှိစေရမည်ဖြစ်ကြောင်းဟူသော စကားရပ်များဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်းကို အကြံပြုခဲ့ပါသည်။

၁၃။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) သို့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်ကို ၃၀-၁၁-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံးသို့ ပေးပို့ခဲ့ပါသည်။ ယင်းအကြံပြုချက်တွင် အဓိက လူ့အခွင့်အရေးဆိုင်ရာ စာချုပ်တစ်ခုဖြစ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) သို့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုခြင်းဖြင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည်သာမက လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးသန္နိဋ္ဌာန်ရှိမှုနှင့် ခိုင်မာသော ရပ်တည်ချက်ရှိသည်ဟူ၍ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကိုလည်း ရရှိစေနိုင်မည်ဖြစ်သည့်အပြင် ကမ္ဘာ့မိသားစုဝင်ဖြစ်သော မြန်မာနိုင်ငံ [၂] အနေဖြင့်လည်း ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာမည်ဟု သဘောရရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်

၂ Myanmar in the family of Nations

ICCPR သို့ နောက်မှပါဝင်ချုပ်ဆိုခြင်း [၃] ကို ICCPR အပိုဒ် ၄၉ (၂) နှင့်အညီ ပြုလုပ်သင့်ပါကြောင်းဖြင့် အကြံပြုခဲ့ပါသည်။

၁၄။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၏ ဝန်ထမ်းများနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များ ကွဲလွဲနေမှုအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ သုံးသပ်ချက်ကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးသို့ ပေးပို့ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့ထံသို့ မိတ္တူပေးပို့ခဲ့ပါသည်။ ယင်းသုံးသပ်ချက်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လွတ်လပ်သော နိုင်ငံတော်အဖွဲ့အစည်း [၄] ဖြစ်သည့်အားလျော်စွာ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်စေသင့်သည်ဟု ယူဆပါကြောင်းဖြင့် သုံးသပ်တင်ပြခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

၁၅။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၉-၃-၂၀၁၆ ရက်နေ့တွင် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ် ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံး အရာထမ်းတစ်ဦး တက်ရောက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံခြား ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၁၂-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ်သို့ အတည်ပြုပါဝင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ညှိနှိုင်းခြင်း အစည်းအဝေးသို့ ကော်မရှင်ရုံး အရာထမ်းတစ်ဦး တက်ရောက်ခဲ့ပါသည်။ ယင်းအလုပ်ရုံ ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အဆိုပါ နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုပါဝင်သင့်ကြောင်း သဘောထားမှတ်ချက်ကို ၂၄-၃-၂၀၁၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

၁၆။ The Business of a Better World (BSR)၊ International Development Research Center နှင့် Canada အဖွဲ့တို့မှ ၂၀-၅-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သည့် Child Labour in Myanmar' s Garment Sector, Report Launch and Panel Discussion အစီရင်ခံစာ ရှင်းလင်းပွဲသို့ ကော်မရှင်ရုံး အရာထမ်းတစ်ဦး တက်ရောက်ခဲ့ပါသည်။ ယင်းအစီရင်ခံစာ ရှင်းလင်းပွဲတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအတွင်းရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် ကလေးအလုပ်သမားများ ကျောင်းမှထွက်၍ အလုပ်လုပ်ကိုင်မှု အခြေအနေ၊ ဆင်းရဲမွဲတေမှုကြောင့် ကလေးသူငယ်များ လုပ်ငန်းခွင်အတွင်းသို့ စောစီးစွာ ဝင်ရောက်လုပ်ကိုင်ခြင်း၊ ပညာသင်ကြားမှု ကုန်ကျစရိတ် ကြီးမြင့်ခြင်းကြောင့် ကျောင်းပညာ ဆက်လက် သင်ယူနိုင်မှု အခြေ

---

[၃] accession

[၄] Independent State Institution

အနေ နည်းပါးခြင်း၊ လုပ်ငန်းခွင်အတွင်း ကလေးသူငယ်များ၏ လုပ်ငန်းခွင်လုံခြုံမှု နည်းပါးခြင်း စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသွားကြပါသည်။

၁၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၉-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၆၄) ကြိမ်မြောက် CEDAW ကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ စတုတ္ထနှင့် ပဉ္စမအကြိမ် ပူးတွဲ အစီရင်ခံစာ တင်သွင်းခြင်း ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ကော်မရှင်ရုံး အရာထမ်း တစ်ဦး တက်ရောက်ခဲ့ပါသည်။ ကုလသမဂ္ဂ၌ ပြုလုပ်မည့် CEDAW ကော်မတီ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ အမျိုးသမီးအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဖြေကြားရန်အတွက် အစမ်းလေ့ကျင့် ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်သည့် Alliance for Gender Inclusion in the Peace Process (AGIPP) နှင့် ၁၉-၅-၂၀၁၆ ရက်နေ့တွင် CEDAW ကော်မတီသို့ အစီရင်ခံစာ တင်ပြ ရန်ကိစ္စနှင့် စပ်လျဉ်းပြီး တွေ့ဆုံဆွေးနွေးမှုပြုခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်၏ သီးခြားအစီရင်ခံစာကို CEDAW ကော်မတီသို့ ၈-၆-၂၀၁၆ ရက်နေ့ တွင် ပြုစုပေးပို့ခဲ့ပါသည်။

၁၈။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၂၁-၇-၂၀၁၆ ရက်နေ့မှ ၂၂-၇-၂၀၁၆ ရက်နေ့ထိ ကျင်းပပြုလုပ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံး အရာထမ်း တစ်ဦး တက်ရောက်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုချုပ်ဆိုသင့်ကြောင်း ကော်မရှင်၏ သဘောထားအား ဆွေးနွေးခဲ့ပါသည်။

၁၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် SHAPE-SEA, Institute of Human Rights and Peace Studies (IHRP), Mahidol University တို့ ပူးပေါင်း၍ Norwegian Center for Human Rights ၏ ထောက်ပံ့မှုဖြင့် ရန်ကုန်မြို့၌ ၂၅-၇-၂၀၁၆ ရက်နေ့မှ ၂၇-၇-၂၀၁၆ ရက်နေ့ထိ Workshop on Teaching of Human Rights Law at University ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင်အဖွဲ့ဝင် သုံးဦး တက်ရောက်ခဲ့ပါသည်။

၂၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ASEAN-CSR Network နှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ရန်ကုန် မြို့၌ ၂၃-၈-၂၀၁၆ ရက်နေ့တွင် Corporate Responsibility and Human Rights: Implementing the UN Guiding Principles ခေါင်းစဉ်ဖြင့် အလွှာပေါင်းစုံမှ ပါဝင်ပတ်သက်သူများ၏ ဖိုရမ်တစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် နေပြည်တော်၌ ၂၅-၈-၂၀၁၆ ရက်နေ့တွင် Corporate Responsibility and Human Rights: Implementing the UN Guiding Principles ခေါင်းစဉ်ဖြင့် အလုပ်ရုံ ဆွေးနွေးပွဲ တစ်ရပ်ကိုလည်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းတို့မှာ စီးပွားရေးနှင့် လူ့အခွင့်အရေးအတွက် United Nations Guiding Principle on Business and Human Rights (Ruggie's Guidline) ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြသည့် ဖိုရမ်ဆွေးနွေးပွဲများ ဖြစ်ပါသည်။

၂၁။ လူမှုဝန်ထမ်းဦးစီးဌာန၏ ဖိတ်ကြားချက်အရ ၂၅-၈-၂၀၁၆ ရက်နေ့မှ ၂၆-၈-၂၀၁၆ ရက်နေ့အထိကျင်းပခဲ့သည့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ အမျိုးသမီးများ လူမှုရေး၊ ကျန်းမာရေးနှင့် စီမံခန့်ခွဲမှု အစရှိသည့် ဆုံးဖြတ်ချက်ချနိုင်သည့် အဆင့်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာ ဆွေးနွေးပွဲသို့ ကော်မရှင်အဖွဲ့ဝင်တစ်ဦး ပါဝင်ပို့ချခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် လူ့အခွင့်အရေး၊ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅၊ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှု၊ အမျိုးသမီးများနှင့် မျိုးဆက်ပွားကျန်းမာရေး အခွင့်အရေး၊ အမျိုးသမီးများနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် အစိုးရဌာနများမှ တာဝန်ရှိသူတို့က ပို့ချဆွေးနွေးခဲ့ကြပါသည်။

၂၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ[၅] တို့ပူးပေါင်း၍ ၃-၁၀-၂၀၁၆ ရက်နေ့မှ ၇-၁၀-၂၀၁၆ ရက်နေ့ထိ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံဥပဒေရေးရာ သတင်းအချက်အလက်စနစ် တည်ထောင်ရေး[၆] သင်တန်းသို့ ကော်မရှင်ရုံး အရာထမ်းတစ်ဦး တက်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ဥပဒေရေးရာ သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ဥပဒေများကို တစ်စုတစ်စည်းတည်း ရှိမည်ဖြစ်သဖြင့် ရှာဖွေအသုံးပြုရန် စသည့်အကြောင်းအရာများကို ပို့ချပေးသည့် သင်တန်းဖြစ်ပါသည်။

၂၃။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်[၇] ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီး ၂၂-၁၂-၂၀၁၆ ရက်နေ့တွင် ပုံနှိပ်ပြီး ဖြန့်ချိရေးအတွက် စီမံဆောင်ရွက်ခဲ့ပါသည်။ (မြန်မာဘာသာပြန်ဆိုပြီးသည့် ICCPR ဘာသာပြန်စာအုပ်များ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ၂၀-၂-၂၀၁၇ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ဝန်ကြီးဌာနများသို့ ဖြန့်ချိခဲ့ပါသည်။)

*********

---

[၅] KOICA

[၆] The Establishment of Myanmar Law Information System

[၇] International Covenant on Civil and Political Rights-ICCPR

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကျင်းပခြင်း

၂၄။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရာရှိများ။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အောက်ဖော်ပြပါ လူ့အခွင့်အရေး ဘာသာရပ် (၈) ရပ်ကို အခြေခံ၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများအား တက်ရောက်သူ ရဲအရာရှိ သင်တန်းသားများမှတဆင့် ရဲတပ်ဖွဲ့အတွင်း ပြန့်ပွားစေရန် ရည်ရွယ်လျက် လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး (၄) ရုံး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးများသို့ ၂၀၁၆ ခုနှစ်အတွင်း အလုပ်ရုံသင်တန်း (၇) ကြိမ်[၈] ဖွင့်လှစ်၍ သွားရောက် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်-

(က) လူ့အခွင့်အရေး အခြေခံ အယူအဆများ၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(ဂ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ကလေးသူငယ် ဥပဒေ၊

(ဃ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊

(စ) ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရား၊

(ဆ) ရဲလက်စွဲအား လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ခြင်း၊ ဥပဒေများ ထုတ်နုတ်၍ သုံးသပ်ခြင်း၊

(ဇ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊

၂၅။ **အကျဉ်းထောင်အရာရှိများ။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် RWI မှ ကျွမ်းကျင်ပညာရှင် Mr.Glenn James Ross နှင့်ပူးပေါင်း၍ အောက်ဖော်ပြပါ လူ့အခွင့်အရေး ဘာသာရပ် (၉) ရပ်ကို အခြေခံပြီး လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ဗဟုသုတများအား သင်တန်းသား အရာရှိများမှတစ်ဆင့် အကျဉ်းဦးစီးဌာနအတွင်း ပြန့်ပွားစေရန် ရည်ရွယ်လျက် အကျဉ်းဦးစီးဌာန၊ အောက်မြန်မာပြည်ရှိ အရာထမ်းများအတွက် ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂-၁၃ ရက်နေ့များ၌လည်းကောင်း အကျဉ်းဦးစီးဌာန၊ အထက်မြန်မာပြည်ရှိ အရာထမ်းများအတွက် မန္တလေးမြို့တွင် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅-၁၆ ရက်နေ့များ၌လည်းကောင်း သွားရောက် ရှင်းလင်းဆွေးနွေးခဲ့ရာ သင်တန်းသား (၅၀) ဦးစီ တက်ရောက်ခဲ့ကြပါသည် -

(က) လူ့အခွင့်အရေး အခြေခံအယူအဆများ၊

(ခ) ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊

(ဂ) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊

[၈] **နောက်ဆက်တွဲ (က)**

(ဃ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊

(င) အကျဉ်းထောင်အက်ဥပဒေ၊ အကျဉ်းထောင်လက်စွဲတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်တို့နှင့် နှိုင်းယှဉ်ချက်၊

(စ) အကျဉ်းထောင် စစ်ဆေးတွေ့ရှိချက်များကို ဆွေးနွေးခြင်း၊

(ဆ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ၊

(ဇ) Standards and Guidelines၊

(ဈ) Basic Prisoner Needs။

**လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်း ဟောပြောပွဲများကျင်းပခြင်း**

၂၆။ ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိအမြင်၊ ဗဟုသုတများ ရရှိစေရန် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများကို ၂၀၁၆ ခုနှစ်အတွင်း ပြည်နယ် (၅) ခုမှ မြို့နယ် (၁၅) ခုတို့ရှိ မြို့ပေါင်း (၂၀) မြို့တွင် ဟောပြောပို့ချခဲ့ပါသည်။ [၉]

**တပ်မတော်စစ်ကျောင်းကြီးများသို့ သွားရောက်ပို့ချခြင်း**

၂၇။ **နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်**။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်း အမှတ်စဉ် (၁၅) သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ သွားရောက်ပို့ချဆွေးနွေးခဲ့ပါသည်။

၂၈။ **စစ်ဦးစီးတက္ကသိုလ်**

(က) ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စစ်ဦးစီးတက္ကသိုလ်သင်တန်း အမှတ်စဉ် (၆၃) သို့ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးတို့ သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

(ခ) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် စစ်ဦးစီးတက္ကသိုလ် သင်တန်းအမှတ်စဉ် (၆၄) သို့ ကော်မရှင်အဖွဲ့ဝင်တစ်ဦး သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

၂၉။ **တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း** [၁၀]

(က) ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ၌ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၇၉) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၉၀) သို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

(ခ) ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့များတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၃၉) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၄၆) သို့ ကော်မရှင်အဖွဲ့ဝင် တစ်ဦး သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

---

[၉] **နောက်ဆက်တွဲ (ခ)**
[၁၀] **နောက်ဆက်တွဲ (ဂ)**

(ဂ) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၈၀)နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၉၁) သို့ ကော်မရှင် အဖွဲ့ဝင်တစ်ဦး သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

(ဃ) ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၄၀) နှင့် ဩဂုတ်လ ၃ ရက်နေ့တွင် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၄၇) သို့ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

(င) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဗထူး) ၌ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၈၁) နှင့် ခြေလျင် တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၉၂) သို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

(စ) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၄၁) နှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၄၈) သို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ သွားရောက်ပို့ချ ဆွေးနွေးခဲ့ပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်များသို့ သွားရောက်ပို့ချခြင်း**

၃၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် ပြုလုပ်သော အောက်ပါသင်တန်းများ တွင် သင်တန်းသားဦးရေ (၁၂၂၀၇) ဦးကို လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ သွားရောက် ရှင်းလင်း ပို့ချခဲ့ပါသည် [၁၁]-

| | | | |
|---|---|---|---|
| (က) | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှု သင်တန်း | ------------ | (၁) ကြိမ်၊ |
| (ခ) | အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်း | ------------------------ | (၁) ကြိမ်၊ |
| (ဂ) | အလယ်အလတ်ဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း | ---------------- | (၆) ကြိမ်၊ |
| (ဃ) | အရာထမ်း အခြေခံသင်တန်း | ------------------------------------- | (၅) ကြိမ်၊ |
| (င) | အရာထမ်းငယ် အခြေခံသင်တန်း | -------------------------------- | (၂) ကြိမ်၊ |
| (စ) | အရာထမ်းလောင်း အခြေခံသင်တန်း | ------------------------------ | (၅) ကြိမ်၊ |
| (ဆ) | စာရေးဝန်ထမ်းအခြေခံသင်တန်း | ---------------------------------- | (၁) ကြိမ်၊ |
| (ဇ) | အခြေခံ ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်း | --------------- | (၄) ကြိမ်၊ |
| (ဈ) | တက္ကသိုလ်/ကောလိပ်ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်း | ------ | (၂) ကြိမ်၊ |
| (ည) | ရဲအရာရှိများ အထူးမွမ်းမံသင်တန်း | -------------------------------- | (၁) ကြိမ်၊ |
| | **စုစုပေါင်း** | ------------------------------------------------------------ | **(၂၈) ကြိမ်** |

[၁၁] **နောက်ဆက်တွဲ (ဃ-၁)၊ (ဃ-၂)**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လုပ်ငန်းအကြိုသင်တန်းများ သွားရောက်ပို့ချခြင်း

၃၁။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်း မင်္ဂလာဒုံတွင် ဖွင့်လှစ်သော အောက်ပါသင်တန်းများသို့ ကော်မရှင်အဖွဲ့ဝင်တစ်ဦး သွားရောက်ပို့ချခဲ့ပါသည် -

(က) ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၄) လုပ်ငန်းအကြိုသင်တန်း အမှတ်စဉ် (၁/ ၂၀၁၆)၊ သင်တန်းသား ၁၂၄ ဦး၊

(ခ) ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၄) လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၂/၂၀၁၆)၊ သင်တန်းသား ၁၄၃ ဦး၊

(ဂ) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့် (၄) လုပ်ငန်းအကြိုသင်တန်းအမှတ်စဉ် (၃/၂၀၁၆)၊ သင်တန်းသား ၁၄၂ ဦး။

## ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာများဖြင့် ဖြန့်ချိခြင်း

၃၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများကို တိုင်းရင်းသားများ ဖတ်ရှုလေ့လာပြီး လူ့အခွင့်အရေးအသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်အတွင်းက ပထမအကြိမ်အဖြစ် ကချင်၊ မွန်နှင့် ရှမ်း ဘာသာများဖြင့် ပြန်ဆိုပြီး ဘာသာစကားတစ်မျိုးလျှင်အုပ်ရေ (၃၀၀၀) စီ ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် အတွင်း၌ ယင်းကချင်၊ မွန်၊ ရှမ်းဘာသာ တစ်မျိုးလျှင် အုပ်ရေ (၁၀၀၀၀) စီ ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ကာ ၁-၄-၂၀၁၆ ရက်နေ့တွင် ဖြန့်ချိခဲ့သည့်အပြင် စကောကရင်ဘာသာ၊ ပိုး (အရှေ့) ကရင်ဘာသာနှင့် ပိုး (အနောက်) ကရင်ဘာသာတို့သို့ ဘာသာပြန်ဆိုပြီး ၂၈-၁၀-၂၀၁၆ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။

မှတ်ချက်။ ယင်းကရင်ဘာသာ ၃ မျိုးဖြင့် ပြန်ဆိုပြီးစာအုပ်များအား မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ၆-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

## စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း

၃၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးတွင် ကော်မရှင်ရုံး ဝန်ထမ်းများ လေ့လာဖတ်ရှု၊ မှီငြမ်း၊ ကိုးကားနိုင်စေရန်အတွက် စာကြည့်တိုက် (Resource Center) တစ်ခု ဖွင့်လှစ်ထားရာ RWI မှပေးပို့လှူဒါန်းထားသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များ၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ကိုးကားနိုင်စေမည့် စာအုပ်များ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များ၊ ဂျာနယ်များကို ဝယ်ယူစုဆောင်းထားရှိရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာဘာသာဖြင့် (၁၂၈၉) အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် (၆၇၅) အုပ်၊ စုစုပေါင်းအုပ်ရေ (၁၉၆၄) အုပ်ရှိပြီး ဖြစ်ပါသည်။ ၎င်းတို့ အနက်မှ အုပ်ရေ (၈၀၀) ခန့်ကို Electronic books များအဖြစ် ပြောင်းလဲထားရှိပြီး ဖြစ်ပါသည်။

၃၄။ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးနှင့် မြှင့်တင်ရေးဆိုင်ရာ သတင်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဝက်ဘ်ဆိုဒ် www.mnhrc.org.mm တွင် အသိပေးဖော်ပြလျက်ရှိပါသည်။

*********

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### စုံစမ်းစစ်ဆေးရေးအဖွဲ့ ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း

၃၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သည့် ကော်မရှင်အဖွဲ့ဝင် ၃ ဦးအား မိမိတို့ဆန္ဒအလျောက်နုတ်ထွက်ခွင့်တင်ခဲ့သဖြင့် နိုင်ငံတော် သမ္မတရုံးမှ နုတ်ထွက်ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကော်မရှင်မျက်နှာစုံညီ အထူးအစည်းအဝေးအမှတ်စဉ် (၁၀/ ၂၀၁၆) တွင် ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့အား လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပြီး လိုအပ်ပါက ဥပဒေအကြံဉာဏ်များပေးရန် ဦးစိုးဘုန်းမြင့်အား တာဝန်ပေးအပ်ခဲ့ပါသည်။

### ၂၀၁၅ ခုနှစ် လက်ကျန်တိုင်တန်းချက်များအား ဆောင်ရွက်မှုအခြေအနေ

၃၆။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၅ ခုနှစ် လက်ကျန်တိုင်တန်းချက် ၃၁၄ မှုအား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အစည်းအဝေးများ ပြုလုပ်၍ ၁၀၈ မှုကို သက်ဆိုင်ရာ ဌာနများသို့ အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းစာ ၁၉ စောင်သည် အချက်အလက် မပြည့်စုံသဖြင့် ကာယကံရှင်များထံ အထောက်အထား တောင်းခံခဲ့ပါသည်။ ၃၆ စောင်နှင့်ပတ်သက်၍ ဥပဒေပုဒ်မ ၃၂ (ဂ) အရ ပိုမိုသင့်လျော်သော နည်းလမ်းဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ဆောင်ရွက်ရန်မလိုသော၊ လုပ်ပိုင်ခွင့်အတွင်း မကျရောက်သော တိုင်တန်းစာ ၁၄၈ စောင်အား မှတ်တမ်းအဖြစ် ထားရှိခဲ့ပါသည်။ တိုင်တန်းစာ ၁ စောင်နှင့်ပတ်သက်၍ တွေ့ဆုံ ဆွေးနွေးရန် လိုအပ်သည်ဟု အဖွဲ့မှ ဆုံးဖြတ်ချက်အရ နစ်နာသူဟု ဖော်ပြထားသူနှင့် စွပ်စွဲခံရသူတို့အား ခေါ်ယူတွေ့ဆုံဆွေးနွေးမေးမြန်းခဲ့ရာ ယင်းတိုင်တန်းချက်သည် ထွက်ဆိုချက်များအရ မှန်ကန်မှုမရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ပြင် ကာယကံရှင်၏ဆန္ဒအရ အမှုပိတ်သိမ်းသွားသည်မှာ ၂ မှု ရှိခဲ့ပါသည်။

### ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိသော တိုင်တန်းချက်များအား ဆောင်ရွက်မှုအခြေအနေ

၃၇။ ၂၀၁၆ ခုနှစ်အတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ လက်ခံရရှိခဲ့သော တိုင်တန်းချက် ၁၀၂၁ စောင် လက်ခံရရှိခဲ့ပါသည်။ ယင်းတိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စိစစ်ပြီး လူ့အခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တိုင်တန်းချက် စောင်ရေ ၄၁၀ ကို စိစစ်ပြီး မှတ်တမ်းတင်ထားရှိခဲ့ပါသည်။ ကျန်ရှိသည့် တိုင်တန်းချက် ၆၁၁ စောင်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့က အစည်းအဝေး ၉၄ ကြိမ်ပြုလုပ်၍ ၃၁၁ မှုကို သက်ဆိုင်ရာဌာနများသို့ အကြောင်း ကြားခဲ့ပါသည်။ [၁၂] ယင်းတို့အနက် တိုင်တန်းချက် ၄၀ စောင်သည် အချက်အလက် မပြည့်စုံသဖြင့် ကာယကံရှင်များထံ အထောက်အထား တောင်းခံခဲ့ပါသည်။ တိုင်တန်းချက် ၁၄၄ စောင်နှင့် ပတ်သက်၍ ဥပဒေပုဒ်မ ၃၂ (ဂ) အရ ပိုမိုသင့်လျော်သော နည်းလမ်းဖြင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ ပါသည်။ တိုင်တန်းစာ ၄ စောင်သည် တွေ့ဆုံဆွေးနွေးရန် လိုအပ်သည်ဟု စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဆုံးဖြတ်ချက်အရ နစ်နာသူဟု ဖော်ပြထားသူများ၊ စွပ်စွဲခံရသူများနှင့် တိုင်တန်းသူတို့


[၁၂] **နောက်ဆက်တွဲ (င)**

အား ခေါ်ယူတွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့ပြီး ၂ မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ အကြောင်းကြားခဲ့ပါသည်။ တစ်မှုကို ပိုမိုသင့်လျော်သော နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး အကြံပေးခဲ့ပြီး၊ တစ်မှုကို နှစ်ဖက်သဘောတူညီချက်အရ ညှိနှိုင်းဖျန်ဖြေခြင်းနည်းဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှ လက်ကျန်အမှု တစ်မှုနှင့် ၂၀၁၆ ခုနှစ်အတွင်း အမှု ၅ မှု စုစုပေါင်း ၆ မှုကို ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ထို့ပြင် ကာယကံရှင်၏ ဆန္ဒအရ အမှုပိတ်သိမ်းသွားသည်မှာ ၃ မှု ရှိခဲ့ပြီး အမှု ၁၀၄ မှုကို မှတ်တမ်းတင်ခဲ့ပါသည်။

**တိုင်တန်းချက်များပါ အမှုအမျိုးအစားများ**


| စဉ် | အကြောင်းအရာ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မြေယာသိမ်းဆည်းမှုနှင့်ဆိုင်သောကိစ္စ | ၉၄၄ | ၆၂၆ | ၂၇၄ | **၁၈၄၄** |
| ၂ | တရားရေးနှင့်ဆိုင်သောကိစ္စ | ၁၆၆ | ၁၄၁ | ၈၀ | **၃၈၇** |
| ၃ | ဝန်ထမ်းရေးရာနှင့်ဆိုင်သောကိစ္စ | ၁၄၇ | ၉၂ | ၃၆ | **၂၇၅** |
| ၄ | ရဲနှင့်ဆိုင်သောကိစ္စ | ၈၆ | ၇၃ | ၄၃ | **၂၀၂** |
| ၅ | မြို့နယ်/ကျေးရွာအုပ်ချုပ်ရေးမှူးဆိုင်ရာကိစ္စ | ၉၆ | ၅၃ | ၂၄ | **၁၇၃** |
| ၆ | ငွေကြေးနှင့်ဆိုင်သောကိစ္စ | ၄၄ | ၃၆ | ၂၅ | **၁၀၅** |
| ၇ | စည်ပင်နှင့်ဆိုင်သောကိစ္စ | ၄၂ | ၄၄ | ၁၅ | **၁၀၁** |
| ၈ | အမျိုးသမီး၊ အလုပ်သမားနှင့် သာသနာရေးဆိုင်ရာကိစ္စ | ၂၇ | ၄၄ | ၁၉ | **၉၀** |
| ၉ | အကြမ်းဖက်၊ အကျဉ်းထောင်နှင့် လူကုန်ကူးဆိုင်ရာကိစ္စ | ၃၂ | ၁၃ | ၁၅ | **၆၀** |
| ၁၀ | အခြားကိစ္စ | ၂၅၅ | ၁၆၅ | ၈၀ | **၅၀၀** |
| **စုစုပေါင်း** | | **၁၈၃၉** | **၁၂၈၇** | **၆၁၁** | **၃၇၃၇** |

၃၈။ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လက်ခံစိစစ်ခဲ့သော တိုင်တန်းချက်များမှာ ၃၇၃၇ မှုရှိကာ ၎င်းတို့အား အမျိုးအစားခွဲခြား ကြည့်ရှုမည်ဆိုပါက မြေယာသိမ်းဆည်းမှုနှင့်ဆိုင်သော ကိစ္စမှာ ၁၈၄၄ မှုဖြစ်ပြီး ၃ နှစ်အတွင်း လက်ခံစိစစ်ခဲ့သည့် တိုင်တန်းချက်များ၏ ၄၉.၃၄% ဖြစ်ကြောင်း တွေ့ရပါသည်။ တရားရေးနှင့်ဆိုင်သောကိစ္စမှာ ၃၈၇ မှုဖြစ်၍ ဒုတိယအများဆုံး အမှုအမျိုးအစားဖြစ်ပြီး ၃ နှစ်အတွင်း လက်ခံစိစစ်ခဲ့သည့် တိုင်တန်းချက်များ၏ ၁၀.၃၅% ဖြစ်ပါသည်။ ဝန်ထမ်းအခွင့်အရေးနှင့် ဆိုင်သောအမှုမှာ ၂၇၅ မှုဖြစ်ပြီး ၇.၃၆ % ဖြစ်ပါသည်။ ရဲနှင့်ဆိုင်သော အမှုမှာ ၂၀၂ မှုဖြစ်ပြီး ၅.၄ % ရှိပါသည်။



၃၉။ ၃ နှစ်အတွင်း လက်ခံရရှိခဲ့သော တိုင်တန်းချက်အရေအတွက် စုစုပေါင်းသည် ရာခိုင်နှုန်းအားဖြင့် ၂၀၁၄ ခုနှစ်တွင် ၁၈၃၉ မှု၊ ၂၀၁၅ ခုနှစ်တွင် ၁၂၈၇ မှု ၂၀၁၆ ခုနှစ်တွင် ၁၀၂၁ မှုဖြစ်ရာ တိုင်တန်းစာအရေအတွက် ကျဆင်းလာသည်ကို တွေ့ရှိရပါမည်။ ထိုကဲ့သို့ အရေအတွက် ကျဆင်းလာသည့်အပြင် တိုင်တန်းချက် စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစနစ်ကို ယခင်နှစ်များနှင့်မတူ ပုံစံပြောင်းလဲကျင့်သုံး၍ တိုင်တန်းချက်ဟု သတ်မှတ်ခြင်းမပြုမီ ဝင်စာများကို လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး လူ့အခွင့်အရေးနှင့် သက်ဆိုင်သည်ဟု ယူဆရသည့်စာများကိုသာ မှတ်ပုံတင် ရေးသွင်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စိစစ်ကြားနာခဲ့သည့်အတွက် အမှန်တကယ် စိစစ်အရေးယူ ဆောင်ရွက်ခဲ့သော အမှုမှာ ၆၁၁ မှုသာ ရှိခဲ့ပါသည်။ ယင်း ၆၁၁ မှုအနက် စွပ်စွဲတိုင်ကြားခံရသူများကို လေ့လာရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ ၁၈၇ စောင်၊ တရားစီရင်ရေးနှင့်ပတ်သက်၍ ၈၀ စောင်၊ တပ်မတော်နှင့်ပတ်သက်၍ ၅၈ စောင်၊ ရဲတပ်ဖွဲ့နှင့်ပတ်သက်၍ ၅၀ စောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်၍ ၄၇ စောင်၊ စီးပွားရေးလုပ်ငန်း ကုမ္ပဏီများနှင့်ပတ်သက်၍ ၄၁ စောင်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ၁၆ စောင်၊ လူပုဂ္ဂိုလ် အချင်းချင်းတိုင်ကြားမှု ၁၃၂ စောင် ရှိကြောင်း တွေ့ရှိရပါသည်။

**တိုင်ကြားခံရသည့်အဖွဲ့အစည်းများ**




၄၀။ မြေယာအငြင်းပွားမှုနှင့်ပတ်သက်၍ တိုင်တန်းစာ ၂၇၄ စောင်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများမှ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအဆင့် တာဝန်ရှိသူများအပေါ် မကျေနပ်သဖြင့် တိုင်တန်းသည့်စာ ၉၈ စောင်ရှိပါသည်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများအပေါ် ကျေနပ်မှု မရှိသဖြင့် တိုင်တန်းစာ ၃၅ စောင်၊ တပ်မတော်မှ မြေသိမ်းဆည်းမှုများကြောင့် တိုင်တန်းစာ ၃၈ စောင်၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက အစိုးရနှင့်ပေါင်း၍ မြေသိမ်းဆည်းသည်ဟု စွပ်စွဲသည့်စာ ၂၆ စောင်၊ ငြိမ်းချမ်းရေးယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက မြေသိမ်းဆည်းသည်ဟု စွပ်စွဲသည့်စာ ၉ စောင်၊ အရပ်ဘက်အဖွဲ့အစည်းများသို့ စွပ်စွဲသည့်စာ ၂ စောင်၊ ပုဂ္ဂလိက

အချင်းချင်းတိုင်တန်းစာ ဖ၅ စောင်နှင့် ပြည်ခိုင်ဖြိုးပါတီမှ မြေသိမ်းဆည်းခြင်းနှင့် ပတ်သက်သည့် တိုင်တန်းစာ ၁ စောင်တို့ ပါဝင်ပါသည်။ [၁၃]

၄၁။ တရားရေးနှင့် ပတ်သက်သည့် တိုင်တန်းစာ ၈၀ စောင်တွင် တရားရုံး၏လုပ်ဆောင်ချက်နှင့် ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသဖြင့် တိုင်တန်းသည့် စာများမှာ တရားစီရင်ဆဲ ၅၀ စောင်အနက် ၉ စောင်နှင့် တရားစီရင်ဆုံးဖြတ်ပြီးသည့် အမှု ၃၀ အနက် ၄ စောင်ဖြစ်ကြောင်း တွေ့ရပါသည်။ တရားရုံး ဆုံးဖြတ်ချက်နှင့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် မကျေနပ်သဖြင့် တိုင်တန်းစာ တစ်စောင်၊ တရားရုံးဆုံးဖြတ်ချက်နှင့် စည်ပင်သာယာ၏ လုပ်ဆောင်ချက်အပေါ် မကျေနပ်သဖြင့် တိုင်တန်းစာတစ်စောင်နှင့် တရားလွှတ်တော်ရှေ့နေများ၏ လုပ်ဆောင်ချက်အပေါ် မကျေနပ်သဖြင့် တိုင်တန်းစာတစ်စောင်တို့ ပါဝင်ပါသည်။

## ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော ပြန်ကြားစာများအား ဆောင်ရွက်မှုအခြေအနေ

၄၂။ ၂၀၁၆ ခုနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံမှ ပြန်လည်ပေးပို့သော ပြန်ကြားစာစုစုပေါင်းမှာ ၄၅၆ စောင် [၁၄] ဖြစ်ပြီး ယင်းပြန်ကြားစာများတွင် ၂၀၁၆ ခုနှစ်မတိုင်မီက ပေးပို့ထားသည့် စာများအပေါ် ပြန်ကြားစာ ၂၉၁ စောင်နှင့် ၂၀၁၆ ခုနှစ်အတွင်း ပေးပို့ထားသည့် စာများအပေါ် အကြောင်းပြန်ကြားသည့် ပြန်ကြားစာ ၁၆၅ စောင်တို့ ဖြစ်ပါသည်။ ယင်းတို့အနက် ပြန်ကြားချက်အချို့သည် ပြည့်စုံမရှိသဖြင့် ထပ်မံပေးပို့ခဲ့ရသည်မှာ ၄၅ စောင် ရှိပါသည်။ [၁၅] ပြည့်စုံမှန်ကန်မှုရှိသည့် ပြန်ကြားစာ ၃၃၅ စောင်ကို တိုင်တန်းသူများထံသို့ ဆက်လက်အသိပေး အကြောင်းကြားခဲ့ပါသည်။ အထက်ဌာနကြီးများသို့ တိုင်တန်းပြီး ကော်မရှင်သို့ မိတ္တူပေးသည့် စာ ၇၆ စောင်ကို မှတ်တမ်းတင်ထားရှိခဲ့ပါသည်။

## ၂၀၁၅ ခုနှစ် လက်ကျန် ပြည်ပတိုင်တန်းချက်များအား ဆောင်ရွက်မှုအခြေအနေ

၄၃။ ၂၀၁၅ ခုနှစ် လက်ကျန်တိုင်တန်းချက် ၈၂၀ စောင်အား ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း စိစစ်၍ ၁၃၇ စောင်ကို သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ပါသည်။ ယင်း အစောင် ၈၂၀ စောင်တွင် ပုဒ်မ ၆၆ (ဃ) အရ အရေးယူခံထားရသော မချောစန္ဒီထွန်းနှင့် ပတ်သက်သည့်စာ ၁၈၆ စောင်၊ ရွှေပြည်သာစက်မှုဇုန်မှ အလုပ်သမားများလုပ်အားခ ပိုမိုရရှိရေး ဆန္ဒပြမှုတွင် ပါဝင်ခဲ့သော မောင်နိုင်ဇော်ကြည်ဝင်းပါ ၄ ဦးနှင့် ပတ်သက်သည့်စာ ၁၂၂ စောင်၊ လက်ပံတန်း ကျောင်းသား ခေါင်းဆောင် ကိုနန္ဒစစ်အောင်နှင့် ပတ်သက်သည့်စာ ၈၆ စောင်၊ တပ်မတော်ကို အသရေဖျက်သည့် ဓါတ်ပုံကို လူမှုကွန်ယက်မှ ဖြန့်ဝေခဲ့သဖြင့် ဖမ်းဆီးခံခဲ့ရသော ပက်ထရစ် ခွန်ဂျာလီနှင့် ပတ်သက်သည့်စာ ၇၉ စောင်၊ လက်ပံတန်း ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်၊ ကိုလင်းထက်နိုင်တို့နှင့် ပတ်သက်သည့်စာ ၇၆ စောင်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အဓိကရုဏ်းတွင် ဒေါ်ခင်ဝင်းသေဆုံးခဲ့မှုအပေါ် ဆန္ဒပြခဲ့ကြသော နော်အုန်းလှပါ ၇ ဦးတို့နှင့် ပတ်သက်သည့်စာ ၇၀ စောင်၊ The Movement for Democratic Current Force (MDCF) မှ ဆန္ဒပြသူ ကိုသိန်းအောင်မြင့်ပါ ၄ ဦး

---

[၁၃] **နောက်ဆက်တွဲ (စ)**

[၁၄] **နောက်ဆက်တွဲ (ဆ)**

[၁၅] **နောက်ဆက်တွဲ (ဇ)**

တို့နှင့် ပတ်သက်သည့်စာ ၆၂ စောင်၊ လက်ပံတန်း ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုနှင့် ပတ်သက်သည့်စာ ၄၀ စောင်၊ ကိုထင်ကျော်နှင့် ကိုနောင်နောင်တို့နှင့် ပတ်သက်သည့်စာ ၄၀ စောင်၊ Unity သတင်းဂျာနယ်မှ ကိုလူမော်နိုင်ပါ ၄ ဦးတို့နှင့် ပတ်သက်သည့်စာ ၂၇ စောင်၊ ဒေါက်တာ မြတ်နုခိုင်နှင့် ပတ်သက်သည့်စာ ၂၄ စောင်၊ ချောင်းဦးမြို့နယ်တွင် ကျင်းပသော စာပေ ဟောပြောပွဲ တွင် ဗုဒ္ဓဘာသာကို စော်ကားသည့်ပြောဆိုမှု ပြုလုပ်ခဲ့သည့်အတွက် ဖမ်းဆီးခံရသည့် ကိုထင်လင်းဦး နှင့်ပတ်သက်သည့်စာ ၈ စောင် စသည်ဖြင့် ကိစ္စရပ်တစ်ခုအတွက် စောင်ရေပေါင်းများစွာ တိုင်ကြား ခြင်းကြောင့် အရေအတွက်များနေခြင်းဖြစ်သည်ကို တွေ့ရပါသည်။ ယင်းတိုင်တန်းချက်များအား သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ပြီး ယင်းဌာနများ၏ ပြန်ကြားချက်များကို တိုင်တန်းသူများသို့ အသိပေးခဲ့ပါသည်။ ကော်မရှင်သို့ မိတ္တူပေးပို့သည့် စာ ၇၆ စောင်ကို မှတ်တမ်း တင်ထားခဲ့ပါသည်။

## ၂၀၁၆ ခုနှစ်အတွင်း ပြည်ပတိုင်တန်းချက်များအား ဆောင်ရွက်မှု အခြေအနေ

၄၄။ ၂၀၁၆ ခုနှစ်အတွင်း ပြည်ပတိုင်တန်းချက်များတွင် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့်စပ်လျဉ်း၍ ပြည်ပရှိ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာ ခွင့်ကဲ့သို့သော အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ စိတ်ဝင်စားကြသော နိုင်ငံတကာ မှ Campaign Letter များဖြင့် ပေးပို့သည့်စာများ ပါဝင်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိသော ပြည်ပတိုင်တန်းချက်မှာ ၁၂၇၄ စောင်ရှိပြီး ယင်းတို့အနက် လက်ပံတန်း ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်၊ ကိုလင်းထက်နိုင်တို့နှင့် ပတ်သက်သည့်စာ ၇၅၁ စောင်၊ ပုဒ်မ ၆၆ (ဃ) အရ အရေးယူခံထားရသော မချောစန္ဒီထွန်းနှင့် ပတ်သက်သည့်စာ ၂၈၃ စောင်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၂ (၁) အရ ဦးဂမ္ဘီရ (ခ) ဦးညီညီလွင်နှင့် ပတ်သက်သည့်စာ ၁၁၅ စောင်၊ Unity သတင်းဂျာနယ်မှ ကိုလူမော်နိုင်ပါ ၄ ဦးတို့နှင့် ပတ်သက် သည့်စာ ၅၆ စောင်၊ ဒေါက်တာမြတ်နုခိုင်နှင့် ပတ်သက်သည့်စာ ၃၀ စောင်၊ တပ်မတော်ကို အသရေ ဖျက်သဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသော ပက်ထရစ်ခွန်ဂျာလီနှင့် ပတ်သက်သည့် စာ ၈ စောင်၊ ကိုထင်ကျော် နှင့် ပတ်သက်သည့်စာ ၁၂ စောင်၊ လက်ပံတန်း ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုနှင့် ပတ်သက်သည့် စာ ၃ စောင်၊ Veneer Plywood Myanmar Private Ltd မှ ဆန္ဒပြလုပ်သား ၁၅ ဦးနှင့်ပတ်သက်သည့် စာ ၁၃ စောင် စသည်ဖြင့် ကိစ္စရပ်တစ်ခုအတွက် စောင်ရေပေါင်းများစွာ တိုင်ကြားခြင်းကြောင့် အရေအတွက် များနေခြင်းဖြစ်သည်ကို တွေ့ရပါသည်။ အမှု ကိစ္စရပ်တစ်ခု အတွက် တိုင်တန်းချက် ၁ စောင်သာ ပေးပို့သောစာ ၃ စောင်သာ ရှိပါသည်။ ယင်းတို့ အနက် ၄၈ စောင်ကို သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ပြီး ၈၇၅ စောင်ကို စုံစမ်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ပြီးစီးမှု ပြန်ကြားချက်များအား email ပါရှိ သော လိပ်စာများသို့ အကြောင်းကြားခဲ့ပါသည်။ စာ ၃၅၁ စောင်ကိုမူ မှတ်တမ်းထားရှိခဲ့ပါသည်။

မှတ်ချက်။ (၁) အထက်ပါ တိုင်တန်းချက်များတွင် ပါရှိသောသူများအနက် လွတ်မြောက်သွားသူများ၏ အခြေအနေကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်းအပါအဝင် တိုင်တန်း သည့် ဌာနများသို့ ပြန်ကြားခဲ့ပါသည်။ [၁၆]

[၁၆] **နောက်ဆက်တွဲ (ဈ)**

(၂) အထက်ပါ တိုင်တန်းချက်များအနက် အချို့ ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အကျဉ်းထောင် အတွင်း လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ နေထိုင်ခွင့်ရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း အပါအဝင် တိုင်တန်း သည့် ဌာနများသို့ ပြန်ကြားခဲ့ပါသည်။ [၁၇]

## တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများ

၄၅။ ၂၀၁၆ ခုနှစ်အတွင်း တိုင်တန်းသူနှင့် တိုင်တန်းခံရသူတို့အား ကော်မရှင်ရုံးသို့ ဖိတ်ခေါ်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြေဂရန်လျှောက်ထားမှု ကိစ္စတွင် နစ်နာနေကြောင်း တိုင်တန်းခြင်းနှင့် စပ်လျဉ်း၍ တိုင်တန်းသူနှင့် တိုင်တန်းခံရသူတို့အား ၃-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင်သို့ ခေါ်ယူတွေ့ဆုံ ညှိနှိုင်းခဲ့ပြီး အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြေဂရန် လျှောက်ထားရာ တွင် တိုင်တန်းသူကို ထည့်သွင်းစဉ်းစားပေးပါရန် ရန်ကုန်မြို့တော် စည်ပင်သာယာ ရေး ကော်မတီသို့ မေတ္တာရပ်ခံ အကြောင်းကြား စာပေးပို့ခဲ့ပါသည်။ ၁၉-၁၀-၂၀၁၆ ရက်စွဲပါစာဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဆက်သွယ်ဆောင်ရွက်စေရန် စာထုတ်ပြီး ဖြစ်ပါသည်။

မှတ်ချက်။ ၂၄-၃-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အမှုတွဲများ တောင်းဆိုလာသဖြင့် ပေးပို့ပြီး ဖြစ်ပါသည်။

(ခ) တပ်မတော်မှ သိမ်းဆည်းထားသည်ဟု အကြောင်းပြ၍ ၎င်းပိုင်ဆိုင်သော မြေများ အား ရယူထားကြောင်း တိုင်တန်းသည့်ကိစ္စနှင့် စပ်လျဉ်း၍ ၃-၆-၂၀၁၆ ရက်နေ့တွင် တိုင်တန်းခံရသူနှင့် ၁၀-၆-၂၀၁၆ ရက်နေ့တွင် တိုင်တန်းသူတို့အား တွေ့ဆုံညှိနှိုင်း ခဲ့ပြီးနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အကြောင်း ကြား စာပေးပို့ခဲ့ပါသည်။ တိုင်တန်းခံရသူမှာ အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သဖြင့် စိစစ်ဆောင်ရွက်ဖြေရှင်းပေး ရန် ၂၉-၇-၂၀၁၆ ရက်နေ့တွင် အကြောင်းကြားထားပါသည်။

မှတ်ချက်။ အစီရင်ခံစာရေးသားသည့် အချိန်ထိ ပြန်ကြားမလာသေးသဖြင့် ၂၆-၄-၂၀၁၇ ရက်နေ့ တွင် ထပ်မံအကြောင်းကြားထားပါသည်။

(ဂ) လုပ်ငန်းများ မပြီးစီးမီ လုပ်ငန်းရပ်ဆိုင်းခံခဲ့ရသည့်အပြင် လုပ်ငန်းအတွက် အသုံး ပြုခဲ့သည့် ငွေကြေးများကိုလည်း အပြည့်အဝ မပေးချေကြောင်း တိုင်တန်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ ၈-၇-၂၀၁၆ ရက်နေ့တွင် တိုင်တန်းသူအား တွေ့ဆုံခဲ့ပြီး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ကြရာမှ ပြဿနာဖြစ်ပွားခြင်းသည် လူ့အခွင့်အရေးနှင့် တိုက်ရိုက်ပတ်သက်ဆက်နွယ်မှု မရှိကြောင်းနှင့် ရရန်ပေးရန်ဖြစ်သည့် ငွေကြေးကိစ္စ များအတွက် တရားရေးလမ်းကြောင်းဖြင့်ဖြစ်စေ၊ အချင်းချင်း ပြန်လည်ညှိနှိုင်း၍ ဖြစ်စေ ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။

(ဃ) ရန်ကုန်မြို့၊ လမ်း (၄၀)၊ အထက်ဘလောက်၊ အမှတ် (၂၆၈)၊ မြေညီထပ် အင်းဝ အပ်ချုပ်ဆိုင် ပိုင်ရှင်၏ နေအိမ်တွင် အလုပ်လုပ်ကိုင်သော အိမ်အကူ မိန်းကလေး ၂

[၁၇] **နောက်ဆက်တွဲ (ည)**

ဦးမှာ နေ့စဉ်နှိပ်စက်ခံနေရကြောင်း တိုင်တန်းချက်အပေါ် ၁၅-၉-၂၀၁၆ ရက်နေ့တွင် တိုင်တန်းသူနှင့် တိုင်တန်းခံရသူ နှစ်ဦးနှစ်ဘက်အား ကော်မရှင်ရုံးသို့ ခေါ်ယူ၍ တာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေး ညှိနှိုင်းပေးခဲ့ပါသည်။

မှတ်ချက်။ (၁) ကာယကံရှင် နှစ်ဦးနှစ်ဘက်တို့ ညှိနှိုင်းပြီး ၎င်းတို့ဆန္ဒအလျောက် ကျောက်တံတား မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် နစ်နာကြေးပေးအပ်ခြင်း၊ လက်ခံခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။

(၂) ယင်းကိစ္စနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် (၄) ဦးသည် ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်ခွင့် တင်သွားခဲ့ပါသည်။

## ၂၀၁၆ ခုနှစ်အတွင်း တိုင်တန်းချက်များအပေါ် ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများ

၄၆။ ၂၀၁၆ ခုနှစ်အတွင်း တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ကွင်းဆင်းစုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်-

(က) အလုပ်သမားများကို မတရား ညှဉ်းပန်းနှိပ်စက်သည်ဟု တိုင်တန်းသည့်အတွက် ၂၆-၂-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ စက်မှုဇုန်ရှိ ရာရှင်းသံမဏိ၊ သံရည်ကျို စက်ရုံသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး အစီရင်ခံစာကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ သံမဏိ၊ သံရည်ကျို၊ ခဲ၊ သတ္တုလုပ်ငန်း အလုပ်သမား အဖွဲ့အစည်းနှင့် ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံတို့သို့ အောက် ဖော်ပြပါအချက်များ အပါအဝင် အကြံပြုချက်များကို ပေးပို့ခဲ့ပါသည် -

(၁) အလုပ်ချိန်တစ်နေ့ ၈ နာရီထက်ကျော်လွန် မခိုင်းစေသင့်ကြောင်းနှင့် အချိန်ပို ဆင်းရပါက သတ်မှတ်ထားသော အချိန်ပိုလုပ်ခ ပေးသင့်ပါသည်၊

(၂) အလုပ်ရှင်က အလုပ်သမားများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်သင့်ပါသည်၊

(၃) အလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးသင့်ပါသည်၊

(၄) စက်ရုံအတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သတိပေးမှု ဆောင်ရွက် သင့်ပါသည်။

မှတ်ချက်။ ကော်မရှင်၏ အကြံပြုချက်ပါအတိုင်း လိုက်နာဆောင်ရွက်မှု ရှိ မရှိကို ရန်ကုန်တိုင်း ဒေသကြီး အလုပ်ရုံနှင့် အလုပ်သမား စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းကို ၂၀၁၆ ခုနှစ်၊ မေလ၊ ၃ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာဖြစ်သော Global News Light of Myanmar တွင် ဖော်ပြပါရှိခဲ့ပါသည်။ (၂၀၁၅ ခုနှစ်မှ လက်ကျန်အမှု ဖြစ်ပါသည်။)

(ခ) တာဝန်ရှိသူများက တည်ဆဲဥပဒေ ချိုးဖောက်နေကြောင်း တိုင်တန်းစာနှင့် စပ်လျဉ်း ၍ ၂၆-၄-၂၀၁၆ ရက်နေ့တွင် တိုင်တန်းသူ ဦးမြင့်စိုး (ပါ ) (၁၁) ဦးအား တွေ့ဆုံ ဆွေးနွေးညှိနှိုင်းခဲ့ပြီး၊ အဆိုပါအခင်းဖြစ်ပွားရာ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထို မြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုသို့ ၅-၅-၂၀၁၆ ရက်နေ့တွင် ကွင်းဆင်းစုံစမ်းစစ်ဆေး ခဲ့ပါသည်။ ကွင်းဆင်းစုံစမ်းစစ်ဆေးမှု တွေ့ရှိချက်နှင့် အောက်ဖော်ပြပါ အကြံပြု

တိုက်တွန်းချက်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီး ဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့သို့ အောက်ဖော်ပြပါ အချက်များ အပါအဝင် အကြံပြုချက်များကို ပေးပို့ခဲ့ပါသည် -

(၁) မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အခင်းဖြစ်ပွားရာ မြေများနှင့်ပတ်သက်၍ မြေကွက်နေရာချထားရေးကော်မတီ ဖွဲ့စည်းခြင်း၊ ရှင်းလင်းပြတ်သားသော မြေကွက်နေရာချထားရေး မူဝါဒများချမှတ်ခြင်းနှင့် ပွင့်လင်းမြင်သာစွာ မြေကွက်ချထားပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်၊

(ယင်းအကြံပြုချက်နှင့် စပ်လျဉ်း၍ ပေးပို့ထားသည့်ဌာနများမှ အကြောင်းပြန်ကြားလာခြင်း မရှိပါ။)

(၂) အခင်းဖြစ်ပွားရာ နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ရရှိစေရန်အတွက် ကျိုက်ထိုမြို့နယ် တရားရုံးအနေဖြင့် ဤကိစ္စနှင့်ပတ်သက်၍ လက်ခံစစ်ဆေးလျက်ရှိသော အမှုများကို ဦးစားပေး စစ်ဆေးစီရင်သင့်ပါသည်၊

(၃) ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် ဤကိစ္စနှင့်ပတ်သက်၍ ရဲစခန်းတွင် ဖွင့်လှစ်ထားသော အမှုများအား ကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ပြီး ဆောလျင်စွာ တရားစွဲဆိုနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

မှတ်ချက်။ အကြံပြုချက် (၁) မှလွဲ၍ ကျန်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သက်ဆိုင်ရာဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ကော်မရှင်သို့ ပြန်လည်ပေးပို့ အကြောင်းကြားခဲ့ပါသည်။ [၁၈]

(ဂ) အပြစ်မဲ့ရွာသား ၂ ဦး အား တပ်မတော်အရာရှိတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သည့် ကိစ္စ တိုင်တန်းခြင်းအတွက် ၁၂-၅-၂၀၁၆ ရက်နေ့တွင် တိုင်တန်းသူ (လူ့အခွင့်အရေးနှင့် တရားမျှတရေး စွမ်းဆောင်သူများအဖွဲ့မှ ဒါရိုက်တာ) ဦးဂျင်မီအား ကော်မရှင်ရုံးသို့ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့ပြီး ၁၇-၅-၂၀၁၆ ရက်နေ့မှ ၂၀-၅-၂၀၁၆ ရက်နေ့အထိ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့၊ မန်းကျည်းချောင်းဝကျေးရွာသို့ ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ပါသည်။ တွေ့ရှိချက်များကို ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ရာ သေနတ်ဖြင့် မှားယွင်းပစ်ခတ်ခဲ့သူ တပ်မတော်အရာရှိအား အကျဉ်းစစ်တရားရုံးချုပ်ဖြင့် စစ်ဆေးစီရင်ခဲ့ပြီး ရှုတ်ချ၍ အမြဲတမ်း ထုတ်ပစ်စေရန်၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ်ကို နယ်ဘက်အကျဉ်းထောင်တွင် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ပြန်ကြားလာခဲ့ပါသည်။

(ဃ) ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ဘာသာရေးပဋိပက္ခနှင့်စပ်လျဉ်း၍ ၂၈-၆-၂၀၁၆ ရက်နေ့တွင် အခင်းဖြစ်ပွားရာ ကျေးရွာသို့ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး ကော်မရှင်

---

[၁၈] **နောက်ဆက်တွဲ (ဠ)**

website တွင် သတင်းရေးသား ထုတ်ပြန်ခဲ့သည့်အပြင် အစီရင်ခံစာအား သမ္မတ ဦးစီးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သို့ အောက်ပါ အချက်များပါဝင်သော အကြံပြု တိုက်တွန်းချက်များကို ပေးပို့ခဲ့ပါသည်-

(၁) အများစု၏ဆန္ဒအတိုင်း လိုက်နာဆောင်ရွက်ကြသကဲ့သို့ အနည်းစု၏ဆန္ဒကို လည်း အလေးထားစဉ်းစားပေးသော ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ကို လိုက်နာခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရန် ပြုစုပျိုးထောင်သင့်ပါသည်၊

(၂) တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုပျက်ပြားစေပြီး အထင်အမြင် လွဲမှားစေသည့် အမုန်းစကားများကို လူမှုကွန်ယက်အပါအဝင် နည်းမျိုးစုံဖြင့် ပြောဆိုလှုံ့ဆော်နေမှုများအား ရှောင်ကြဉ်သင့်ပါသည်၊

(၃) ပြစ်မှု ကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်၍ တရားဥပဒေနှင့်အညီ အရေးယူသင့်ပါသည်၊

(၄) ရပ်ကွက်ကျေးရွာ အဆင့်ထိ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ သွေးစည်း ညီညွတ်ရေး အဖွဲ့အစည်းများ ဖွဲ့စည်း၍ စဉ်ဆက်မပြတ် ထိတွေ့ကာ ငြိမ်းချမ်း စွာ အတူယှဉ်တွဲနေထိုင်ရေး ဆောင်ရွက်သင့်ပါသည်။

မှတ်ချက်။ အဆိုပါ အကြံပြု တိုက်တွန်းချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သက်ဆိုင်ရာ ဌာနများမှ အကြောင်းပြန်ကြားလာခဲ့ပါသည်။ [၁၉]

(င) ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြာကန်ကွင်းပေါက် အမှတ် (၄/၅/၆) ပေါ်တွင် ဖြစ်ပွားခဲ့သော မြေယာအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ၁၃-၁၂-၂၀၁၆ ရက်နေ့မှ ၁၆-၁၂-၂၀၁၆ ရက်နေ့ထိ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေး ရေးအဖွဲ့သည် အဆိုပါအခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ပြီး တွေ့ရှိ ချက်၊ သုံးသပ်ချက်နှင့် အောက်ပါအကြံပြုချက်များကို သမ္မတဦးစီးရုံးသို့ ပေးပို့ တင်ပြခဲ့သည့်အပြင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဌာန နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သို့ ပေးပို့ခဲ့ပါသည်-

(၁) သစ်တောဧရိယာမှ (၄၂၉၉.၆၉) ဧကအား သစ်တောကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်နိုင်ရေး အမြန်ဆောင်ရွက်ရန်၊

(၂) ဒီရေတောအဖြစ် အောင်မြင်မှု မရရှိခဲ့သော ရွှံ့ကျွန်းသာ သစ်တောကြိုးဝိုင်း အား သစ်တောမြေအဖြစ်မှ စွန့်လွှတ်ရန်၊

(၃) ထိုကဲ့သို့ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးပါက ဒေသတွင်းရှိ လယ်သမား များသို့ မျှတစွာ မြေယာခွဲဝေပေးရန်၊

---

[၁၉] **နောက်ဆက်တွဲ (ဌ)**

(၄) ရွေ့ကျွန်းသာကျွန်းပေါ်တွင် ဥပဒေမဲ့လုပ်ရပ်များ ထပ်မံဖြစ်ပွားခြင်း မရှိစေရေးအတွက် လုံခြုံရေးကို အပြည့်အဝ တာဝန်ယူ ဆောင်ရွက်ပေးရန်၊

(၅) လက်ရှိ ကျူးကျော်လယ်သမားများက စပါးပင်များ ဖြစ်ထွန်းသည်အထိ စိုက်ပျိုးနေခြင်းကို တားမြစ်နိုင်ခြင်းမရှိသည့် သို့မဟုတ် အားပေးအားမြှောက်ပြုသည့် သို့မဟုတ် တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဖော်ထုတ်၍ ထိရောက်စွာ အရေးယူရန်၊

(၆) တားမြစ်ထားသည့်ကြားမှ လိုက်နာမှုမရှိဘဲ စပါးစိုက်ပျိုးခဲ့သော ကျူးကျော်လယ်သမားများအား ဥပဒေအရ အရေးယူခြင်း ပြုလုပ်နေသည့် တစ်ချိန်တည်းမှာပင် **၎င်းတို့ စိုက်ပျိုးထားသည့် စပါးခင်းများအား ၎င်းတို့ကို ရိတ်သိမ်းခွင့်ပြုပေးရန်၊**

(၇) လက်ရှိ ရိတ်သိမ်းပြီး စပါးများကို မူလစိုက်ပျိုးထားသည့် လယ်သမားများသို့ မှန်ကန်စွာ ပြန်လည်ခွဲဝေပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန်။

**မှတ်ချက်**

- နိုင်ငံတော်သမ္မတရုံးမှလည်း ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များအပေါ် မူတည်၍ ဆောင်ရွက်ရန် ၉-၁-၂၀၁၇ ရက်စွဲပါစာဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့သို့ လမ်းညွှန် အကြောင်းကြားခဲ့ပါသည်။
- ကော်မရှင်မှလည်း ယင်းဌာနများသို့ ကော်မရှင်၏အကြံပြုချက်များအပေါ် ဆောင်ရွက် ပြီးစီးမှုအခြေအနေများအား ပြန်ကြားပေးနိုင်ပါရန် ညှိနှိုင်းမေတ္တာရပ်ခံစာကို ၁၇-၂-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့ အကြောင်းကြားခဲ့ပါသည်။
- ယင်းကိစ္စနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ရက်စွဲပါစာဖြင့် အိမ်ခြေ (၅၀) အောက် (ပြန့်ကျဲ) ဧရိယာစာရင်းကောက်ယူပြီး မြေ ၂၀၃၄.၆၇ ဧကအတွက်သာ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားလာပါသည်။ ကျန်ဌာနများအနေဖြင့် ဆောင်ရွက်ပြီးစီးမှု ပြန်ကြားလာခြင်း မရှိသေးသဖြင့် ယင်းဌာနများသို့ ထပ်မံအကြောင်းကြား မေတ္တာရပ်ခံထားရှိပါသည်။
- ယခုအစီရင်ခံစာ ရေးသားချိန်ထိ ပြန်ကြားခြင်းမရှိသေးသဖြင့် ၂-၅-၂၀၁၇ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သို့ ထပ်မံမေးမြန်းထားပါသည်။

(စ) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာနေ မောင်မိုးဝင်းအပေါ် လမ်းအလုပ်သမားခေါင်းဆောင်မှ လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ တာဝန်ပေးချက်အရ ၂၅-၁၂-၂၀၁၆ ရက်နေ့မှ ၃၀-၁၂-၂၀၁၆ ရက်နေ့ထိ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေး အဖွဲ့သည် အဆိုပါ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ပါသည်။

တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အောက်ပါအကြံပြုချက်များကို သမ္မတဦးစီးရုံးနှင့် ပြည်သူ့ လွှတ်တော်ရုံးတို့သို့ ပေးပို့ခဲ့ပါသည်-

(၁) နစ်နာသူအား ထမင်းမကျွေး၊ ရေမတိုက်ဘဲ အိမ်အပြင်ထုတ်ထားခဲ့သူများအား ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူခြင်းနှင့် နစ်နာသူအား လူမှုရေးအရ ကုစားပေးရန်၊

(၂) နစ်နာသူ၏ ညာဘက်ခြေချောင်း (၅) ချောင်းစလုံး ဖြတ်ပစ်ခဲ့ရသဖြင့် အလုပ်သမား ဥပဒေအရ လျော်ကြေးရရှိနိုင်ရေး ဆောင်ရွက်ပေးရန်၊

(၃) ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ မရရှိသေးသော လုပ်ခငွေများ အပြည့်အဝ ရရှိရေး စိစစ်ဆောင်ရွက်ပေးရန်၊

(၄) မိုင်းရှူးရဲစခန်းမှူးနှင့် ရဲတပ်ကြပ်ကြီး (စာရေး) တို့အား သက်ဆိုင်ရာမှ သင့်လျော်သလို အရေးယူရန်။

**မှတ်ချက်**

- နိုင်ငံတော်သမ္မတရုံးမှလည်း ကော်မရှင်၏အစီရင်ခံစာတွင် ပါရှိသော အကြံပြုချက်များအတိုင်း သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တို့သို့ ၁၁-၁-၂၀၁၇ ရက်စွဲပါစာဖြင့် လမ်းညွှန်အကြောင်းကြားခဲ့ပါသည်။
- ကော်မရှင်မှလည်း ကော်မရှင်၏အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ပြန်ကြားပေးနိုင်ပါရန် အဆိုပါဌာနများသို့ ၁၇-၂-၂၀၁၇ ရက်စွဲပါစာဖြင့် ညှိနှိုင်း မေတ္တာရပ်ခံစာ ပေးပို့ အကြောင်းကြားခဲ့ပါသည်။
- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များအပေါ် နစ်နာသူ မောင်မိုးဝင်းအတွက် အလုပ်သမားလျော်ကြေးငွေ၊ လူမှုထောက်ပံ့ငွေ စုစုပေါင်း ၁၇၀,၀၀၀ ကျပ်နှင့် မောင်မိုးဝင်း ရရှိရန်ရှိသော လုပ်အားခငွေ ၃,၁၁၁,၆၆၀ ကျပ်ကို တိုင်ကြားခံရသူမှ လုပ်အားခ ပေးမှတ်တမ်းများဖြင့် ပေးချေပြီးဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ပြန်ကြားလာခဲ့ပါသည်။
- ရှမ်းပြည်နယ်အတွင်း အချင်းဖြစ်ပွားသည့် ကိစ္စဖြစ်၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်စေသင့်ပါကြောင်း၊ မောင်မိုးဝင်း၏ လုပ်အားခငွေ ရရှိရေးနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနနှင့် ရှမ်းပြည်နယ်ရှိ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနများသို့ ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၁-၃-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။
- သို့ဖြစ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၆-၄-၂၀၁၇ ရက်နေ့တွင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေးမြန်းထားပါသည်။

## အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း

၄၇။ ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ အောက်ပါအတိုင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ရှိ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းတို့အား ၁၇-၂-၂၀၁၆ ရက်နေ့မှ ၁၉-၂-၂၀၁၆ ရက်နေ့အထိ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၀]

(ခ) ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ အကျဉ်းထောင်၊ တရားရုံးအချုပ်ခန်း၊ ရဲအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အား ၉-၃-၂၀၁၆ ရက်နေ့မှ ၁၁-၃-၂၀၁၆ ရက်နေ့အထိ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့က သွားရောက်စစ်ဆေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။[၂၁]

(ဂ) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားအကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့အား ၂၈-၃-၂၀၁၆ ရက်နေ့မှ ၃၁-၃-၂၀၁၆ ရက်နေ့အထိ ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့က ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၂]

(ဃ) ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းတို့အား ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ၂၃-၅-၂၀၁၆ ရက်နေ့မှ ၂၇-၅-၂၀၁၆ ရက်နေ့အထိ သွားရောက်စစ်ဆေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၃]

(င) ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တောင်ငူအကျဉ်းထောင်၊ ကျောက်ထုတ်လုပ်ရေးစခန်း၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းတို့အား ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀-၆-၂၀၁၆ ရက်နေ့မှ ၂၃-၆-၂၀၁၆ ရက်နေ့အထိ သွားရောက်စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်

---

[၂၀] **နောက်ဆက်တွဲ (ဍ)**

[၂၁] **နောက်ဆက်တွဲ (ဎ)**

[၂၂] **နောက်ဆက်တွဲ (ဏ)**

[၂၃] **နောက်ဆက်တွဲ (တ)**

ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၄]

(စ) ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်၏ တိုက်တွန်းချက်အရ ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့ရှိ ကသာအကျဉ်းထောင်အား ၁၅-၈-၂၀၁၆ ရက်နေ့မှ ၁၆-၈-၂၀၁၆ ရက် နေ့အထိ သွားရောက်စစ်ဆေး၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့သည့်အပြင် နိုင်ငံတော်သမ္မတဦးစီးရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသား လွှတ်တော်ရုံးများသို့ အသိပေး အကြောင်းကြားခဲ့ပါသည်။ အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။[၂၅]

(ဆ) စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ရှိ အကျဉ်းထောင်အား ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၈-၂၀၁၆ ရက်နေ့တွင် သွားရောက်စစ်ဆေးခဲ့၍ အကြံပြုချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။[၂၆]

(ဇ) ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်းရှိ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေး စခန်းအား ၁၄-၉-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီ၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့များရှိ ရဲအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအား ၁၆-၉-၂၀၁၆ ရက်နေ့တွင်လည်းကောင်း သွားရောက်စစ်ဆေး၍ အကြံပြုချက်များကို အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၇]

(ဈ) ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ တိုင်တန်းချက်အရ ၁၃-၁၀-၂၀၁၆ ရက်နေ့မှ ၁၅-၁၀-၂၀၁၆ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ရှိ မြင်းခြံအကျဉ်းထောင်အား သွားရောက်ကြည့်ရှုစစ်ဆေး၍ အကြံပြုချက်များအား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပြီး အများပြည်သူ သိရှိစေရန် သတင်းထုတ်ပြန်ခဲ့ပါသည်။ [၂၈]

မှတ်ချက်။ ကော်မရှင်၏ အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရေးအတွက် ၁၂-၁-၂၀၁၇ ရက်နေ့တွင် မြင်းခြံအကျဉ်းထောင်သို့ ထပ်မံသွားရောက် စစ်ဆေးခဲ့ပါသည်။

[၂၄] **နောက်ဆက်တွဲ (ထ)**

[၂၅] **နောက်ဆက်တွဲ (ဒ)**

[၂၆] **နောက်ဆက်တွဲ (ဓ)**

[၂၇] **နောက်ဆက်တွဲ (န)**

[၂၈] **နောက်ဆက်တွဲ (ပ)**

**လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင်တန်းကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဂေဟာများသို့ သွားရောက်စစ်ဆေးခြင်း**

၄၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၂၂ (င) အရ လူမှုဝန်ထမ်း ဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဂေဟာများသို့ အောက်ပါအတိုင်း သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များအား လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာကျောင်းများသို့ ပေးပို့ခဲ့ပါသည်-

(က) ၄-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် တစ်ဦးနှင့် ရုံး ဝန်ထမ်းများသည် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

(ခ) ၆-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် တစ်ဦးနှင့် ရုံးဝန်ထမ်းများသည် မရမ်းကုန်းမြို့နယ်၊ မလိခအမျိုးသမီးကလေးများ သင်တန်း ကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

(ဂ) ၁၀-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် တစ်ဦးနှင့် ရုံးဝန်ထမ်းများသည် သန်လျင်မြို့နယ်ရှိ မေတ္တာရောင်ခြည် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ (သန်လျင်) သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

(ဃ) ၁၂-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် တစ်ဦးနှင့် ရုံး ဝန်ထမ်းများသည် မှော်ဘီမြို့နယ်ရှိ မြန်မာပြည်ချစ်ခြင်း မေတ္တာလူငယ် ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပါ သည်။

(င) ၂၃-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် ကန်တော်လေး သီလရှင်ကလေးများ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

(စ) ၂၄-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် ဗဟန်း မြို့နယ်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပါသည်။

(ဆ) ၂၄-၅-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် လူမှု ဝန်ထမ်းဦးစီးဌာန၏ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

(ဇ) ၁၃-၆-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပါ သည်။

(ဈ) ၁၄-၆-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် Mary Chapman School for Deaf သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

(ည) ၁၅-၆-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် Aden Center for Disable Children သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြ ပါသည်။

(ဍ) ၅-၇-၂၀၁၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများသည် နားမကြားသော ကလေးများကျောင်း (မန္တလေး) သို့ သွားရောက်၍ ကျောင်းဆရာ/ဆရာမများ၊ နားမကြားကျောင်းသား၊ ကျောင်းသူများ၊ နားမကြားအသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

(ဎ) ၆-၁၂-၂၀၁၆ ရက်နေ့တွင် Mary Chapman School for Deaf သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုံးအဖွဲ့တို့သွားရောက်၍ လက်သင်္ကေတဖြင့် သတင်းထုတ်လွှင့်မှုအပေါ် လေ့လာဆန်းစစ်မှု ပြုလုပ်ခဲ့ပါသည်။

*********

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၄၉။ နိုင်ငံတကာဆက်ဆံရေးဌာနသည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ) အရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသားအဆင့် အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

### အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခြင်း

၅၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum – SEANF) ၏ တင်းပြည့်အဖွဲ့ဝင်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဖိုရမ်၏အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။ ကော်မရှင်သည် ဖိုရမ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်စဉ် အတွင်း ဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေး (၂) ကြိမ်၊ ဖိုရမ်အထူးအစည်းအဝေး (၂) ကြိမ်၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တရားရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဆက်ဆံရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ (၁) ကြိမ်နှင့် ဖိုရမ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတို့ကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

(က) **SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး**။ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၈ ရက်နေ့အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပခဲ့ပါသည်။ ယင်းအစည်းအဝေးသို့ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။ တီမောလက်စ်တေနိုင်ငံ အနေဖြင့် ဤအစည်းအဝေးသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိပါ။ အစည်းအဝေးတွင် ဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စ၊ ဖိုရမ်၏ ၂၀၁၇-၂၀၂၁ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (SEANF Strategic Plan 2017-2021) (မူကြမ်း) နှင့် စပ်လျဉ်းသည့်ကိစ္စ၊ ကုလသမဂ္ဂက ချမှတ်ထားသော တာရှည်ခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) အကောင်အထည် ဖော်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ သက်ကြီးရွယ်အို အခွင့်အရေး ကိစ္စရပ်များ နှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဖိုရမ်အဖွဲ့ဝင် ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

(ခ) **SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး**။ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့

အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖိုရမ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း နှင့် တီမောလက်စ်တေနိုင်ငံတို့၏ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စ၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း များဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ကုလသမဂ္ဂက ချမှတ် ထားသော တာရှည်ခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) အကောင် အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ သက်ကြီးရွယ်အို အခွင့်အရေး ကိစ္စ ရပ်များနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံကွန်ဗင်းရှင်းနှင့် စပ်လျဉ်း သည့် ကိစ္စရပ်များ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ပြန့်စွာ ဆွေးနွေးကြပါသည်။

(ဂ) **ဖိုရမ် အထူးအစည်းအဝေး ကျင်းပခြင်း**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဖိုရမ်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်တွင် ဖိုရမ်အထူးအစည်းအဝေး (၂) ကြိမ် ကျင်းပခဲ့ပါသည်။ ပထမအကြိမ် ဖိုရမ်အထူးအစည်းအဝေးကို ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးတွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက် နေ့တွင် ကျင်းပပြီး ဖိုရမ်၏ ၂၀၁၇-၂၀၂၁ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (SEANF Strategic Plan 2017-2021) မူကြမ်းကို ညှိနှိုင်းရေးဆွဲ ခဲ့ကြပါသည်။ ဒုတိယအကြိမ် ဖိုရမ်အထူးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပပြီး ဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စကို အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။

(ဃ) **အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တရားရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲ။**

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တရားရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အဖွဲ့ အစည်းများ၏ ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ စက်တင် ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပ ခဲ့ပြီး ဆွေးနွေးပွဲသို့ SEANF အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ကော်မရှင် ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတို့ကို ဖိုရမ်အဖွဲ့ဝင်နိုင်ငံများက တင်ပြဆွေးနွေး ခြင်း၊ အကြံပြုခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။

(င) **SEANF ၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး**။ ဖိုရမ်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၂၇ ရက်နေ့ နေ့လည်ပိုင်းမှ ၂၈ ရက်နေ့အထိ နေပြည်တော်ရှိ Grand Amara Hotel တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် SEANF အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဖိုရမ်၏ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စရပ်များ၊ ကုလသမဂ္ဂက ချမှတ်ထားသော တာရှည်ခံသည့် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ သက်ကြီးရွယ်အိုအခွင့်အရေးကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြပြီး ဖိုရမ်၏ ၂၀၁၇-၂၀၂၁ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ (SEANF Strategic Plan 2017-2021) ကို အတည်ပြုချမှတ်ခဲ့ပါသည်။ ဖိုရမ်နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်အိုများ၏အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးပြီး လူမှုရေးကာကွယ်စောင့်ရှောက်မှုရရှိရေး၊ သင့်လျော်သည့် နေထိုင်မှုစနစ်ရှိရေး၊ ညီညွတ်မျှတပြီး ခွဲခြားဆက်ဆံမှု မရှိစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ခွင့်ရရှိစေရေးတို့ပါဝင်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ သက်ကြီးရွယ်အိုများ အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်တစ်ရပ်ကိုထုတ်ပြန်ခဲ့ပါသည်။ ထို့နောက် ဖိုရမ်၏ ၂၀၁၇ ခုနှစ်အတွက် အလှည့်ကျဉက္ကဋ္ဌ တာဝန်ကို ဖိလစ်ပိုင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ တာဝန်လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ အာရှ-ပစိဖိတ်ဖိုရမ်** **(Asia - Pacific Forum- APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၅၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အာရှ-ပစိဖိတ် ဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် အာရှ-ပစိဖိတ်ဖိုရမ်တွင် တွဲဖက်အဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ APF မှ ကျင်းပသည့် အစည်းအဝေးများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ဖိုရမ်၏ (၂၁) ကြိမ်မြောက် အစည်းအဝေးကို ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ နှစ်ပတ်လည်အစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ သေဒဏ်ဖျက်သိမ်းရေးအတွက် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် Advisory Council of Jurists ၏ အစီရင်ခံစာကို ဖိုရမ် အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပြီး အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် ယင်းနှစ်ပတ်လည်အစည်းအဝေး၌ ဘာရိန်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းနှင့် အီရတ်နိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့က တွဲဖက်အဖွဲ့ဝင်အဖြစ် လျှောက်ထားခြင်းကို လက်ခံခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမြင့်မားရေးအတွက် ပါဝင်ဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

**အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၅၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ မတ်လတွင် ကုလသမဂ္ဂက ကမကထပြုသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေး ကော်မတီသို့ အဆင့်သတ်မှတ်မှု ခံယူရန်နှင့် အဖွဲ့ဝင်အဖြစ် လက်ခံရန် လျှောက်ထားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် နိုင်ငံတကာညှိနှိုင်းရေး ကော်မတီအောက်ရှိ အဆင့် သတ်မှတ်ရေး ဆပ်ကော်မတီက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို "ဘီ" အဆင့်အဖြစ် သတ်မှတ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပသော ဗျူရိုအစည်းအဝေးက မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို နိုင်ငံတကာ ညှိနှိုင်းရေးကော်မတီ၏ အဖွဲ့ဝင် အဖြစ်လက်ခံခဲ့ပါသည်။ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား ဥပဒေဖြင့် ဖွဲ့စည်းတည်ထောင်မှုကို ကြိုဆိုပါကြောင်း၊ ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိသော်လည်း လူ့အခွင့်အရေး မြှင့်တင်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် ချီးကျူးပါ ကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးရန် အဓိကကျသည့် ပုဂ္ဂိုလ်၊ အဖွဲ့ အစည်းများကို လူ့အခွင့်အရေး ပညာပေးရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်မှုအတွက် ချီးကျူးပါကြောင်း စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

၅၃။ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေးကော်မတီ၏ (၂၉) ကြိမ်မြောက် အထွေထွေညီလာခံကို ၂၁-၃-၂၀၁၆ ရက်နေ့မှ ၂၃-၃-၂၀၁၆ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့သည် ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့ပါသည်။ အထွေထွေ ညီလာခံအပြီးတွင် အပြီးသတ် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ထုတ်ပြန်ချက်တွင် တိုက်ပွဲ များနှင့် ပတ်သက်သည့် လူ့အခွင့်အရေး စိန်ခေါ်မှုများ၊ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုများနှင့် ပတ်သက်သည့် လူ့အခွင့်အရေး စိန်ခေါ်မှုများနှင့် လူသားချင်း သည်းခံနိုင်မှုမရှိခြင်း၊ လူမျိုးရေး မူဝါဒနှင့် နိုင်ငံခြားသားကို ရွံ့ရှာမုန်းတီးမှုတို့ကို အခြေခံသည့် လူ့အခွင့်အရေး စိန်ခေါ်မှုများ စသည် တို့နှင့်ပတ်သက်သည့် ဆွေးနွေးသုံးသပ်ချက်နှင့် အကြံပြု တိုက်တွန်းချက်များ ပါဝင်ပါသည်။ အမျိုး သား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေးကော်မတီ (International Coordinating Committee of National Institutions for the Promotion and Protection of Human Rights - ICC) ကို အနှစ်သာရ ပိုမိုပြည့်စုံစေရန်အတွက် "အမျိုးသား လူ့အခွင့်အရေး အဖွဲ့ အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI)" အဖြစ် အဆိုပါညီလာခံတွင် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။

## Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI) (ဆွီဒင်) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

၅၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် RWI နှင့် ပူးပေါင်း၍ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးလုပ်ငန်းများ၊ ကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ တစ်နှစ်တာ လုပ်ငန်းစီမံချက်တစ်ရပ် ရေးဆွဲ၍ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတို့၏ ဆောင်ရွက်ချက်များတွင် ဖော်ပြပါရှိပါသည်။ ထို့ပြင် ကော်မရှင်၏ တိုင်တန်းချက်များ ကိုင်တွယ်မှုစနစ်ကို Computerized Complaint Handling System အဖြစ် ဆောင်ရွက်ရန်အတွက် RWI ၏ ပံ့ပိုးကူညီမှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေး ကာကွယ်ရေး စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားသော လူ့အခွင့်အရေး ကော်မရှင်များ၏ ကျင့်သုံးလုပ်ဆောင်မှု ပုံစံကောင်းများကို လေ့လာနိုင်ရန်အတွက် ကော်မရှင် အဖွဲ့ဝင် (၂) ဦးနှင့် ကော်မရှင်ရုံး ဝန်ထမ်း (၃) ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ RWI ၏ ပံ့ပိုးမှုဖြင့် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိ (၅) ရက်တာ လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

## ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၅၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ နေပြည်တော်ရှိ Grand Amara Hotel တွင် လူနည်းစု အခွင့်အရေးများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့် အရာရှိများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင်များ၊ လူ့အခွင့် အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် International Council of Jurists (ICJ) မှ ဘာသာရပ်ကျွမ်းကျင်သူ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို လူနည်းစုနှင့် သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် လူနည်းစုများအား ပိုမိုအကာအကွယ်ပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

၅၆။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေကို သုံးသပ်မှုခံယူပြီး ၂၀၁၆ ခုနှစ်၊ မတ်လတွင် ကျင်းပသော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အတည်ပြုချမှတ်ချက် အရ မြန်မာနိုင်ငံအပေါ် အကြံပြုတိုက်တွန်းချက်ပေါင်း (၂၈၁) ခုကို ချမှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံက အကြံပြုတိုက်တွန်းချက်ပေါင်း (၁၆၆) ခုကို လက်ခံခဲ့ပါသည်။ ကော်မရှင်သည် မိမိတို့ မြန်မာနိုင်ငံ က လက်ခံခဲ့သည့် အကြံပြုတိုက်တွန်းချက်များကို နိုင်ငံတော် အစိုးရပိုင်းက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် အရပ်ဘက် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်

Lutheran World Federation (Myanmar) နှင့် ပူးပေါင်း၍ Universal Periodic Review - Myanmar ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ UPR လုပ်ငန်းစဉ် အကောင်အထည်ဖော်ရန် အဓိကသက်ဆိုင်သည့် အစိုးရဌာန/ အဖွဲ့အစည်းများမှ အဆင့်မြင့် အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံက လက်ခံခဲ့သော အကြံပြု တိုက်တွန်းချက်များအပေါ် အဖွဲ့ငယ်များဖြင့် လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါသည်။

**ကော်မရှင်အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများတက်ရောက်ခြင်း**

၅၇။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းတို့နှင့် ပတ်သက်သည့် အတွေ့အကြုံများ ရရှိစေပြီး ကောင်းမွန်သည့် စံနမူနာများလည်း ရရှိစေရန်အတွက် ကော်မရှင်သည် ၂၀၁၆ ခုနှစ်အတွင်း ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ ကော်မရှင် ကိုယ်စားလှယ်များ တက်ရောက်ခြင်း၊ အခြားသော လူ့အခွင့်အရေး ကော်မရှင်များနှင့် အဖွဲ့အစည်း များသို့ သွားရောက်လေ့လာခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(က) ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ ကျင်းပသည့် Regional Follow-up Training Program on 1325: Women, Peace and Security သို့ တက်ရောက်ခြင်း၊

(ခ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့မှ မတ်လ ၁ ရက်နေ့အထိကျင်းပသည့် Regional Consultation on Promoting and Protecting the Rights of LBTI Persons in Southeast Asia သို့ တက်ရောက်ခြင်း၊

(ဂ) အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည့် Regional Consultative Campaign Meeting for Civil Society Organizations (CSOs) on the Abolition of Death Penalty in ASEAN သို့ တက်ရောက်ခြင်း၊

(ဃ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့တွင် ကျင်းပသည့် 1st SHAPE-SEA Education Committee Meeting သို့ တက်ရောက်ခြင်း၊

(င) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပသည့် Meeting on NHRIs and Conflict သို့ တက်ရောက်ခြင်း၊

(စ) ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပသည့် Myanmar NTP, UNSCR 1325, Women, Peace and Security Training သို့ တက်ရောက်ခြင်း၊

(ဆ) နော်ဝေနိုင်ငံ၊ အော်စလိုမြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည့် World Congress on the Death Penalty သို့ တက်ရောက်ခြင်း၊

(ဇ) ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ ကျင်းပသည့် 2nd AICHR Regional Dialogue on the Mainstreaming of the Rights of Persons with Disabilities in the ASEAN Community သို့ တက်ရောက်ခြင်း၊

(ဈ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပသည့် Regional Blended Learning Course on Human Rights and the Environment သို့ တက်ရောက်ခြင်း၊

(ည) စင်္ကာပူနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပသည့် Conference on Corporate Governance and Responsibility; Theory Meets Practice သို့ တက်ရောက်ခြင်း၊

(ဋ) ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ ကျင်းပသည့် NIRAS's Regional Follow-up Training (UNSCR 1325) သို့ တက်ရောက်ခြင်း၊

(ဌ) မလေးရှားနိုင်ငံ၊ ဆာဘတ်မြို့တွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိကျင်းပသည့် 6th Regional Conference on Human Rights and Agribusiness in South East Asia သို့ တက်ရောက်ခြင်း၊

(ဍ) စင်္ကာပူနိုင်ငံတွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပသည့် AICHR Seminar on Promoting CSR and Human Rights in ASEAN သို့ တက်ရောက်ခြင်း၊

(ဎ) ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပသည့် Roundtable Discussion (RTD) with the ASEAN Sectorial Bodies, Mechanisms and NHRIs to create a Comprehensive Agenda for Children သို့ တက်ရောက်ခြင်း၊

**ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်မှုများ**

၅၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ရုံး ဝန်ထမ်းများအား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးတွင် အတွေ့အကြုံ ဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများ သို့ အောက်ပါအတိုင်းစေလွှတ်တက်ရောက်စေခဲ့ပါသည်-

(က) ၂၅-၁-၂၀၁၆ ရက်နေ့မှ ၅-၂-၂၀၁၆ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ကျင်းပသော Regional Follow-up Training Program on 1325: Woman, Peace and Security သို့ ပါဝင်တက်ရောက်ခြင်း၊

(ခ) ၂၆-၄-၂၀၁၆ ရက်နေ့မှ ၂၈-၄-၂၀၁၆ ရက်နေ့အထိ နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့တွင် ကျင်းပသော APF Communication Network Workshop သို့ ပါဝင်တက်ရောက်ခြင်း၊

(ဂ) ၆-၆-၂၀၁၆ ရက်နေ့မှ ၁၀-၆-၂၀၁၆ ရက်နေ့အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်ကျင်းပသော Regional Blended Learning Course on Investigating Allegations of Torture သို့ ပါဝင်တက်ရောက်ခြင်း၊

(ဃ) ၆-၆-၂၀၁၆ ရက်နေ့မှ ၁၀-၆-၂၀၁၆ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံ ဖလှယ်ရေးခရီးစဉ်တွင် ပါဝင်သွားရောက်ခြင်း၊

(င) ၈-၆-၂၀၁၆ ရက်နေ့မှ ၉-၆-၂၀၁၆ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် ကျင်းပသော ACWC ၏အာဆီယံဒေသအတွင်း ကလေးသူငယ်အကာအကွယ်ပေးရေးစနစ်နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ်မြောက် ဒေသတွင်းဆွေးနွေးပွဲသို့ ပါဝင် တက်ရောက်ခြင်း၊

(စ) ၁၁-၇-၂၀၁၆ ရက်နေ့မှ ၁၅-၇-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသော Regional Blended Learning Course on Human Rights and the Environment သို့ ပါဝင်တက်ရောက်ခြင်း၊

(ဆ) ၂၆-၉-၂၀၁၆ ရက်နေ့မှ ၃၀-၉-၂၀၁၆ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသော Human Rights Education Blended Learning Course သို့ ပါဝင်တက်ရောက်ခြင်း၊

## ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ

၅၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပသံရုံးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့ပါသည်။

(က) **ဖိန်နဝါရီလ**

(၁) ၁၉-၁-၂၀၁၆ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ Programme Manager ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၉-၁-၂၀၁၆ ရက်နေ့တွင် ဆွီဒင်သံရုံးမှ Deputy Head of the Asia Development ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ခ) **ဖေဖော်ဝါရီလ**

(၁) ၈-၂-၂၀၁၆ ရက်နေ့တွင် Raoul Wallenberg Institute (RWI) မှ Programme Officer က လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၂-၂-၂၀၁၆ ရက်နေ့တွင် ICRC နှင့် MCPD မှ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး စီမံကိန်းမန်နေဂျာ ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၂၂-၂-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Senior HR Officer က လာရောက်တွေ့ဆုံခြင်း၊

(ဂ) **မတ်လ**

(၁) ၃-၃-၂၀၁၆ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ Advisor က လာရောက်တွေ့ဆုံခြင်း၊

(၂) ၉-၃-၂၀၁၆ ရက်နေ့တွင် Association for Prevention of Torture မှ ကိုယ်စားလှယ်က လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၅-၃-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Senior HR Officer က လာရောက်တွေ့ဆုံခြင်း၊

(၄) ၂၁-၃-၂၀၁၆ ရက်နေ့တွင် Amnesty International မှ Regional Director ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ဃ) **ဧပြီလ**။ ၅-၄-၂၀၁၆ ရက်နေ့တွင် Korea International Cooperation Agency (KOICA) မှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံ ခြင်း၊

(င) **မေလ**

(၁) ၆-၅-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၂) ၁၂-၅-၂၀၁၆ ရက်နေ့တွင် UN Women မှ Head of UN Women Myanmar က လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၉-၅-၂၀၁၆ ရက်နေ့တွင် Alliance for Gender Inclusion in the Peace Process (AGIPP) မှ ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၄) ၂၃-၅-၂၀၁၆ ရက်နေ့တွင် Agribusiness မှ Displacement Solutions Director ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၅) ၂၃-၅-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး မှ Senior HR Officer က လာရောက်တွေ့ဆုံခြင်း၊

(၆) ၃၀-၅-၂၀၁၆ ရက်နေ့တွင် Foundation for Education and Development မှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံခြင်း၊

(စ) **ဇွန်လ**

(၁) ၇-၆-၂၀၁၆ ရက်နေ့တွင် Lutheran World Federation မှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံခြင်း၊

(၂) ၈-၆-၂၀၁၆ ရက်နေ့တွင် Heavenly Culture, World Peace, Restoration of Light မှ Research Specialist နှင့် Program Coordinator တို့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၉-၆-၂၀၁၆ ရက်နေ့တွင် LUISS University (Rome) မှ ကျောင်းသူတစ်ဦးက လာရောက်တွေ့ဆုံခြင်း၊

(၄) ၁၀-၆-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ Protection Officer ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၅) ၂၇-၆-၂၀၁၆ ရက်နေ့တွင် UN Special Rapporteur Ms. Yanghee Lee က လာရောက်တွေ့ဆုံခြင်း၊

(၆) ၂၈-၆-၂၀၁၆ ရက်နေ့တွင် Human Rights Watch မှ Senior Researchers အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ဆ) **ဇူလိုင်လ**

(၁) ၁၁-၇-၂၀၁၆ ရက်နေ့တွင် UN Women မှ UN Women Evaluator က လာရောက်တွေ့ဆုံခြင်း၊

(၂) ၁၂-၇-၂၀၁၆ ရက်နေ့တွင် Israel နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၂-၇-၂၀၁၆ ရက်နေ့တွင် Lutheran World Federation မှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံခြင်း၊

(၄) ၂၁-၇-၂၀၁၆ ရက်နေ့တွင် Human Rights Watch မှ Senior Researcher ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ဇ) **ဩဂုတ်လ**

(၁) ၄-၈-၂၀၁၆ ရက်နေ့တွင် ကယန်းလူ့အခွင့်အရေးအဖွဲ့မှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံခြင်း၊

(၂) ၁၀-၈-၂၀၁၆ ရက်နေ့တွင် UN Women မှ Head of UN Women Myanmar နှင့် အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၅-၈-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး မှ Senior Human Rights Officer နှင့် အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၄) ၁၇-၈-၂၀၁၆ ရက်နေ့တွင် UN Women မှ Head of UN Women Myanmar ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၅) ၂၉-၈-၂၀၁၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ သံအမတ်ကြီးက လာရောက်တွေ့ဆုံခြင်း၊

(ဈ) **စက်တင်ဘာလ**

(၁) ၁-၉-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး မှ US Army – Senior Defense Official ခေါင်းဆောင်သော ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံ ခြင်း၊

(၂) ၂-၉-၂၀၁၆ ရက်နေ့တွင် Raoul Wallenberg Institute မှ Programme Officer က လာရောက်တွေ့ဆုံခြင်း၊

(၃) ၇-၉-၂၀၁၆ ရက်နေ့တွင် Institute of Human Rights and Business (IHRB) မှ ကိုယ်စားလှယ်က လာရောက်တွေ့ဆုံခြင်း၊

(၄) ၇-၉-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ Political Science မှ ကျောင်းသား/ သူများက လာရောက်တွေ့ဆုံခြင်း၊

(၅) ၁၂-၉-၂၀၁၆ ရက်နေ့တွင် International Council of Jurists (ICJ) မှ National Legal Advisor ခေါင်းဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံ ခြင်း၊

(၆) ၂၀-၉-၂၀၁၆ ရက်နေ့တွင် UN Women မှ Head of UN Women Myanmar က လာရောက်တွေ့ဆုံခြင်း၊

(၇) ၂၁-၉-၂၀၁၆ ရက်နေ့တွင် Oxfam in Myanmar မှ Director of Advocacy and Communications ဦးဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ည) **အောက်တိုဘာလ**

(၁) ၁၉-၁၀-၂၀၁၆ ရက်နေ့တွင် Mitchell Hamline School of Law (USA) မှ ကိုယ်စားလှယ်က လာရောက်တွေ့ဆုံခြင်း၊

(၂) ၂၄-၁၀-၂၀၁၆ ရက်နေ့တွင် Raoul Wallenberg Institute မှ Programme Officer က လာရောက်တွေ့ဆုံခြင်း၊

(၃) ၂၈-၁၀-၂၀၁၆ ရက်နေ့တွင် Raoul Wellenberg Institute မှ Programme Officer က လာရောက်တွေ့ဆုံခြင်း၊

(ဋ) **နိုဝင်ဘာလ**

(၁) ၄-၁၁-၂၀၁၆ ရက်နေ့တွင် Human Rights Watch မှ Deputy Director of Asia Division ဦးဆောင်သည့်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၂) ၈-၁၁-၂၀၁၆ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ရုံးမှ ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၈-၁၁-၂၀၁၆ ရက်နေ့တွင် Democracy Reporting International မှ Country Representative/ Elections and Governance Expert က လာရောက် တွေ့ဆုံခြင်း၊

(၄) ၂၈-၁၁-၂၀၁၆ ရက်နေ့တွင် ဂျီနီဗာမြို့အခြေစိုက် Centre for Civil and Political Rights (CPR) မှ Director ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၅) ၂၉-၁၁-၂၀၁၆ ရက်နေ့တွင် Dignity Institute in Denmark မှ Researcher ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(ဠ) **ဒီဇင်ဘာလ**

(၁) ၂-၁၂-၂၀၁၆ ရက်နေ့တွင် Lutheran World Federation မှ ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၂) ၈-၁၂-၂၀၁၆ ရက်နေ့တွင် Swedish International Development Cooperation Agency (Sida) မှ Senior Advisor for Democracy and Human Rights ဦးဆောင်သောအဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

(၃) ၁၄-၁၂-၂၀၁၆ ရက်နေ့တွင် Georgetown University မှ Researcher အဖွဲ့က လာရောက်တွေ့ဆုံခြင်း၊

**နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ထူးခြားလုပ်ဆောင်ချက်များ**

၆၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၎င်း၏ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) ဒုတိယအကျော့တွင် မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှု၌ လွတ်လပ်မှုအခြေခံဖြင့် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ အခြားသောအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ပူးပေါင်းခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွက် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ပြီး ဖိုရမ်၏နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် သက်ကြီးရွယ်အိုများ အခွင့်အရေး ဆိုင်ရာထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

၆၁။ ကော်မရှင်သည် ဒေသခွဲအဆင့်ဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) နှင့်ဒေသအဆင့်ဖြစ်သည့် အာရှ-ပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပြီးနောက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂက ကမကထပြုသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိခဲ့ပါသည်။ သို့ဖြစ်ရာ ကော်မရှင်သည် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံတကာအဆင့် စသည့်အဆင့် (၃) ရပ်စလုံးတွင် ထိတွေ့ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

*********

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

**ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၆၂။ **ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (၂) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (၄) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (၅) | ဦးဘုန်းကြွယ် | ခေတ္တညွှန်ကြားရေးမှူးချုပ် |

(ခ) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်ရုံး လုပ်ငန်းတာဝန်များကို ညွှန်ကြားရေးမှူး (လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန) အား ခေတ္တညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စီမံရေးရာ ကိစ္စရပ်များ**

၆၃။ ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသည် ၂၀၁၆ ခုနှစ်အတွင်း အစည်းအဝေး (၁၁) ကြိမ် ပြုလုပ်ပြီး စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး (၁၂) ကြိမ်နှင့် ကော်မရှင် မျက်နှာစုံညီ အထူးအစည်းအဝေး (၁၂) ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) **ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးများ (ပုံမှန်)**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁/၂၀၁၆) | ၂၂-၁-၂၀၁၆ |
| (၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၂/၂၀၁၆) | ၂၉-၂-၂၀၁၆ |
| (၃) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၃/၂၀၁၆) | ၁၇-၃-၂၀၁၆ |
| (၄) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၄/၂၀၁၆) | ၂၇-၄-၂၀၁၆ |
| (၅) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၅/၂၀၁၆) | ၂၀-၅-၂၀၁၆ |
| (၆) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၆/၂၀၁၆) | ၂၄-၆-၂၀၁၆ |
| (၇) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၇/၂၀၁၆) | ၂၀-၇-၂၀၁၆ |
| (၈) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၈/၂၀၁၆) | ၁၉-၈-၂၀၁၆ |
| (၉) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၉/၂၀၁၆) | ၃၀-၉-၂၀၁၆ |
| (၁၀) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၀/၂၀၁၆) | ၃၁-၁၀-၂၀၁၆ |
| (၁၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၁/၂၀၁၆) | ၃၀-၁၁-၂၀၁၆ |
| (၁၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၂/၂၀၁၆) | ၂၃-၁၂-၂၀၁၆ |

(ခ) **ကော်မရှင် မျက်နှာစုံညီ အထူးအစည်းအဝေးများ**

| | | | |
|---|---|---|---|
| (၁) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁/၂၀၁၆) | ၅-၂-၂၀၁၆ |
| (၂) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၂/၂၀၁၆) | ၉-၅-၂၀၁၆ |
| (၃) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၃/၂၀၁၆) | ၈-၇-၂၀၁၆ |
| (၄) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၄/၂၀၁၆) | ၁၁-၇-၂၀၁၆ |
| (၅) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၅/၂၀၁၆) | ၂၂-၇-၂၀၁၆ |
| (၆) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၆/၂၀၁၆) | ၁၉-၉-၂၀၁၆ |
| (၇) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၇/၂၀၁၆) | ၂၂-၉-၂၀၁၆ |
| (၈) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၈/၂၀၁၆) | ၂၃-၉-၂၀၁၆ |
| (၉) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၉/၂၀၁၆) | ၂၅-၉-၂၀၁၆ |
| (၁၀) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁၀/၂၀၁၆) | ၇-၁၀-၂၀၁၆ |
| (၁၁) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁၁/၂၀၁၆) | ၁၇-၁၀-၂၀၁၆ |
| (၁၂) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁၂/၂၀၁၆) | ၂၁-၁၂-၂၀၁၆ |

**ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ရန် လျာထားခြင်း**

၆၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တစ်နှစ် ထက်တစ်နှစ် တိုးချဲ့ မြှင့်တင် ဆောင်ရွက်လျက်ရှိရာ အများပြည်သူ လက်လှမ်းမီ တိုင်ကြားနိုင်ရေးနှင့် အသိပညာပေး လုပ်ငန်း များ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၅၇ နှင့်အညီ နေပြည်တော် ကောင်စီ နယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် အခြားသင့်လျော်သည့် ပြည်နယ်တစ်ခုတွင် ကော်မရှင် ရုံးခွဲ များ ဖွင့်လှစ်နိုင်ရေးသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ခွင့် ပြုရေး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုမိန့် တောင်းခံခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုခဲ့သဖြင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) **နေပြည်တော်**။ ကော်မရှင်ရုံးခွဲ ဖွင့်လှစ်နိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာ ရေး ကော်မတီမှ ဇမ္ဗူသီရိ မြို့နယ်၊ ရွှေကြာပင်ရပ်ကွက်တွင် ပေ (၁၀၀ x ၁၀၀) မြေ နေရာ လျာထားခွင့်ပြုခဲ့ပြီး ကော်မရှင်ရုံးခွဲ အဆောက်အဦ ဆောက်လုပ်နေဆဲ ကာလ အတွင်း ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စုပေါင်းရုံး၌ ယာယီရုံးခန်း ဖွင့်လှစ်ခွင့် ရရှိခဲ့ပြီး အုပ်ချုပ်ထောက်ပံ့ ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။

(ခ) **မန္တလေးတိုင်းဒေသကြီး**။ ကော်မရှင်ရုံးခွဲ ဖွင့်လှစ်နိုင်ရေး မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်ထံ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်း အနောက်ရပ်ကွက်ရှိ ကွင်းအမှတ် (၃၂၂+ ၃၂၃+ ၃၂၄)၊ အကွက်အမှတ် ၃၅ တွင် ပေ (၅၀ x ၆၀ x ၅၆. ၆ x ၅၆) မြေနေရာလျာထားခွင့်ပြုခဲ့ပြီး မန္တလေးမြို့တွင် ကော်မရှင် ရုံးခွဲ အဆောက်အဦဆောက်လုပ်နေဆဲ ကာလအတွင်း နန်းရှေ့ဈေး အပေါ်ထပ်တွင် ယာယီရုံးခန်းဖွင့်လှစ်ပြီး အုပ်ချုပ်ထောက်ပံ့ကိစ္စရပ်များ ဆောင်ရွက်လျက်ရှိပါသည်။

## ဝန်ထမ်းရေးရာ ကိစ္စရပ်များ

၆၅။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကော်မရှင်ရုံးရှိ ခန့်ထားပြီး သန္ဓေဝန်ထမ်း၊ တွဲဖက်ဝန်ထမ်းအဆင့်လိုက် အင်အားမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | သန္ဓေ | တွဲဖက် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူး | ၂ | - | ၂ | |
| ၂ | ဒုတိယညွှန်ကြားရေးမှူး | ၃ | - | ၃ | |
| ၃ | လက်ထောက်ညွှန်ကြားရေးမှူး | ၅ | ၁ | ၆ | ပြည်ထဲရေးမှတွဲ |
| ၄ | စာကြည့်တိုက်မှူး | ၁ | - | ၁ | |
| ၅ | လူ့အခွင့်အရေးအရာရှိ | ၉ | - | ၉ | |
| ၆ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၄ | - | ၄ | |
| ၇ | အကြီးတန်းစာရေး | ၆ | - | ၆ | |
| ၈ | အငယ်တန်းစာရေး | ၁၃ | - | ၁၃ | |
| ၉ | ယာဉ်မောင်း (၂) | ၂ | - | ၂ | |
| ၁၀ | ယာဉ်မောင်းစက်ပြင် (၃) | ၁ | - | ၁ | |
| ၁၁ | ယာဉ်မောင်း (၃) | ၄ | - | ၄ | |
| ၁၂ | ရုံးအကူ | ၅ | - | ၅ | |
| ၁၃ | သန့်ရှင်းရေး | ၂ | - | ၂ | |
| ၁၄ | အစောင့် | ၁ | - | ၁ | |
| ၁၅ | ဥယျာဉ်လုပ်သား | ၁ | - | ၁ | |
| | **စုစုပေါင်း** | **၅၉** | **၁** | **၆၀** | |

## ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

၆၆။ ကော်မရှင်စတင် ဖွဲ့စည်းသည့် အချိန်မှစ၍ ကော်မရှင်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် အသုံးစရိတ် လျာထားချက်များကို ကြိုတင်ခန့်မှန်း ရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ (၃) လ တစ်ကြိမ် တင်ပြတောင်းခံသုံးစွဲခဲ့ရာ ၂၀၁၆ ခုနှစ်၊ မတ်လအထိ ကော်မရှင်၏ အသုံးစရိတ်အား နိုင်ငံတော်သမ္မတရုံးမှ လက်ခံသုံးစွဲခဲ့ပါသည်။

၆၇။ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီးနောက် ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ စတင်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ကော်မရှင်၏ ထောက်ပံ့အသုံးစရိတ်အား ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရေးဆွဲတင်ပြခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှတဆင့် ရရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ ရရှိခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့အသုံးစရိတ်အပေါ် ကော်မရှင်ရုံးမှ လအလိုက်အသုံးစရိတ် သုံးစွဲမှုများအား တစ်လချင်းစီ အလိုက်စာရင်းပြုစု၍ ငွေတိုက်ဦးစီးဌာနသို့ လစဉ်ပေးပို့အသိပေးလျက် ရှိပါသည်။

## လုပ်ထုံးလုပ်နည်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း

၆၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ဝန်ထမ်း ဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲပြီး လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများ ခန့်ထား ခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်ခြင်းစသည့် ပြဋ္ဌာန်းချက်များအရ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိသော အဖွဲ့အစည်းတစ်ရပ်၏ အခြေခံမူများကိုလည်း ထည့်သွင်းစဉ်းစား၍ ကော်မရှင်ရုံး၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပါသည်။

၆၉။ ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စာရင်း စစ်ချုပ်ရုံးမှ ကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ ကျွမ်းကျင်သူများ၏ အကြံပြုချက်အတိုင်း ကော်မရှင် ၏ ဥပဒေနှင့်အညီ ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပါသည်။

## ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေ သုံးစွဲခြင်း

၇၀။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံး ၃ လဖြစ်သော ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွက် ခွင့်ပြုငွေ ၂၀၂,၁၃၅,၁၀၀ ကျပ်အနက်မှ ၂၀၁,၅၂၁,၃၀၀ ကျပ် ကိုသာ သုံးစွဲခဲ့ခြင်းကြောင့် ယင်းဘဏ္ဍာရေး နှစ်အတွင်း လက်ကျန်ငွေ ၆၁၃,၈၀၀ ကျပ်ကို ပြန်လည်အပ်နှံခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်၏ ဧပြီလမှ ဒီဇင်ဘာလအထိ ၉ လအတွက် ခွင့်ပြုငွေမှာ ၆၈၂,၉၂၁,၀၀၀ ကျပ်ဖြစ်ပြီး ယင်းအနက် ၄၆၂,၁၄၅,၁၇၆ ကျပ်ကိုသာ သုံးစွဲခဲ့သဖြင့် ယင်းကာလအတွက် ပိုလျှံငွေသည် ၂၂၀,၇၇၅,၈၂၄ ကျပ် ဖြစ်ပါသည်။

မှတ်ချက်။ ယင်း ပိုလျှံငွေကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် ၂၀၁၇ ဧပြီလတွင် ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။

၇၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်တွင် ကော်မရှင်ရုံးခွဲ ဖွင့်လှစ်နိုင်ရေး အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုပေးသော မြေကွက်ပေါ်တွင် ရုံး အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေ ထည့်သွင်း တောင်းခံထားပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၇၂။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေး အာမခံချက်ရရှိစေရေး၊ ဝန်ထမ်းများ ကော်မရှင် တွင် တည်မြဲရေးအတွက် ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် အငြိမ်းစားပင်စင်စနစ်ကို ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ယင်းပင်စင်စနစ်မှာ ဝန်ထမ်း တစ်ဦးချင်းစီလစာ၏ ၃ % နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃ % စုစုပေါင်း ၆ % ကို မြန်မာ့ စီးပွားရေးဘဏ်တွင် စုဆောင်းထားရှိပြီး နှစ် ၃၀ ပြည့်လျှင် အငြိမ်းစားပင်စင် ခံစားခွင့်စနစ် ဖြစ်ပါ သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာတွင် ကော်မရှင် ရုံးဝန်ထမ်းများအတွက် ပင်စင်ထည့်ဝင်ငွေကို တစ်လလျှင် ၅.၂ သိန်းနှုန်းဖြင့် စုစုပေါင်း ၆၂.၄ သိန်း ထည့်သွင်းတွက်ချက် တောင်းခံခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆက်လက် ထောက်ခံတင်ပြခဲ့

ပြီး ၂၄-၁-၂၀၁၅ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၇/၂၀၁၅) မှ ဖြတ်တောက်မှုမရှိဘဲ ခွင့်ပြုခဲ့ပါသည်။

၇၃။ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ဆက်လက်ရေးဆွဲခဲ့ပြီး ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၁၅) ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြ၍ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပြီး ထပ်မံတင်ပြခဲ့ပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးခြား သဘောထားမှတ်ချက်ပြုရန် မရှိပါကြောင်း ၃-၅-၂၀၁၆ ရက်စွဲဖြင့် ပြန်ကြားလာသည့်အပြင် နိုင်ငံတော်သမ္မတရုံးမှလည်း ၁၃-၆-၂၀၁၆ ရက်စွဲပါ စာအမှတ် ၄၉၁ (၆)/၁၁/ သမ္မတရုံးဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော်ရန် ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၇၄။ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဧပြီလမှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ခန့်အပ်ပြီး ဝန်ထမ်း (၅၉) ဦးအနက် (၅၈) ဦးသည် အငြိမ်းစား ပင်စင်စီမံချက်သို့ ထည့်ဝင် စုဆောင်းလျက် ရှိပါသည်။

**ကော်မရှင်ရုံးဝန်ထမ်းများအား လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ရန် ဆောင်ရွက်ခြင်း**

၇၅။ လူမှုဖူလုံရေး စီမံကိန်းသည် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်သမားထု တစ်ရပ်လုံး၏ နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်အတွင်း ထိခိုက်မှု၊ သေဆုံးမှု စသည့် လူမှုဒုက္ခများ ကြုံတွေ့ချိန်တွင် အခက်အခဲမရှိစေရေးအတွက် ၁၉၅၆ ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် စတင် အကောင်အထည်ဖော်ခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ လူမှုဖူလုံရေးစီမံကိန်းသည် လူ့အခွင့်အရေး တစ်ရပ်အဖြစ် လူအများခံစားခွင့် ရရှိစေရမည်ဟူသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဆိုအရ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ကော်မရှင်ရုံးဝန်ထမ်းများ၏ သဘောဆန္ဒကို မေးမြန်းကောက်ခံ၍ ၎င်းတို့၏ ဆန္ဒနှင့်အညီ၊ အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) တွင် လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းခွင့်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။

၇၆။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ထည့်ဝင် ပေးသွင်းရမည့်ငွေ ၃ % ကို အသေးစိတ် တွက်ချက်မှုနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ ခွင့်ပြုခဲ့သဖြင့် ၂၀၁၅ ခုနှစ်၊ မေလမှ စတင်၍ ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစီမံကိန်းသို့ စတင် ဝင်ရောက်ခဲ့ပါသည်။၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုခဲ့သော ကော်မရှင် ထောက်ပံ့ရန်ပုံငွေတွင် လူမှုဖူလုံရေး ထည့်ဝင်ငွေကို ခွင့်ပြုခဲ့သဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်း (၄၉) ဦးမှ ထည့်ဝင်လျက် ရှိပါသည်။

*********

## သုံးသပ်တင်ပြချက်များ

### မူဝါဒနှင့် ဥပဒေရေးရာကိစ္စရပ်များ

၇၇။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) ကို မြန်မာနိုင်ငံမှ ၁၆-၇-၂၀၁၅ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သဖြင့် ဆက်လက်၍ အတည်ပြုချုပ်ဆိုသင့်ကြောင်းနှင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ကိုလည်း မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်ကြောင်း အကြံပြုပါသည်။

### ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ

၇၈။ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်းနှင့် မလိခ အမျိုးသမီးကလေးများ သင်တန်းကျောင်းတို့အား စစ်ဆေးတွေ့ရှိချက်အရ သင်တန်းကျောင်းများသည် ကလေးသူငယ်များအား မိသားစုသို့မဟုတ် ရပ်ရွာအတွင်း ပြန်လည် ပေါင်းစည်းရေးဟူသည့် လူမှုဝန်ထမ်းလုပ်ငန်းစနစ်၏ အရေးကြီးသည့် လုပ်ငန်း အစိတ်အပိုင်းဖြစ်သဖြင့် ယခုထက်ပို၍ စနစ်တကျ စီမံဆောင်ရွက်သင့်ပါသည်။

၇၉။ အဆိုပါသင်တန်းကျောင်းနှစ်ခုတွင် ကလေးငယ်များအား အနီးကပ်တာဝန်ယူ စောင့်ရှောက်နေရသော လူမှု ၃၊ လူမှု ၄၊ လူမှု ၅ အဆင့်ရှိ ဝန်ထမ်းများသည် တစ်ပတ်လျှင် (၆၅) နာရီခန့် တာဝန်ထမ်းဆောင်နေရသည်ကို တွေ့ရှိရသည့်အတွက် ဝန်ထမ်းတိုးမြှင့် ခန့်ထားခြင်း၊ အချိန်ပိုတာဝန်ထမ်းဆောင်မှုအတွက် ထိရောက်သော ချီးမြှင့်ထောက်ပံ့မှုများ ပြုလုပ်ပေးခြင်း စသည်ဖြင့် လိုအပ်သလို ဖြေရှင်း ဆောင်ရွက်သင့်ပါသည်။

၈၀။ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများဖြစ်သော မေတ္တာရောင်ခြည်နှင့် မြန်မာပြည် ချစ်ခြင်းမေတ္တာဂေဟာများနှင့်စပ်လျဉ်း၍ "ကျန်းမာရေးအသိပညာပေးမှုများ ပိုမိုဆောင်ရွက်ရန်နှင့် မျိုးပွားကျန်းမာရေး အသိပညာပေးမှုများ ပိုမိုဆောင်ရွက်ရန်၊ ကလေးသူငယ်များ အပန်းဖြေ အနားယူခွင့်ရရှိ ခံစားနိုင်ရေးနှင့် ကိုယ်လက်ကြံ့ခိုင် ဖွံ့ဖြိုးတိုးတက်မှု မျှတရေး စီမံဆောင်ရွက်သင့်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။

၈၁။ သီလရှင်ကလေးများ ဘိုးဘွားရိပ်သာ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာများ စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ဘာသာအသီးသီးအတွက် ဘုရားရှိခိုး၊ ဝတ်ပြုရန်၊ ဆုတောင်းရန်အတွက် သီးသန့်နေရာများ ခွဲခြားစီစဉ်ထားရှိ ပေးသင့်ကြောင်း၊ ကွယ်လွန် ဘိုးဘွားများအား ဘာသာရေးအပြင် လူ့ဂုဏ်သိက္ခာနှင့်အညီ သင်္ဂြိုဟ်နိုင်ရေးအတွက် နာရေးကူညီမှုအသင်း တစ်ခုခုနှင့် ချိတ်ဆက်ဆောင်ရွက် ထားသင့်ကြောင်းနှင့် ဘေးအန္တရာယ် တစ်စုံတစ်ရာ ကြုံတွေ့လာပါက ဘိုးဘွားများ ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ဝန်ထမ်းများနှင့်အတူ ဇာတ်တိုက်လေ့ကျင့်ထားသင့်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။

၈၂။ လူမှုဝန်ထမ်းဦးစီးဌာန၏ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ Mary Chapman School for the Deaf၊ Aden Center for Disable Children နှင့် လူမှုဝန်ထမ်းဦးစီးဌာန၏ နားမကြားသော ကလေးများကျောင်း (မန္တလေး) တို့အား စစ်ဆေးခြင်း၊ လေ့လာခြင်းနှင့်ပတ်သက်၍ မသန်စွမ်းကလေးသူငယ်များအတွက် စောစီးစွာကုသမှု (Early Intervention) သည် အလွန်အရေးကြီးသဖြင့်

မိဘများအား အစဉ်တစ်စိုက် တိုက်တွန်းခြင်း၊ ပညာပေးခြင်း၊ ကျောင်းမှပံ့ပိုး စီစဉ်ပေးခြင်းများ ဆောင်ရွက်သင့်ပါသည်။ ကျောင်းသားများ၏ အချက်အလက်များ ပြုစုထားရှိခြင်းကို စနစ်တကျ ပြုလုပ်စေသင့်ပါသည်။ နှစ်စဉ်စာမေးပွဲမေးခွန်းများကို နားမကြားကလေးသူငယ်များ ရှင်းလင်းစွာ နားလည်စေရေးအတွက် Sign Language ဖြင့် ရှင်းလင်းပြောကြားခွင့်ပြုသင့်ပါသည်။ နားမကြားသူများအနေဖြင့် ရုပ်မြင်သံကြားမှ သတင်းပြန်ကြားချက်များကို သိရှိနားလည်ခြင်းမရှိသဖြင့် နားလည် ရရှိခံစားနိုင်ရေးအတွက် လက်သင်္ကေတပြ ဆရာ/ ဆရာမများ၊ တာဝန်ရှိသူများ၊ နားမကြားသူများ၊ နားမကြားကျောင်းသား/သူများ၏ ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး၊ သတင်းလက်သင်္ကေတပြသူနှင့် သတင်းလက်ခံသူများအကြား ကွာဟမှုဖြစ်နေသော နည်းစနစ်များ ပြုပြင်ညှိနှိုင်းရေးအပါအဝင် အခြားလိုအပ်သော နည်းပညာဆိုင်ရာများ မွမ်းမံပေးသင့်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့

၈၃။ **ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများ။** ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူအများ လူ့အခွင့်အရေး ခံစားရရှိစေရေးနှင့် ချိုးဖောက်ခြင်း မခံရစေရေးအတွက် အထူးအရေးပါသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သကဲ့သို့ ၎င်းတို့ကိုယ်တိုင် ချိုးဖောက်နိုင်ခြေလည်းရှိသဖြင့် လူ့အခွင့်အရေးဆိုင်ရာသင်တန်းများကို ၂၀၁၆ ခုနှစ်အတွင်း လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး (၄) ရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး (၃) ရုံး လက်အောက်ရှိ ရဲအရာရှိများအတွက် အလုပ်ရုံသင်တန်း (၇) ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။ လူ့အခွင့်အရေးကို ဦးစားပေး ဆွေးနွေးပြောဆိုရာတွင် ရဲတပ်ဖွဲ့ဝင်များ၏ အခွင့်အရေးများကိုလည်း ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း သင်တန်းသားအများစုက တင်ပြကြသည်ကို တွေ့ရပါသည်။ ပို့ချခဲ့သည့် ဘာသာရပ်များအပေါ်တွင် စိတ်ဝင်စားမှုများရှိသော်လည်း လက်တွေ့လုပ်ဆောင်ရာတွင် လူ့အခွင့်အရေးနှင့် ချိန်ထိုးစဉ်းစား လုပ်ဆောင်ရန်အတွက် အခက်အခဲအချို့ ရှိနေရသည်ဟု သုံးသပ်တွေ့ရှိရပါသည်။

၈၄။ **ရဲတပ်ဖွဲ့ဝင်များ၏ အားနည်းချက်များ။** တိုင်တန်းစာ အချို့အရ ရဲတပ်ဖွဲ့ဝင်များအပေါ် အမှုဖွင့်ရန် လာရောက်တိုင်ကြားသော်လည်း အချိန်နှင့်တပြေးညီ အရေးယူ အမှုဖွင့် ပေးခြင်းမရှိ[၂၆] ဟုလည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ကျေနပ်မှုမရှိ ဟုလည်းကောင်း၊ တိုင်တန်းသော်လည်း တာဝန်ရှိသူ အဆင့်ဆင့်မှ အရေးယူဆောင်ရွက်ပေးမှု မရှိဟုလည်းကောင်း၊ အရေးယူဆောင်ရွက်ပေးသော်လည်း ပွင့်လင်းမြင်သာစွာ အသိပေးမှုမရှိ ဟုလည်းကောင်း၊ ရဲစခန်းအချို့သည် ရဲလုပ်ငန်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များရှိနေပြီး ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်မှု အားနည်းခြင်းတို့ကြောင့် နစ်နာနေရသည်ဟုလည်းကောင်း၊ မလိုအပ်ဘဲ အင်အားအလွန်အကျွံသုံးပြီး ပြည်သူများအား အနိုင်အထက် ပြုလုပ်သည်ဟုလည်းကောင်း တိုင်ကြားချက်များတွေ့ရှိနေရသဖြင့် ယင်းအားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် ပြုပြင်မှု၊ အသိပညာပေးမှု၊ အရေးယူမှုများ ပြုလုပ်သင့်သည်ဟု သုံးသပ်ရရှိပါသည်။

---

[၂၆] ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သော တိုင်တန်းချက် ၄၃ စောင်အနက် နစ်နာသူမှ ရဲစခန်းသို့ လာရောက် တိုင်ကြားသော်လည်း အမှုဖွင့်လှစ်ပေးခြင်း မရှိကြောင်း တိုင်တန်းချက် ၆ စောင်ရှိသည်ကို တွေ့ရှိရပါသည်။

၈၅။ **ရဲတပ်ဖွဲ့ဝင်များ၏ အခက်အခဲများ**။ အထက်ပါ အားနည်းချက်များ တွေ့ရှိရသော်လည်း လူ့အခွင့်အရေး သင်တန်းများအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ဆွေးနွေးချက်များအရလည်းကောင်း၊ ရဲစခန်းအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများကို ကွင်းဆင်း စစ်ဆေးစဉ် လေ့လာချက်များအရလည်းကောင်း အောက်ပါအခက်အခဲများအပါအဝင် အခြားအခက်အခဲများကိုလည်း စိစစ်၍ လိုအပ်သည်များ ဖြည့်ဆည်း ပေးသင့်သည်ဟု သုံးသပ်ရရှိပါသည်-

(က) နယ်မြေရဲစခန်းများ၌ အင်အား မလုံလောက်မှုကြောင့် နေ့စဉ် ကင်းတာဝန်၊ နယ်မြေ စိုးမိုးရေး၊ လုံခြုံရေး တာဝန်များနှင့် တရားရုံးထုတ် တာဝန်များကို ၂၄ နာရီပတ်လုံး တာဝန်ယူ ဆောင်ရွက်နေရသဖြင့် လူ့အခွင့်အရေး ရှုထောင့်အရ လူသားတစ်ဦး အတွက် လိုအပ်သည့် အနားယူချိန်နှင့် အပန်းဖြေချိန်များ လုံလောက်စွာ မရရှိသဖြင့် အင်အားဖြည့်တင်းပေးသင့်ခြင်း၊

(ခ) ရဲတပ်ဖွဲ့များနေထိုင်သည့် နေအိမ်လိုင်းခန်းများမှာ အကြီးစား ပြုပြင်ရန် လိုအပ်နေသည့်အပြင် ရဲတပ်ဖွဲ့ဝင်အင်အားနှင့် မလုံလောက်မှုကြောင့် အချို့တပ်ဖွဲ့ဝင်များသည် မိမိအစီအစဉ်ဖြင့် စခန်းအပြင်၌ နေအိမ်ငှားရမ်းနေထိုင်ကြရသည်ကို တွေ့ရှိရသဖြင့် သက်တမ်းလွန် အဆောက်အဦများအား ဖျက်သိမ်းပြီး အသစ်တည်ဆောက်ပေးခြင်း၊ ရဲတပ်ဖွဲ့ဝင်အင်အားနှင့် လုံလောက်သည့် မိသားစုလိုင်းခန်းများ တည်ဆောက်ပေးသင့်ခြင်း၊

(ဂ) အချုပ်သားများ၏ စားသောက်ရေးနှင့် သောက်သုံးရေအတွက် ခွင့်ပြုရန်ပုံငွေ လုံလောက်မှု မရှိသဖြင့် ဘဏ္ဍာရန်ပုံငွေ တိုးမြှင့်ပေးသင့်ခြင်း၊

(ဃ) ပြစ်မှုဖြင့် စွပ်စွဲခံရသော ကလေးသူငယ်များအား အချုပ်ခန်းတွင် ထားခွင့်မရှိဘဲ သီးခြားထိန်းသိမ်း စောင့်ရှောက်မှုအောက်တွင် ထားရှိနေရ သည့်အတွက် ရဲတပ်ဖွဲ့ဝင်များတွင် တာဝန်ကြီးမားနေသည်ကို တွေ့ရှိရသဖြင့် ကလေးသူငယ်များအတွက် သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် နေရာများ ထားရှိပေးသင့်ခြင်း၊

(င) ဆေးရုံအချုပ်များ လုံလောက်မှုမရှိသဖြင့် ဆေးရုံပေါ်တွင် လူနာကို လက်ထိပ်၊ ခြေထိပ် ခတ်ရခြင်းများ ပြုလုပ်နေရသည်ကို တွေ့ရှိနေရရာ ပြစ်မှုကျူးလွန်သူ လူနာများအတွက် သီးခြားအခန်းရရှိရေး ခွင့်ပြုရန်ပုံငွေ ချမှတ်ပေးသင့်ခြင်း၊

(စ) နယ်မြေရဲစခန်းများနှင့် အချို့မြို့မရဲစခန်းများတွင် အခြေခံရဲလုပ်ငန်းများ ထမ်းဆောင်ရန် မော်တော်ယာဉ် မရှိသဖြင့် မိမိအစီအစဉ်ဖြင့် သွားလာနေရခြင်းကြောင့် တာဝန်ထမ်းဆောင်ရာတွင် အခက်အခဲများရှိနေသည့်အတွက် လိုအပ်သော သယ်ယူပို့ဆောင်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ခြင်း၊

## အကျဉ်းဦးစီးဌာန

၈၆။ **အကျဉ်းဦးစီးဌာန လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများ။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် Raoul Wallenberg Institute of Human Rights and Humanitarian Law (RWI) တို့ပူးပေါင်း၍ ရန်ကုန်မြို့ အကျဉ်းဦးစီးဌာန လေ့ကျင့်ရေး သင်တန်းကျောင်း (အင်းစိန်) တွင်လည်းကောင်း၊ မန္တလေးမြို့ အကျဉ်းဦးစီးဌာန လေ့ကျင့်ရေး သင်တန်းကျောင်း (အိုးဘို) တွင် လည်းကောင်း အကျဉ်းဦးစီးဌာန အရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း များကို ကျင်းပခဲ့ပါသည်။ ယခုကဲ့သို့ အကျဉ်းဦးစီးဌာန အရာရှိများအတွက် သီးခြား အလုပ်ရုံ သင်တန်းပြုလုပ်ခြင်းနှင့် RWI မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ပါဝင်ပို့ချခြင်းတို့မှာ ယခု အကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ပါသည်။ အကျဉ်းဦးစီးဌာနမှ ပူးပေါင်း ဆောင်ရွက်ခြင်း၊ သင်တန်းသားများ စိတ်ပါဝင်စားမှုနှင့် တက်ကြွစွာ ပါဝင်ဆွေးနွေးမှုများကြောင့် ကျန်ရှိနေသေး သော အကျဉ်းထောင် အရာရှိများအတွက် ဤကဲ့သို့သော သင်တန်းများ ဆက်လက် တိုးချဲ့ဖွင့်လှစ် သင့်သည်ဟု သုံးသပ်ရရှိပါသည်။

၈၇။ **အကျဉ်းဦးစီးဌာနသို့ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည့် အချက်များ။** အလုပ်ရုံသင်တန်း များ ပို့ချစဉ် သင်တန်းသားများ၏ တင်ပြချက်အရလည်းကောင်း၊ အကျဉ်းထောင်နှင့် အလုပ်စခန်း များသို့ သွားရောက်စစ်ဆေးစဉ် လေ့လာတွေ့ရှိချက်များအရလည်းကောင်း အောက်ပါတို့ကို တွေ့ရှိ ရသဖြင့် ယင်းလိုအပ်ချက်များကို လေ့လာဆန်းစစ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်ဟု သုံးသပ်ရရှိပါသည် -


(က) ကော်မရှင်မှ အကျဉ်းထောင်နှင့် အလုပ်စခန်းများအား စစ်ဆေးချက်အရ အကျဉ်း ဦးစီးဌာနမှ ဝန်ထမ်းအင်အား နည်းပါးခြင်းကြောင့် အကျဉ်းထောင် ဝန်ထမ်းများ သည် နေ့/ည တာဝန်ထမ်းဆောင်ရခြင်း၊ မလိုအပ်ဘဲ တာဝန်များကို ပိုမိုထမ်းဆောင် နေရသည့်အပြင် ဝန်ထမ်းတစ်ဦး အခွင့်အရေးဖြစ်သည့် ခွင့်ခံစားခွင့် အပြည့်အဝ မရရှိခြင်း၊ မိသားစုအတွက် အချိန်မပေးနိုင်ခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် လူ့အခွင့်အရေး ရှုထောင့်အရ လူသားတစ်ဦးအတွက် လိုအပ်သည့် အနားယူချိန်နှင့် အပန်းဖြေချိန်များ လုံလောက်စွာ ရရှိစေရေးအတွက် လိုအပ်နေသောဝန်ထမ်းများ ဖြည့်ဆည်း ခန့်ထားပေးသင့်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။


(ခ) အကျဉ်းထောင်များနှင့် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေး အတတ်သင်စခန်းများရှိ အဆောက်အဦများနှင့် ဝန်ထမ်း၊ မိသားစုနေအိမ်လိုင်းခန်းများမှာ ဆွေးမြေ့ ပျက်စီး ယိုင်နဲ့နေပြီး အခန်းများသည်လည်း အလွန်ကျဉ်းမြောင်းသည့်အပြင် သက်တမ်း ကာလ ကြာမြင့်နေပြီဖြစ်၍ အသစ်ဆောက်လုပ်ခြင်း၊ အကြီးစားပြုပြင် ထိန်းသိမ်း ခြင်းများ ပြုလုပ်နိုင်ရေးအတွက် ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုပေးသင့်ပါသည်။

(ဂ) အကျဉ်းထောင်နှင့် အလုပ်စခန်း အားလုံးနီးပါးသည် ဆရာဝန်နှင့် ကျန်းမာရေး ဝန်ထမ်းများ လိုအပ်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ထိုကဲ့သို့ အကျဉ်းသားများ ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းနှင့် အကျဉ်းသား ဦးရေ အချိုးမမျှတခြင်းကြောင့် အကျဉ်းသားများ၏ Right to Health ကို အပြည့်အဝ

ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အကျဉ်းဦးစီးဌာန၏ အခက်အခဲများကို ပူးပေါင်း ဖြေရှင်းသင့်သည်ဟု သုံးသပ်ရရှိပါသည်။

(ဃ) ၂၀၁၆ ခုနှစ်အတွင်း စစ်ဆေးခဲ့သည့် အကျဉ်းထောင် (၈) ခုတွင် ဝင်ဆံ့မှု ၆၀၀၀ ရှိသော်လည်း အကျဉ်းသား ၈၄၆၆ ဦး ရှိသဖြင့် ဝင်ဆံ့နိုင်မှု အင်အားထက် ၄၁ % ကို ပိုမိုထားရှိနေရသည်ကို တွေ့ရှိရပါသည်။ ယင်းတို့အထဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား/သူ ၆၂၆၂ ဦး တွေ့ရှိရသဖြင့် အကျဉ်းသားအားလုံး၏ ၇၃.၉၇% မှာ မူးယစ်မှုဖြင့် အကျဉ်းကျနေသူများ ဖြစ်သည်ကို တွေ့ရှိရပါသည်။




(င) အကျဉ်းသား တစ်ဦးချင်းအလိုက် တွေ့ဆုံမေးမြန်းမှုအရ အများစုမှာ မူးယစ်ဆေးဝါး သုံးစွဲမှုဖြင့် ကျခံနေရသူများဖြစ်ကြောင်း သိရှိရပါသည်။

မှတ်ချက်။ ယခု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ဆေးဝါးသုံးစွဲသူများကို လူမှုရေးပြစ်ဒဏ်ကိုသာ ချမှတ်တော့မည်ဖြစ်ကြောင်း သိရှိရသဖြင့် အကျဉ်းထောင် အကျဉ်းစခန်းများတွင် လူဦးရေ ကျပ်တည်းမှုကို တစ်စိတ်တစ်ပိုင်း ဖြေရှင်းနိုင်မည်ဟု သုံးသပ်ပါသည်။

**အကျဉ်းထောင်များ၏ အကျဉ်းသားအခြေအနေ**

| စဉ် | အကျဉ်းထောင်အမည် | ဝင်ဆံ့မှု | လက်ရှိ အကျဉ်းသားဦးရေ | | | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | မူးယစ်မှု | အခြားအမှု | စုစုပေါင်း | |
| ၁ | ခန္တီး | ၅၀၀ | ၄၈၇ | ၂၀၁ | ၆၈၈ | ၇၀.၇၈% |
| ၂ | လွိုင်ကော် | ၅၀၀ | ၃၁၀ | ၁၀၇ | ၄၁၇ | ၇၄.၃၄% |
| ၃ | မြစ်ကြီးနား | ၁၀၀၀ | ၂၀၉၁ | ၃၆၈ | ၂၄၅၉ | ၈၅.၀၃% |
| ၄ | တောင်ကြီး(ညောင်ရွှေ) | ၅၀၀ | ၁၅၇ | ၁၆၂ | ၃၁၉ | ၄၉.၂၂% |
| ၅ | တောင်ငူ | ၅၀၀ | ၅၇ | ၂၉၅ | ၃၅၂ | ၁၆.၁၉% |
| ၆ | ကသာ | ၁၀၀၀ | ၆၉၁ | ၃၁၈ | ၁၀၀၉ | ၆၈.၄၈% |
| ၇ | ရွှေဘို | ၁၀၀၀ | ၈၈၆ | ၄၀၆ | ၁၂၉၂ | ၆၈.၅၈% |
| ၈ | မြင်းခြံ | ၁၀၀၀ | ၁၅၈၃ | ၃၄၇ | ၁၉၃၀ | ၈၂.၀၂% |
| | **စုစုပေါင်း** | **၆၀၀၀** | **၆၂၆၂** | **၂၂၀၄** | **၈၄၆၆** | ၇၃.၉၇% |

(စ) အကျဉ်းထောင် ကျပ်တည်းသည့် ပြဿနာနှင့် ပတ်သက်သည့် ဝန်ကြီးဌာန၏ ပြန်ကြားချက်များတွင် အခြားအကျဉ်းထောင်များမှာလည်း သတ်မှတ်လူဦးရေ ပြည့်နေသဖြင့် အကျဉ်းသား ပြောင်းရွှေ့ရေးတွင် အခက်အခဲများ ဖြစ်နေကြောင်း၊ အကျဉ်းထောင်များ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက်မှာလည်း မြေနေရာကျပ်တည်းနေကြောင်း၊ ဘတ်ဂျက်ခွင့်ပြုပေးပါက နှစ်ထပ်အိပ်ဆောင်များအဖြစ် ဆောက်လုပ်မည်ဖြစ်ကြောင်း ပြန်ကြားလာမှုများကို တွေ့ရှိရသဖြင့် အကျဉ်းထောင်များ တိုးချဲ့ရန်အတွက် လိုအပ်သောဘဏ္ဍာငွေကို လုံလောက်စွာ တိုးမြှင့်ချထားပေးသင့်ပါသည်။ အကယ်၍ အကျဉ်းထောင်အတွင်း နေရာတိုးချဲ့ရန် မြေမရှိပါက သင့်လျော်သောနေရာများတွင် အကျဉ်းထောင်အသစ်များကို နိုင်ငံတကာစံချိန်မီ တည်ဆောက်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

(ဆ) ဒုတိယအများဆုံးဖြစ်သည့် အကျဉ်းသားများမှာ ခိုးဆိုးနှိုက်မှုများကြောင့်ဖြစ်ပြီး အချို့မှာ အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်မြောက်ချိန်တွင် ပြင်ပသို့ ရောက်ရှိသော်လည်း နေစရာ၊ စားစရာမရှိ၍ ပြစ်မှုထပ်မံကျူးလွန်ကာ အကျဉ်းထောင်သို့ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ရာဇဝင်လူဆိုးများ၏ မှတ်တမ်းများကို စနစ်တကျ ပြုလုပ်၍ သက်ဆိုင်ရာ နယ်မြေရဲစခန်းများမှ ထိန်းသိမ်းစောင့်ကြည့်သည့်စနစ်ကို ပြန်လည်အကောင်အထည်ဖော်သင့်ပါသည်။

(ဇ) အကျဉ်းထောင်များရှိ အချုပ်သားများကို တရားရုံးထုတ်ရာမှ အကျဉ်းထောင်သို့ ပြန်လည် ဝင်ရောက်ချိန်တွင် မူးယစ်ဆေးဝါးနှင့် အကျဉ်းထောင်အက်ဥပဒေအရ ကန့်သတ်ပစ္စည်းများ ပါရှိမလာစေရေးအတွက် ရုံးထုတ်/ရုံးပြန် အချုပ်သားလူဦးရေများပြားစွာ လက်ခံဆောင်ရွက်ရသည့် အကျဉ်းထောင်များတွင် ပစ္စည်းများရှာဖွေ

သည့် X- Ray စက်များ တပ်ဆင်ပေးခြင်း၊ အနံ့ခံခွေးများ မွေးမြူ၍ ရှာဖွေသည့် စနစ် ကျင့်သုံးခြင်းများ ဆောင်ရွက်သင့်သည်ဟု သုံးသပ်အကြံပြုအပ်ပါသည်။

(ဈ) အကျဉ်းသားများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အရေးပေါ် အခြေအနေများတွင် ဆေးရုံသို့ အကျဉ်းသားလူနာများ အချိန်မီပေးပို့နိုင်ရေးအတွက် ကနဦး အနေဖြင့် ဗဟိုအကျဉ်းထောင် ၃ ခုတွင် လူနာတင်ယာဉ်များ ဝယ်ယူခွင့်ပြုပေးသင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

(ည) အကျဉ်းထောင်များတွင် ယခုသုံးစွဲနေသော ရေသန့်စက်အများစုသည် ပြင်ပအလှူရှင်များက လှူဒါန်းထားသည့် ရေသန့်စက်များဖြစ်ပြီး၊ အကျဉ်းထောင်အချို့တွင် သောက်ရေ လုံလောက်မှု မရှိခြင်းကြောင့် တပ်ဆင်ပြီး ရေသန့်စက်များကို ပုံမှန် ပြုပြင် ထိန်းသိမ်းနိုင်ရေးနှင့် ရေသန့်စက်အသစ်များ တပ်ဆင်နိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုပေးသင့်သည်ဟု သုံးသပ်အကြံပြုအပ်ပါသည်။

(ဋ) အကျဉ်းထောင်၊ အကျဉ်းစခန်းများတွင် လျှပ်စစ်မီးပျက်သည့်အချိန်၌ လုံခြုံရေးကိစ္စ အပါအဝင် အခြား အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် အခက်အခဲ ရှိနေကြောင်း တွေ့ရှိနေရသဖြင့် သုံးစွဲမည့် ဝန်နှင့်အား ညီမျှသည့် မီးစက်များ ဝယ်ယူရန်အတွက် လိုအပ်သော ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုပေးသင့်သည်ဟု သုံးသပ်အကြံပြုအပ်ပါသည်။

(ဌ) နိုင်ငံတော်မှ ကလေးသူငယ်များအတွက် အခမဲ့ကာကွယ်ဆေးများ တိုက်ကျွေးသည့် အချိန်တွင် မိခင်နှင့်အတူ အကျဉ်းထောင်အတွင်းတွင် အတူနေထိုင်ရသည့် ကလေးသူငယ်များကိုလည်း တိုက်ကျွေးရန် စီစဉ်ဆောင်ရွက်ပေးသင့်ပြီး ကလေး၏ အသက်အရွယ်အလိုက် ရောဂါကာကွယ် ဆေးထိုးပေးခြင်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဍ) အကျဉ်းထောင်အတွင်းတွင် မိခင်နှင့်အတူ အတူနေထိုင်ရသည့် ကလေးသူငယ်များကိုဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေး၊ မူကြိုသင်ယူမှု အခွင့်အရေး၊ အဟာရပြည့်ဝစွာ စားသုံးနိုင်ရေး ရရှိသင့်သဖြင့် နည်းလမ်းရှာ ဆောင်ရွက်သင့်ပါသည်။

## ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ပူးပေါင်းဆောင်ရွက်မှု အခြေအနေ

၈၈။ ၂၀၁၆ ခုနှစ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနသို့ ကော်မရှင်မှ အကြောင်းကြားစာ စောင်ရေ ၁၄ စောင် ပေးပို့ခဲ့သည့်အနက် ပြန်ကြားချက် ၁၀ စောင်ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၇၁ % ရှိပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားစာ စုစုပေါင်း ၅၄ စောင် ပေးပို့ခဲ့သည့်အနက် ၃၁ စောင် ပြန်ကြားလာခဲ့သဖြင့် ၅၇ % ရှိပါသည်။ ပြည်ထောင်စု ဝန်ကြီးဌာနများအနက် ကော်မရှင်မှ ပေးပို့သည့် တိုင်ကြားစာများကို အများဆုံး ပြန်ကြားသော ဝန်ကြီးဌာနမှာ ပြည်ထဲရေး ဝန်ကြီးဌာန ဖြစ်သည်ကို တွေ့ရပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ၂၀၁၄ ခုနှစ်က အကြောင်းကြားစာ ၅၄၃ စောင်အနက် ၂၈၈ စောင် ပြန်ကြားခဲ့သဖြင့် ၅၃.၀၄ %၊ ၂၀၁၅ ခုနှစ်က အကြောင်းကြားစာ ၆၀၇ စောင်အနက် ၃၅၀ စောင် ပြန်ကြားခဲ့သဖြင့် ၅၇.၆၆ % ရှိခဲ့ရာမှ ယခု ၂၀၁၆ ခုနှစ်တွင် အကြောင်းကြားစာ ၃၁၁ စောင်အနက် ၁၆၅ စောင် ပြန်ကြားခဲ့သဖြင့် ၅၃.၀၅ % ရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဝန်ကြီးဌာနများ၏ အရေးယူ ဆောင်ရွက်ချက်များသည် အပြုသဘော

ဆောင်သည့်ဘက်သို့ တိုးတက်လာသော်လည်း ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်ဟု သုံးသပ်ရပါသည်။

၈၉။ ပြည်ထောင်စုဝန်ကြီးဌာနများ၏ အချို့ ပြန်ကြားချက်များသည် ပြည့်စုံသေချာသော ဖော်ပြမှု မပါရှိခြင်းနှင့် ဆက်လက်လုပ်ဆောင်ပါမည်ဟု ယေဘုယျသဘော ပြန်ကြားခြင်းများ တွေ့ရပါသည်။ ပြည့်စုံသောအချက်အလက်နှင့် ဆောင်ရွက်မှုများကို သိရှိလိုသည့်အတွက် ဌာနပေါင်း ၂၀ ဌာန[၉၀] သို့ ထပ်မံမေးမြန်းစာ ၄၅ စောင် ပေးပို့ခဲ့ရပါသည်။ ဌာနများအနေဖြင့် ၎င်းတို့၏ ဆောင်ရွက်ပြီးစီးမှုကို ကော်မရှင်ဥပဒေနှင့်အညီ ရက် ၃၀ အတွင်း အကြောင်းပြန်ကြားသည့်ဌာန ၃၀ ဌာန[၉၁] (၄၂.၂၅%) ရှိပါသည်။ ရက်ပေါင်း ၃၀ ကျော်မှ ပြန်ကြားသည့် ဌာန ၂၂ ဌာန[၉၂] (၃၀.၉၈ %) ရှိပါသည်။ လုံးဝ ပြန်ကြားခြင်းမရှိသော ဌာန ၁၉ ဌာန[၉၃] (၂၆.၇၆ %) ရှိသည်ကို တွေ့ရပါသည်။

၉၀။ ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့တွင် နိုပ်စက်ညှဉ်းပန်းခံရပြီး လုပ်ခလစာ အပြည့်အဝ မရရှိသည့် နစ်နာသူတစ်ဦးနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပြီးစီးမှု အပြည့်အစုံကို ကော်မရှင်သို့ ပြန်ကြားခဲ့ပါသည်။ သို့ရာတွင် ဥပဒေကြောင်းအရ အရေးယူခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်ကြားခြင်း မရှိသေးသည်ကို တွေ့ရပါသည်။ သို့အတွက် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုချက်များကို အလေးထား ပူးပေါင်း ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြုအပ်ပါသည်။

၉၁။ ကော်မရှင်အနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အလုပ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အကြံပြုတိုက်တွန်းသည့် အကြောင်းကြားစာ စုစုပေါင်း (၉) စောင်အား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ အကြောင်းကြားစာအားလုံးအတွက် စိစစ်ပြီး ဆောင်ရွက်ချက်များ အားလုံးကို အပြည့်အဝ ပြန်ကြားလာခဲ့သည်ကို တွေ့ရှိရသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် အပြုသဘောဆောင်သည်ဟု သုံးသပ်ရရှိပါသည်။

၉၂။ ၂၀၁၆ ခုနှစ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်သော တိုင်တန်းချက် ၁၂ စောင်ကို ယင်းဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ရာ တိုင်တန်းချက် ၇ စောင်နှင့် စပ်လျဉ်း၍ ပြန်ကြားချက်ရရှိခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၅၈ % ရှိပါသည်။

---

[၉၀] ပြည်ထောင်စုဝန်ကြီးဌာန ၉ ဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ ၉ ဌာနနှင့် အခြားဌာန ၂ ဌာန၊ စုစုပေါင်း ၂၀ ဌာန၊

[၉၁] ပြည်ထောင်စု ဝန်ကြီးဌာန ၁၄ ဌာန၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၁ ဌာန ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ၁၀ ဌာန၊ အခြားဌာန ၄ ဌာနနှင့် ကုမ္ပဏီ ၁ ခု၊ စုစုပေါင်း ၃၀ ဌာန၊

[၉၂] ပြည်ထောင်စုဝန်ကြီးဌာန ၉ ဌာန၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ၉ ဌာန၊ အခြားဌာန ၂ ဌာနနှင့် ကုမ္ပဏီ ၁ ခု၊ လူပုဂ္ဂိုလ် ၁ ဦး၊ စုစုပေါင်း ၂၂ ဌာန၊

[၉၃] ပြည်ထောင်စု ဝန်ကြီးဌာန ၈ ဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ၉ ဌာန၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၁ ဌာနနှင့် အခြားဌာန ၁ ဌာန၊ စုစုပေါင်း ၁၉ ဌာန၊

သို့ဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သည်ဟု သုံးသပ်ရရှိပါသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ**

၉၃။ ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော တိုင်တန်းချက်အချို့ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ပေးပို့ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကော်မရှင်မှ အကြောင်းကြားထားသည့် အမှု ၅၁ စောင်အနက် ပြန်ကြားချက် ၁၄ စောင်သာ ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၂၇% ရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးအစိုးအဖွဲ့သို့ မေးမြန်းထားသည့် အမှု ၂၂ စောင်အနက် ၆ စောင်သာ ပြန်ကြားခဲ့သဖြင့် ၂၇ % သာရှိပါသည်။

၉၄။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြာကန်ကွင်းပေါက် အမှတ် (၄/၅/၆) ပေါ်တွင် ဖြစ်ပွားခဲ့သော မြေယာအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ကွင်းဆင်းစစ်ဆေး အကြံပြုချက်များအပေါ် နိုင်ငံတော်သမ္မတရုံးက ကော်မရှင်၏ အကြံပြု တိုက်တွန်းချက် များအတိုင်း ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့သို့ လမ်းညွှန်အကြောင်းကြားခဲ့သဖြင့် ကော်မရှင်မှလည်း ယင်းဌာနများသို့ ဆောင်ရွက်ပြီးစီးမှုများအား ပြန်ကြားပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံခဲ့သော်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှသာ မြေ ၂၀၃၄.၆၇ ဧကကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်ကြားလာပြီး ကျန်ဌာနများအနေဖြင့် တစ်စုံတစ်ရာ ပြန်ကြားလာခြင်းမရှိသေးသဖြင့် ယင်းဌာနများသို့ ဒုတိယအကြိမ်ထပ်မံအကြောင်းကြား မေတ္တာရပ်ခံ မေးမြန်းထားရှိပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ကော်မရှင်၏ လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုချက်များအပေါ် အလေးထား ဆောင်ရွက် ပြန်ကြားပေးသင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များ**

၉၅။ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့်အရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်းက ဆောင်ရွက်ခဲ့သည့်အတိုင်း ၂၀၁၇ ခုနှစ်တွင်လည်း အလားတူ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲပြီးဖြစ်ပါသည်။ ထို့အတူ လူအခွင့်အရေး အသိပညာပြန့်ပွားရေး အစီအစဉ်အရ ဝေးလံသည့် မြို့နယ် (၁၈) မြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သွားရောက်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များ မှတစ်ဆင့် လူ့အခွင့်အရေးအခြေခံများ ထွန်းကားလာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခု တွင် အခြေခံပညာ ဆရာ၊ ဆရာမများအား လူ့အခွင့်အရေးဆိုင်ရာ နည်းပြသင်တန်းများ ပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၉၆။ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်၊ တပ်မတော် (ကြည်း) တိုက်ခိုက်ရေး သင်တန်းကျောင်းများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် ပုံမှန်သင်တန်းများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချခြင်းတို့ကို ၂၀၁၇ ခုနှစ်

အတွင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အလားတူ လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များရှိ ရဲအရာရှိများ၊ အမျိုးသမီး အဖွဲ့အစည်းများအား ဆွေးနွေးပို့ချနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့် ညှိနှိုင်း၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကလေးသူငယ် အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ မသန်စွမ်းသူများ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အလျဉ်းသင့်သလို ပူးပေါင်းဆောင်ရွက်သွားပါမည်။ ထို့ပြင် ကော်မရှင်ရုံးဝန်ထမ်းများ လူ့အခွင့်အရေးဆိုင်ရာ အခြေခံ အသိပညာနှင့် အတွေးအမြင်များ မှန်ကန်စွာ သိရှိနားလည်မှု တိုးတက်စေရန်နှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အထောက်အကူ ဖြစ်စေရန် ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ရန် လျာထားပါသည်။

၉၇။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားချက်အရ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ သွားရောက်စစ်ဆေးမည့် ခရီးစဉ်များကိုလည်း ကော်မရှင်မှ အတည်ပြုထားပြီး ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အကျဉ်းထောင် ၁၁ ခု၊ အလုပ်စခန်း ၄ ခု၊ ၂၀၁၆ ခုနှစ်တွင် အကျဉ်းထောင် ၈ ခုနှင့် အလုပ်စခန်း ၅ ခု စစ်ဆေးနိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် အကျဉ်းထောင် ၂၄ ခုနှင့် အလုပ်စခန်း ၂၀ ခုခန့် စစ်ဆေးနိုင်ရေး လျာထားစီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ကော်မရှင်သို့ ရောက်ရှိလာသော တိုင်တန်းချက်များအား ပုံမှန်စိစစ်အရေးယူဆောင်ရွက်သွားမည့်အပြင် အချို့ အရေးကြီးတိုင်တန်းချက်များနှင့် ပတ်သက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်းများကိုလည်း လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉၈။ နိုင်ငံတကာဆက်ဆံရေးဌာနသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်းနှင့် အခြားသော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ ဒေသခွဲအဆင့်ဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး ၂၀၁၆ ခုနှစ်တွင် ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ဒေသအဆင့်ဖြစ်သည့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) တွင် တွဲဖက်အဖွဲ့ဝင် (Associate Member) အဖြစ်လည်းကောင်း၊ ကုလသမဂ္ဂက ကမကထပြု သည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) တွင် “ဘီ” အဆင့် သတ်မှတ်၍ အဖွဲ့ဝင်အဖြစ် လည်းကောင်း လက်ခံထားခြင်းကြောင့် GANHRI တွင် “အေ” အဆင့် အဖွဲ့ဝင်ဖြစ်ရေးနှင့် APF တွင် တင်းပြည့်အဖွဲ့ဝင် ဖြစ်ရေးတို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၉၉။ ကော်မရှင်သည် မြန်မာနိုင်ငံအစိုးရ၏ UPR လုပ်ငန်းစဉ်တွင် လွတ်လပ်မှုအခြေခံဖြင့် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များဖြစ်သည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

တို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်က အကောင်အထည် ဖော်ဆောင်မှုနှင့် အစီရင်ခံစာ တင်သွင်းမှု စသည့် လုပ်ငန်းစဉ်များတွင် လွတ်လပ်မှုအခြေခံဖြင့် ဆက်လက်၍ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀၀။ ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်မှစ၍ ရေးဆွဲအကောင်အထည်ဖော် လျက်ရှိရာ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် ပင်စင်အကျိုးခံစား ခွင့် တွက်ချက်ခြင်းများကို အမှားအယွင်းကင်းစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ကွန်ပျူတာ ပရိုဂရမ် ရေးဆွဲဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ကော်မရှင်ရုံးခွဲ (နေပြည်တော်) တွင် ရုံး အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာတစ်လုံးတို့ကို ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၁၀၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုထားသော ဝန်ထမ်းအင်အား ၈၆ ယောက်အနက် လက်ရှိတွင် ၅၉ ယောက်သာ ရှိသေးသဖြင့် လိုအပ်နေသော ဝန်ထမ်း ၂၇ ယောက်ကို ဖြည့်တင်းရေး ဆောင်ရွက်သွားပါမည်။ ဝန်ထမ်းများကို ပြည့်မီစေရန်ခန့်ထားလိုသော်လည်း ရုံးနေရာ မလုံလောက် မှုကြောင့် ကန့်သတ်ချက်များ ရှိနေပါသည်။ လက်ရှိ အခြေအနေတွင် အခြား ရုံး/သင်တန်းများနှင့် ခြံဝင်းတစ်ခုထဲတွင် တာဝန်ထမ်းဆောင်နေရသဖြင့် နေရာကျပ်တည်းမှုရှိသည့်အပြင် လူဝင်လူထွက် များပြားရှုပ်ထွေးမှု၊ လုံခြုံရေးအရစိစစ်ရန်ခက်ခဲမှုများကြောင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအား လက်ရှိနေရာတစ်ခုလုံး အသုံးပြုခွင့်ပေးခြင်းဖြစ်စေ၊ လက်ရှိနေရာရှိ လွတ်နေသော မြေနေရာတွင် အဆောက်အဦ တိုးချဲ့ဆောက်လုပ်ခြင်း ခွင့်ပြုပေးသင့်ကြောင်း အကြံပြု တင်ပြအပ် ပါသည်။

## နိဂုံး

၁၀၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဥပဒေနှင့်အညီ ပြန်လည် ဖွဲ့စည်းခဲ့ ပြီး နောက်ပိုင်းကာလအတွင်း ဥပဒေပါ ရည်ရွယ်ချက်ဖြစ်သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ တော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ် စောင့်ရှောက် နိုင်ရေး၊ လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရေး၊ နိုင်ငံတကာအသိအမှတ်ပြုထားပြီး နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးများကို ထိရောက် စွာ မြှင့်တင်ကာကွယ်ရေး၊ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် လုပ်ငန်းတာဝန်များကို တစ်နှစ်ထက် တစ်နှစ် အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျှက်ရှိပါသည်။

၁၀၃။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကော်မရှင်၏ အကြံပြုချက်များအပေါ် အလေးထား၍ ကုစား မှုများ ပြုလုပ်ခြင်း၊ ဆောင်ရွက်မှု အခြေအနေများကို ပြန်ကြားခြင်း စသည်ဖြင့် ပူးပေါင်း ဆောင်ရွက် သော ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ အရေအတွက် သည် စတင် ဖွဲ့စည်းစဉ်ကထက် တဖြည်းဖြည်း တိုးတက်များပြားလာသည်ကို တွေ့မြင်ရပါသည်။ ယင်းကဲ့သို့ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပူးပေါင်း ဆောင်ရွက်မှုများသည် ကော်မရှင်၏ လူ့အခွင့်အရေးအသိပညာ ပြန့်ပွားရေးလုပ်ငန်းနှင့် လူ့အခွင့် အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုခဲ့သည်ကို တွေ့ရှိရပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

*********

# နောက်ဆက်တွဲများ

**နောက်ဆက်တွဲ (က)**

## ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများ

| စဉ် | ရက်စွဲ | | တက်ရောက်သူ | နေရာ | |
|---|---|---|---|---|---|
| | မှ | ထိ | | မြို့ | ပြည်နယ်/တိုင်း |
| ၁ | ၄-၄-၂၀၁၆ | ၅-၄-၂၀၁၆ | ၅၀ ဦး | စစ်တွေမြို့ | ရခိုင်ပြည်နယ် |
| ၂ | ၇-၆-၂၀၁၆ | ၈-၆-၂၀၁၆ | ၅၀ ဦး | ရန်ကုန်မြို့ | ရန်ကုန်တိုင်းဒေသကြီး |
| ၃ | ၅-၇-၂၀၁၆ | ၆-၇-၂၀၁၆ | ၅၀ ဦး | မန္တလေးမြို့ | မန္တလေးတိုင်းဒေသကြီး |
| ၄ | ၁၆-၇-၂၀၁၆ | ၁၇-၇-၂၀၁၆ | ၅၀ ဦး | ပျဉ်းမနားမြို့ | နေပြည်တော်ကောင်စီ |
| ၅ | ၁၆-၈-၂၀၁၆ | ၁၇-၈-၂၀၁၆ | ၅၀ ဦး | ဘားအံမြို့ | ကရင်ပြည်နယ် |
| ၆ | ၃၀-၈-၂၀၁၆ | ၃၁-၈-၂၀၁၆ | ၅၀ ဦး | မော်လမြိုင်မြို့ | မွန်ပြည်နယ် |
| ၇ | ၄-၁၀-၂၀၁၆ | ၅-၁၀-၂၀၁၆ | ၅၀ ဦး | ထားဝယ်မြို့ | တနင်္သာရီတိုင်းဒေသကြီး |

နောက်ဆက်တွဲ (ခ)

## လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပွဲများ

| စဉ် | ရက်စွဲ | တက်ရောက်သူ | နေရာ | |
|---|---|---|---|---|
| | | | မြို့ | ပြည်နယ်/တိုင်း |
| ၁ | ၂၀-၁-၂၀၁၆ | ၅၅၀ ဦး | ကျိုင်းတုံမြို့ | ရှမ်းပြည်နယ် |
| ၂ | ၂၁-၁-၂၀၁၆ | ၂၅၀ ဦး | တာချီလိတ်မြို့ | ရှမ်းပြည်နယ် |
| ၃ | ၁၇-၂-၂၀၁၆ | ၃၁၀ ဦး | လွိုင်ကော်မြို့ | ကယားပြည်နယ် |
| ၄ | ၁၈-၂-၂၀၁၆ | ၂၀၀ ဦး | ဖရူဆိုမြို့ | ကယားပြည်နယ် |
| ၅ | ၁၈-၂-၂၀၁၆ | ၃၈၀ ဦး | ဒီမောဆိုမြို့ | ကယားပြည်နယ် |
| ၆ | ၂၇-၇-၂၀၁၆ | ၂၁၂ ဦး | တွံတေးမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၇ | ၂၇-၇-၂၀၁၆ | ၂၄၅ ဦး | ဒလမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၈ | ၆-၉-၂၀၁၆ | ၂၃၂ ဦး | သံဖြူဇရပ်မြို့ | မွန်ပြည်နယ် |
| ၉ | ၇-၉-၂၀၁၆ | ၂၂၀ ဦး | ရေးမြို့ | မွန်ပြည်နယ် |
| ၁၀ | ၈-၉-၂၀၁၆ | ၃၀၀ ဦး | မုဒုံမြို့ | မွန်ပြည်နယ် |
| ၁၁ | ၈-၉-၂၀၁၆ | ၃၅၁ ဦး | ကျောက်ဆည်မြို့ | မန္တလေးတိုင်းဒေသကြီး |
| ၁၂ | ၉-၉-၂၀၁၆ | ၃၉၀ ဦး | တံတားဦးမြို့ | မန္တလေးတိုင်းဒေသကြီး |
| ၁၃ | ၁၂-၉-၂၀၁၆ | ၈၅ ဦး | မအူပင်မြို့ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၄ | ၁၃-၉-၂၀၁၆ | ၃၆၀ ဦး | ဖျာပုံမြို့ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၅ | ၁၃-၉-၂၀၁၆ | ၂၁၀ ဦး | ကျိုက်လတ်မြို့ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၆ | ၁၄-၉-၂၀၁၆ | ၂၆၀ ဦး | ဒေးဒရဲမြို့ | ဧရာဝတီတိုင်းဒေသကြီး |
| ၁၇ | ၈-၁၁-၂၀၁၆ | ၂၆၉ ဦး | တပ်ကုန်းမြို့ | နေပြည်တော်ကောင်စီ |
| ၁၈ | ၉-၁၁-၂၀၁၆ | ၁၂၀ ဦး | ရမည်းသင်းမြို့ | မန္တလေးတိုင်းဒေသကြီး |
| ၁၉ | ၉-၁၁-၂၀၁၆ | ၂၀၇ ဦး | ပျော်ဘွယ်မြို့ | မန္တလေးတိုင်းဒေသကြီး |
| ၂၀ | ၁၀-၁၁-၂၀၁၆ | ၁၂၀ ဦး | သာစည်မြို့ | မန္တလေးတိုင်းဒေသကြီး |

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများတွင် သွားရောက်ပို့ချခဲ့သည့် အရာရှိသင်တန်းများ

| စဉ် | ရက်စွဲ | သင်တန်းအမည် | သင်တန်းသား | နေရာ |
|---|---|---|---|---|
| ၁ | ၂၉-၃-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၇၉) | ၁၆၉ ဦး | ဗထူး |
| ၂ | ၂၉-၃-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၀) | ၂၇၉ ဦး | ဗထူး |
| ၃ | ၂၉-၃-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၃၉) | ၁၆၈ ဦး | ဘုရင့်နောင် |
| ၄ | ၃၀-၃-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၄၆) | ၂၈၇ ဦး | ဘုရင့်နောင် |
| ၅ | ၁-၈-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၈၀) | ၁၉၈ ဦး | ဗထူး |
| ၆ | ၁-၈-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၁) | ၃၈၅ ဦး | ဗထူး |
| ၇ | ၂-၈-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၄၀) | ၁၉၄ ဦး | ဘုရင့်နောင် |
| ၈ | ၃-၈-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၄၇) | ၃၁၈ ဦး | ဘုရင့်နောင် |
| ၉ | ၂၁-၁၁-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၈၁) | ၁၀၀ ဦး | ဗထူး |
| ၁၀ | ၂၁-၁၁-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၂) | ၁၈၉ ဦး | ဗထူး |
| ၁၁ | ၂၈-၁၁-၂၀၁၆ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၄၁) | ၉၆ ဦး | ဘုရင့်နောင် |
| ၁၂ | ၂၉-၁၁-၂၀၁၆ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၄၈) | ၁၈၁ ဦး | ဘုရင့်နောင် |

## ၂၀၁၆ ခုနှစ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) တွင် သွားရောက်ပို့ချခဲ့သည့်သင်တန်းများ

| စဉ် | ရက်စွဲ | သင်တန်းအမည် | သင်တန်းသား |
|---|---|---|---|
| ၁ | ၁-၁-၂၀၁၆ | အခြေခံဆရာ/ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉၆) | ၁၄၉၉ ဦး |
| ၂ | ၄-၂-၂၀၁၆ | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆) | ၄၀ ဦး |
| ၃ | ၅-၂-၂၀၁၆ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၁) | ၄၇၁ ဦး |
| ၄ | ၁၉-၂-၂၀၁၆ | တက္ကသိုလ်/ ကောလိပ် ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) | ၄၅၉ ဦး |
| ၅ | ၂၄-၅-၂၀၁၆ | အခြေခံဆရာ/ ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၉၇) | ၁၅၀၀ ဦး |
| ၆ | ၈-၆-၂၀၁၆ | ရဲအရာရှိများအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) | ၂၅၀ ဦး |
| ၇ | ၂၇-၇-၂၀၁၆ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၂) | ၈၃ ဦး |
| ၈ | ၁၁-၈-၂၀၁၆ | အရာထမ်းလောင်းအခြေခံသင်တန်း အမှတ်စဉ် (၄၂) | ၁၃၈ ဦး |
| ၉ | ၅-၉-၂၀၁၆ | အရာထမ်းလောင်း အခြေခံသင်တန်း (အထူး) အမှတ်စဉ် (၆) | ၁၀၀၆ ဦး |
| ၁၀ | ၃၁-၁၁-၂၀၁၆ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၂) | ၁၉၀ ဦး |
| ၁၁ | ၈-၁၂-၂၀၁၆ | အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၃) | ၈၃ ဦး |
| ၁၂ | ၁၉-၁၂-၂၀၁၆ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၃) | ၂၃၀ ဦး |

## ၂၀၁၆ ခုနှစ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် သွားရောက်ပို့ချခဲ့သည့်သင်တန်းများ

| စဉ် | ရက်စွဲ | သင်တန်းအမည် | သင်တန်းသား |
|---|---|---|---|
| ၁ | ၁၁-၁-၂၀၁၆ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၉၈) | ၈၈ ဦး |
| ၂ | ၁၁-၁-၂၀၁၆ | အခြေခံဆရာ/ဆရာမ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၅) | ၁၅၀၀ ဦး |
| ၃ | ၂၈-၁-၂၀၁၆ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၄၉) | ၁၇၆ ဦး |
| ၄ | ၂၈-၁-၂၀၁၆ | အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ် (၁၇) | ၁၆၃ ဦး |
| ၅ | ၄-၃-၂၀၁၆ | တက္ကသိုလ်/ကောလိပ် ဆရာ/ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၁) | ၇၃၀ ဦး |
| ၆ | ၃၀-၅-၂၀၁၆ | အခြေခံဆရာ/ဆရာမအထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၆) | ၁၄၈၈ ဦး |
| ၇ | ၁-၇-၂၀၁၆ | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၃၀) | ၃၀ ဦး |
| ၈ | ၁၅-၈-၂၀၁၆ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၅၀) | ၁၉၀ ဦး |
| ၉ | ၁၅-၈-၂၀၁၆ | အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ် (၁၈) | ၁၆၇ ဦး |
| ၁၀ | ၁၅-၈-၂၀၁၆ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၃၄) | ၁၈၈ ဦး |
| ၁၁ | ၁၅-၈-၂၀၁၆ | စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ် (၄၈) | ၁၉၃ ဦး |
| ၁၂ | ၂၆-၉-၂၀၁၆ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၉) | ၈၇ ဦး |
| ၁၃ | ၁၈-၁၀-၂၀၁၆ | အရာထမ်းလောင်း အခြေခံသင်တန်း (အထူး) အမှတ်စဉ် (၃) | ၈၀၉ ဦး |
| ၁၄ | ၃၁-၁၀-၂၀၁၆ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၃၅) | ၂၇၅ ဦး |
| ၁၅ | ၃၁-၁၀-၂၀၁၆ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆၀) | ၈၂ ဦး |
| ၁၆ | ၂၆-၁၂-၂၀၁၆ | အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆၁) | ၉၂ ဦး |

## ၂၀၁၆ ခုနှစ်အတွင်း လက်ခံရရှိခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်တန်းချက် အမျိုးအစားစာရင်း

| စဉ် | အမှုအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် | စုစုပေါင်း | စုစုပေါင်းချုပ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၁ | | ၂၀ | | ၁၄ | ၅ | ၅၁ | | ၃၄ | ၁၂ | ၁၁ | ၉၇ | ၃ | ၂၅ | ၁ | ၂၇၄ | ၂၇၄ |
| ၂ | တရားရေး | ၁ | | ၃ | | ၃ | ၄ | ၇ | ၁ | ၆ | ၁ | ၂ | ၄၁ | ၂ | ၄ | ၅ | ၈၀ | ၈၀ |
| ၇ | ဝန်ထမ်းရေးရာ | ၁ | | ၁ | | ၉ | | ၃ | ၁ | ၆ | ၁ | ၂ | ၇ | ၁ | ၃ | ၁ | ၃၆ | ၃၆ |
| ၁၀ | ရဲမှု | ၁ | | | | ၁ | ၃ | ၃ | ၂ | ၇ | | ၄ | ၁၀ | ၁ | ၉ | ၂ | ၄၃ | ၄၃ |
| ၅ | အုပ်ချုပ်ရေးမှူး | | | ၃ | | ၅ | ၁ | ၄ | ၁ | ၂ | | | ၇ | | ၁ | | ၂၄ | ၂၄ |
| ၃ | ငွေကြေး | ၁ | ၁ | | | ၂ | | ၅ | ၁ | ၃ | ၁ | ၁ | ၇ | | ၃ | | ၂၅ | ၂၅ |
| ၈ | စည်ပင်သာယာ | | | | | ၁ | ၁ | ၁ | | ၁ | ၂ | | ၉ | | | | ၁၅ | ၁၅ |
| **အမျိုးသမီး၊ အလုပ်သမားနှင့် သာသနာရေးဆိုင်ရာကိစ္စ** | | | | | | | | | | | | | | | | | | ၁၉ |
| ၁၂ | အမျိုးသမီး | | | | | ၁ | | | | ၄ | | | ၄ | | | | ၉ | |
| ၆ | အလုပ်သမား | | | | | | | | | | | ၂ | ၆ | | | | ၈ | |
| ၉ | သာသနာရေး | | | | | | | ၁ | | | ၁ | | | | | | ၂ | |
| **အကြမ်းဖက်၊ အကျဉ်းထောင်နှင့် လူကုန်ကူးဆိုင်ရာကိစ္စ** | | | | | | | | | | | | | | | | | | ၁၅ |
| ၁၃ | အကြမ်းဖက်မှု | | | ၁ | | | | ၂ | | | | | | | | | ၃ | |
| ၄ | အကျဉ်းထောင်မှု | | | | | ၁ | | | ၁ | ၁ | | ၁ | ၄ | ၁ | | ၁ | ၁၀ | |
| ၁၁ | လူကုန်ကူး | | | ၁ | | | | | | | | | ၁ | | | | ၂ | |
| **ကလေးစစ်သား၊ ကလေးသူငယ်၊ ရှေ့နေလိုင်စင်၊ တပ်မတော်၊ KIA နှင့် အခြား** | | | | | | | | | | | | | | | | | | ၈၀ |
| ၁၄ | ကလေးစစ်သား | | | | | | | | | | | | ၁ | | | | ၁ | |
| ၁၅ | ကလေးသူငယ် | | | | | ၁ | | | | | | ၁ | ၁ | | | | ၃ | |
| ၁၆ | ရှေ့နေလိုင်စင် | | | | | | ၁ | | | | | | ၂ | | | | ၃ | |
| ၁၇ | တပ်မတော် | ၁ | | | | | | | | | | ၁ | | | | | ၂ | |
| ၁၈ | KIA | ၁ | | | | | | | | | | | | | | | ၁ | |
| ၁၉ | အခြား | ၁ | | ၂ | ၁ | ၅ | ၂ | ၇ | ၂ | ၈ | ၁ | | ၃၁ | ၃ | ၆ | ၁ | ၇၀ | |
| | **စုစုပေါင်း** | ၈ | ၁ | ၃၀ | ၁ | ၄၃ | ၁၇ | ၈၄ | ၉ | ၇၂ | ၁၉ | ၂၅ | ၂၂၈ | ၁၁ | ၅၁ | ၁၁ | ၆၁၁ | ၆၁၁ |

## ၂၀၁၆ ခုနှစ်အတွင်း တိုင်တန်းချက်များအနက်မှ မြေအငြင်းပွားမှုများအား ခွဲခြားထားရှိမှု

| စဉ် | မြေအငြင်းပွားမှုများ | စွပ်စွဲခံရသူများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | တပ်မတော် | ဝန်ကြီးဌာနများ | တိုင်း/ပြည်နယ်အစိုးရများ | ကုမ္ပဏီ လုပ်ငန်းရှင်များ | လက်နက်ကိုင်အဖွဲ့အစည်းများ | နိုင်ငံရေးပါတီများ | အရပ်ဘက်အဖွဲ့အစည်းများ | ပုဂ္ဂလိက | စုစုပေါင်း |
| ၁ | လယ်မြေ | ၃၄ | ၂၃ | ၇၇ | ၂၀ | ၇ | ၁ | ၂ | ၄၀ | ၂၀၄ |
| ၂ | ယာမြေ | ၃ | ၃ | ၃ | ၁ | ၁ | | | ၂ | ၁၃ |
| ၃ | နှစ်ရှည်ပင် စိုက်ပျိုးမြေ | | ၂ | | | ၁ | | | | ၃ |
| ၄ | ဥယျာဉ်မြေ | ၁ | ၁ | ၃ | ၁ | | | | ၄ | ၁၀ |
| ၅ | ဟင်းသီးဟင်းရွက်မြေ | | | ၁ | | | | | | ၁ |
| ၆ | မြေနုကျွန်း | | | | | | | | ၁ | ၁ |
| ၇ | ပလပ်မြေ | | ၁ | ၃ | | | | | ၁ | ၅ |
| ၈ | မြေရိုင်း | | | | | | | | ၂ | ၂ |
| ၉ | သာသနာမြေ | | | ၁ | | | | | ၂ | ၃ |
| ၁၀ | ဘိုးဘွားပိုင်မြေ | | ၂ | | | | | | ၂ | ၄ |
| ၁၁ | လ.န. ၃၉ မြေ | | ၁ | ၁ | ၁ | | | | ၁ | ၄ |
| ၁၂ | ဂရန်မြေ (အိမ်ခြံမြေ) | | ၂ | ၃ | ၂ | | | | ၅ | ၁၂ |
| ၁၃ | ပါမစ်မြေ | | | ၂ | | | | | ၁ | ၃ |
| ၁၄ | ကျူးကျော်မြေ | | | ၁ | | | | | ၂ | ၃ |
| ၁၅ | အခြားမြေ | | | ၃ | ၁ | | | | ၂ | ၆ |
| | **စုစုပေါင်း** | **၃၈** | **၃၅** | **၉၈** | **၂၆** | **၉** | **၁** | **၂** | **၆၅** | **၂၇၄** |

နောက်ဆက်တွဲ (ဆ)

## ၂၀၁၆ ခုနှစ်အတွင်း သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာများအား နယ်မြေအလိုက်ခွဲခြားထားရှိမှု

| စဉ် | အမှုအမည် | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နပတ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၃ | | ၁၆ | ၂ | ၆ | ၈ | ၂၄ | ၉ | ၄၂ | ၁၅ | ၁၁ | ၅၄ | ၁၀ | ၁၇ | ၁၁ | ၂၂၈ |
| ၂ | တရားရေး | | | | | ၂ | | ၃ | ၂ | ၆ | ၁ | | ၈ | | ၂ | | ၂၄ |
| ၃ | ဝန်ထမ်းရေးရာ | | | | | ၂ | | ၂ | ၂ | ၅ | ၁ | ၁ | ၁၀ | ၁ | ၁ | ၂ | ၂၇ |
| ၄ | ရဲမှု | ၃ | | | | ၃ | ၃ | ၃ | | ၆ | | | ၉ | ၃ | ၄ | | ၃၄ |
| ၅ | အုပ်ချုပ်ရေးမှုး | | | | | | | | | ၄ | | | ၂ | | ၅ | ၁ | ၁၂ |
| ၆ | ငွေကြေး | ၁ | ၁ | | | | | ၅ | ၁ | | | ၁ | ၅ | | ၁ | | ၁၅ |
| ၇ | စည်ပင်သာယာ | | | | | | | ၁ | ၁ | | ၄ | | ၉ | | | | ၁၅ |
| ၈ | အမျိုးသမီး | | | | | | | | ၂ | | | | ၆ | ၂ | ၁ | | ၁၁ |
| ၉ | အလုပ်သမား | | | | | | | | | | ၂ | | ၂ | | | | ၄ |
| ၁၀ | သာသနာရေး | | | | | ၁ | | | | | | | | ၂ | | | ၃ |
| ၁၁ | အကြမ်းဖက်မှု | | | | | | | ၁ | | | | | | | | | ၁ |
| ၁၂ | အကျဉ်းထောင်မှု | | | | | | | | | ၂ | | | ၃ | ၁ | | ၁ | ၇ |
| ၁၃ | လူကုန်ကူး | | | | | | | | | | | | ၁ | | ၁ | | ၂ |
| ၁၄ | အခြား | ၃ | | ၁ | ၁ | | ၃ | ၂ | ၂ | ၁၂ | ၄ | ၁ | ၂၀ | ၄ | ၃ | ၁၆ | ၇၃ |
| | **စုစုပေါင်း** | **၁၀** | **၁** | **၁၇** | **၃** | **၁၄** | **၁၄** | **၄၁** | **၁၉** | **၇၇** | **၂၇** | **၁၄** | **၁၃၀** | **၂၃** | **၃၅** | **၃၁** | **၄၅၆** |

## ၂၀၁၆ ခုနှစ်အတွင်း ပြည်စုံမှုမရှိသော ပြန်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ ထပ်မံမေးမြန်းခဲ့ရသည့် ဌာနများစာရင်း

| စဉ် | သက်ဆိုင်ရာဌာနများ | ပြန်ကြားစာ | ထပ်မံမေးမြန်းစာ | ကြာမြင့်နှုန်း |
|---|---|---|---|---|
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ၆၈ | ၅ | ၇ |
| ၂ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁၅ | ၅ | ၃၃ |
| ၃ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၉ | ၄ | ၁၄ |
| ၄ | ကာကွယ်ရေးဝန်ကြီးဌာန | ၂၈ | ၃ | ၁၁ |
| ၅ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၀ | ၃ | ၃၀ |
| ၆ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၃ | ၃ | ၁၃ |
| ၇ | ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး | ၆ | ၃ | ၅၀ |
| ၈ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၄ | ၂ | ၅၀ |
| ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ၁၀ | ၂ | ၂၀ |
| ၁၀ | စက်မှုဝန်ကြီးဌာန | ၈ | ၂ | ၂၅ |
| ၁၁ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၅ | ၂ | ၄၀ |
| ၁၂ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃၉ | ၂ | ၅ |
| ၁၃ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၁၈ | ၂ | ၁၁ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၀ | ၁ | ၁၀ |
| ၁၅ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ၁၀ | ၁ | ၁၀ |
| ၁၆ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၄ | ၁ | ၂၅ |
| ၁၇ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၁၆ | ၁ | ၆ |
| ၁၈ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ | ၁ | ၃၃ |
| ၁၉ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၄ | ၁ | ၇ |
| ၂၀ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၁ | ၁ | ၉ |
| | **စုစုပေါင်း** | **၃၃၁** | **၄၅** | **၁၄** |

**နောက်ဆက်တွဲ (ဈ)**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၆-၅-၂၀၁၆ ရက်စွဲပါစာအမှတ် ၃/၁၀၁ (၉၅၁)/ တိုင်ကြား/ မလကဖြင့်-

(၁) လက်ပံတန်းကျောင်းသားသပိတ်တွင် ဖမ်းဆီးခံရသူ ဖြိုးဖြိုးအောင်၊ လင်းထက်နိုင်၊ ကျော်ကိုကို၊ နန္ဒစစ်အောင်တို့သည် ၈-၄-၂၀၁၆ ရက်နေ့တွင် လွတ်မြောက်ကြောင်းကို တိုင်ကြားလာသော email များဖြစ်သည့် info@amnesty.fr, AWemail @verizon.net, luc. fontaine@orange.fr, ai405@sfr.fr, clang@iinet.net.au, damon.boughen@gmail.com, bado-mueller-hh@web.de, tonypasternak@outlook.com, muschegw@ miamioh.edu, j44julio@ telefonica.net, laurent.herault2@orange.fr, arleenglikbarg@ gmail.com, aggtez@uma.es, elise.tillet@amnesty.org, alexjellema2012@gmail.com, monique-lefrancois@orange.fr, ehrstrom@numericable.fr, amnesty.ariege.09@gmail.com, patirck@antonot.fr, laura. haigh @amnesty.org, A.WIMMER@datazug.ch, doc.andre. mercier@hotmail.fr, vansevenant. eddy@brutele.be, info@amnesty.asso.fr, scpcard@wanadoo.fr, dieter.gold@orange.fr, vincent.demure @wanadoo.fr, delpierre.pryen@ libertysurf.fr, များသို့ ပြန်ကြားခဲ့ပါသည်-

(၂) ဗုဒ္ဓဘာသာကို အကြည်ညို ပျက်စေသည့် စကားလုံး သုံးစွဲခဲ့သည့် ထင်လင်းဦး၊ နိုင်ငံတော် ငြိမ်ဝပ်မှုကို ထိခိုက်စေသည့် ကောလာဟလ အမှုကို ကျူးလွန်သူ ထင်ကျော်၊ တရုတ်သံရုံး ရှေ့တွင် ဆန္ဒပြသူ နော်အုန်းလှ၊ တင်ထွဋ်ပိုင်၊ စန်းစန်းဝင်း၊ နေမျိုးဇင်၊ စိန်ထွေး၊ သန်းရွှေ၊ အလုပ်သမားအရေး လှုံ့ဆော်လှုပ်ရှားသူ နိုင်ဇော်ကြည်ဝင်း၊ သူဇော်ကြည်ဝင်း၊ နိုင်ငွေးလွင်၊ မျိုးမင်းမင်း၊ လျှို့ဝှက်အက်ဥပဒေကို ကျူးလွန်ဖောက်ဖျက်သူ လူမော်နိုင် (ခ) လင်းကျော် ဦး၊ ပိုင်သက်ကျော်(ခ)အောင်သူရ၊ ရာဇာဦး(ခ)သဲရာဇာဦး၊ စည်သူစိုး၊ တင့်ဆန်း၊ ဒေါ်ခင်ဝင်း သေဆုံးမှုနှင့် ပတ်သက်၍ ဆန္ဒပြရာတွင် ပါဝင်ခဲ့သူ ဒေါက်တာမြတ်နုခိုင်တို့ ၁၇-၄-၂၀၁၆ ရက်နေ့တွင် လွတ်မြောက်ကြောင်းကို တိုင်ကြားလာသည့် email များ ဖြစ်သည့် alexjellema 2012@gmail.com, monique-lefrancois@orange.fr, ehrstrom@numericable.fr, delpierre. pryen@libertysurf.fr, amnesty.ariege.09@gmail.com, patirck@antonot.fr, info@ amnesty. fr, laura.haigh@amnesty.org, A.WIMMER@datazug.ch, doc.andre.mercier@ hotmail.fr, vansevenant.eddy@brutele.be, info@amnesty.asso.fr, scpcard@wanadoo.fr, vincent. demure@wanadoo.fr, dieter.gold@ orange.fr, elise.tillet@amnesty.org, သို့ပေးပို့ခဲ့ပါသည်။

(၃) လူဝင်မှု ကြီးကြပ်ရေး ဥပဒေအရ အရေးယူခံရသူ ဦးဂမ္ဘီရ (ခ) ဦးညီညီလွင် ၁-၇-၂၀၁၆ ရက်နေ့တွင် လွတ်မြောက်ကြောင်းကို တိုင်ကြားလာသည့် email များဖြစ်သည့် alexjellema 2012@gmail.com, monique-lefrancois@orange.fr, ehrstrom@numericable.fr, delpierre. pryen@libertysurf.fr, amnesty.ariege.09@gmail.com, patirck@antonot.fr, info@ amnesty.fr, laura.haigh@amnesty.org, A.WIMMER@datazug.ch, doc.andre.mercier@ hotmail.fr, vansevenant.eddy@brutele.be, info@amnesty.asso.fr, scpcard@wanadoo.fr, vincent. demure@wanadoo.fr, dieter.gold@orange.fr, elise.tillet@amnesty.org ထံသို့ ပေးပို့ ခဲ့ပါသည်။

## နောက်ဆက်တွဲ (ည)

၁။ မချောစန္ဒီထွန်းနှင့်ပတ်သက်၍ သူမအား နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ပြုမူဆက်ဆံရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး၊ အခြား ဝေးလံသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ မပေးရေး၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရေး၊ သူမအား ရှေ့နေရွေးချယ်ခွင့်နှင့် တွေ့ဆုံခွင့်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပေးရေးတို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြစ်ဒဏ်ကာလ ၆ လအနက် ၁၂ ရက် လျော့ရက်ဖြင့် ၃၀-၃-၂၀၁၆ ရက်နေ့တွင် လွတ်မြောက်မည်ဖြစ်ကြောင်း ရှေ့နေနှင့် တစ်ကြိမ်၊ မိသားစုနှင့် ၁၅ ကြိမ် တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း၊ ကျန်းမာရေး စစ်ဆေးမှုတစ်ကြိမ် ရရှိခဲ့ပြီး ကျန်းမာရေး အခြေအနေကောင်းမွန်ကြောင်း သူမအပေါ် ညှဉ်းပန်းနှိပ်စက်မှု မပြုလုပ်ဘဲ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုများခွင့်ပြုပေးပြီး ရေ ၂ ကြိမ် ချိုးခွင့်ပြုကြောင်း ပြန်ကြားလာခဲ့သည်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၅-၃-၂၀၁၆ ရက်စွဲပါစာအမှတ် ၃/၁၀၁ (၇၁၇)/ တိုင်ကြား/ မလက ဖြင့် ဟောင်ကောင်ရှိ အာဆီယံ လူ့အခွင့်အရေးကော်မရှင် (Asian Human Rights Commission) မှ Urgent Appeals Programme ၏ Programme Coordinator ထံသို့နှင့် အခြားတိုင်ကြား လာသည့် ahrc@ahrc.asia, arleenglikbarg@gmail.com, courrielfrecolu@gmail.com, elise.tillet@amnesty.org, elise.tillet@amnesty.org, info@amnesty.fr, mariedo.blanc@club-internet.fr, prichardet@orange.fr, salaun.francoise@bbox.fr, v.roos-belart@t-online.de, pierre-jacquemin5@orange.fr, amnesty@amnesty.nl, baigo@euskalnet.net, nmhoffman@mindspring.com, remi.froideraux@club-internet.fr, လိပ်စာများသို့ email ဖြင့် ပြန်ကြားပေးပို့ခဲ့ပါသည်။

၂။ Veneer and plywood Ltd မှ ဆန္ဒပြအလုပ်သမား ၁၅ ဦးနှင့် ပတ်သက်၍ နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့်အညီ ပြုမူဆက်ဆံရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး၊ အခြား ဝေးလံအကျဉ်းထောင်များသို့ ပြောင်းရွှေ့ မပေးရေး၊ မိသားစု တွေ့ဆုံခွင့်ပြုရေး၊ ၎င်းတို့အား ရှေ့နေရွေးချယ်ခွင့်နှင့် တွေ့ဆုံခွင့်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပေးရေးတို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ၂၂-၈-၂၀၁၆ ရက်စွဲပါစာအမှတ် ၃/၁၀၁ (၁၄၄၀)/ တိုင်ကြား/ မလကဖြင့် တိုင်ကြားသည့် အဖွဲ့အစည်းဖြစ်သည့် elise.tillet@amnesty.org သို့ email ဖြင့် ပြန်ကြားပေးပို့ခဲ့ပါသည်။

၃။ နိုင်ငံတော် ငြိမ်ဝပ်မှုကို ထိခိုက်စေသည့် ကောလာဟလ အမှုကို ကျူးလွန်သူ ၄ ဦးအနက် ခက်ခက်တင်၊ စောလှအောင်၊ ကျော်မိုးလွင်တို့သည် ပြစ်ဒဏ် ၄ လ ကျခံခဲ့ကြရပြီး တစ်ဦးသည် ၁၇-၇-၂၀၁၅ တွင်လည်းကောင်း၊ ကျန်နှစ်ဦးသည် ၂၁-၇-၂၀၁၅ ရက်နေ့တွင်လည်းကောင်း လွတ်မြောက်သွားခဲ့ပြီးဖြစ်ကြောင်းနှင့် သိန်းအောင်မြင့်သည် ပြစ်ဒဏ် ၁ နှစ်ကို မန္တလေးအကျဉ်းထောင်တွင် ကျခံခဲ့ရာ ၄၈ ရက် လျော့ရက်ရရှိခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၉-၉-၂၀၁၅ ရက်စွဲပါစာအမှတ် ၃/၁၀၁ (၉၈၉)/ တိုင်ကြား/ မလကဖြင့် တိုင်ကြားသည့် amnesty@amnesty.nl, info@amnesty.fr, ထံသို့ email ဖြင့် ပြန်ကြားပေးပို့ခဲ့ပါသည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ အုပ်စုအတွင်း ဖြစ်ပွားခဲ့သော ရှန်းရင်း ဆန်ခတ်မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၅-၈-၂၀၁၆ ရက်စွဲပါ စာအမှတ် ၁၁၁/၄/ ပတခ (၁၆၆၀/ ၂၀၁၆) ဖြင့် ပြန်ကြားချက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သိမ်ဇရပ်ကျေးရွာအုပ်စုအတွင်း ဖြစ်ပွားခဲ့သည့် ရှန်းရင်းဆန်ခတ်မှုများနှင့် စပ်လျဉ်း၍ ကျိုက်ထိုမြို့နယ် တရားရုံးတွင် စစ်ဆေးလျက်ရှိသည့် အမှုများ၏ အခြေအနေကို သက်ဆိုင်ရာ မွန်ပြည်နယ် တရားရေးဦးစီးမှူးရုံးနှင့် သထုံခရိုင် တရားရုံးတို့သို့ ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကြန့်ကြာမှု မရှိစေဘဲ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပြီးပြတ်စေရေး ကြီးကြပ်ဆောင်ရွက်သွားရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်ရေးမှူးရုံး၏ ၂၀-၅-၂၀၁၆ ရက်စွဲပါစာအမှတ် ၂၄/ဒညခ (တရား)/၂၀၁၆ ဖြင့် ပေးပို့ညွှန်ကြားထားပြီး ဖြစ်ပါသည်။

(ခ) ရာဇဝတ် အထွေထွေ မှုအမှတ် ၁၅/၂၀၁၆ နှင့် ၂၃/ ၂၀၁၆ တို့မှ တရားခံ ၂ ဦးအပေါ် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ တို့အရ ဝရမ်းများ ထုတ်ဆင့်ထားပြီးဖြစ်ခြင်း၊ ရာဇဝတ်ကြီးမှုအမှတ် ၇၂/၂၀၁၆၊ ၇၃/၂၀၁၆၊ ၇၄/၂၀၁၆ အမှုတို့မှ တရားလိုတို့သည် ရုံးချိန်ရက်တွင် လာရောက်ခြင်းမရှိပါ၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ အရ တရားခံအား အမှုမှ စွဲချက်မတင်မီ လွှတ်သည့်အမိန့် ချမှတ်ခြင်း၊ ရာဇဝတ်ကြီးမှုအမှတ် ၇၈၃/၂၀၁၅ တွင် တရားခံများအပေါ် စွဲချက်တင်ပြီး တရားခံနှင့် တရားခံပြသက်သေများ စစ်ဆေးရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ခြင်း၊ ရာဇဝတ်ကြီးမှုအမှတ် ၁၆၇/၂၀၁၆ မှ တရားခံ ၄ ဦးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကြီးမှုအား ပိတ်သိမ်းပြီး ရာဇဝတ်အထွေထွေမှုသို့ ပြောင်းလဲဖွင့်လှစ်ထားပြီးဖြစ်ခြင်း၊ ကျန်ရာဇဝတ်ကြီးမှုအမှတ် ၆၉၈/၂၀၁၅၊ ၇၆၈/၂၀၁၅၊ ၇၅/၂၀၁၆ နှင့် ၇၆/ ၂၀၁၆ တို့မှာ တရားလိုပြသက်သေများ စစ်ဆေးဆဲဖြစ်ခြင်း စသဖြင့် အမှုတိုးတက်ဆောင်ရွက်မှု အခြေအနေများကို ပြန်ကြားလာပါသည်။

ကော်မရှင်၏အကြံပြုချက်နှင့် စပ်လျဉ်း၍ မွန်ပြည်နယ် အစိုးရအဖွဲ့၏ ၃၀-၄-၂၀၁၇ ရက်စွဲပါ စာအမှတ် ၂၀၀/၁-၂၈/ အဖရ (မွန်) (၀၄၇၈) ဖြင့် ပြန်ကြားချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရှန်းရင်းဆန်ခတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တရားလို ဒေါ်မြင့်မြင့်သန်းတို့က ကျိုက်ထိုမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ပါသည်။

(ခ) ပြစ်မှုကျူးလွန်သူများအနက် အချို့ကို သက်ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် တရားရုံးမှ အမိန့်ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ကျန်ရှိတရားခံများကို တရားစွဲဆို ဆောင်ရွက်လျက် ရှိပါသည်။

ကော်မရှင်၏အကြံပြုချက်နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၉-၇-၂၀၁၆ ရက်စွဲပါ စာအမှတ် ပထရ/လူ့ခွင့် (၃၈၂)/ ဦး ၁ ဖြင့် ပြန်ကြားချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖြစ်ပွားခဲ့သည့် အခြေအနေတွင် ပါဝင်ခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့သူများကို သိမ်ဇရပ် နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိပါသည်။

(ခ) သထုံခရိုင် လုံခြုံရေးတပ်ခွဲမှ ရဲဒုတပ်ကြပ် စိုးရာဇာတွင် နဖူးပေါက်ပြဲ ဒဏ်ရာ ရရှိစေခဲ့သည့်အတွက် ကျူးလွန်သူ ၃ ဦးအား ကျိုက်ထိုမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့ထားပါသည်။

(ဂ) ဒေါ်ဝင်းရီနေအိမ် အပါအဝင် အိမ်ခြေ ၆၅၀ ခန့် မီးရှို့ဖျက်ဆီးခံရခြင်းနှင့် စပ်လျဉ်း၍ ကျူးလွန်သူ ၁၀ ဦးအား ကျိုက်ထိုမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

**နောက်ဆက်တွဲ (၄)**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များအပေါ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၆-၁၂-၂၀၁၆ ရက်စွဲပါ စာအမှတ် ၆/၁-၃၆/ဦး/ ၆ (၆၇၅) ဖြင့် ပြန်ကြားချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပဲခူးမြို့ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ကျေးရွာ NLD အလုပ်အမှုဆောင်တို့သည် သတင်းမီဒီယာများနှင့်အတူ ရပ်မိရပ်ဖများကို တွေ့ဆုံ၍ နှစ်ဖက်ပြဿနာများ ဖြစ်ပွားစေမည့် အမုန်းစကားများ ဆက်လက် မပြောဆိုစေရေး ဆွေးနွေးခြင်းနှင့် လူမှုကွန်ယက်များပေါ်တွင် မှန်ခြင်း၊ မှားခြင်း၊ ဟုတ်ခြင်း၊ မဟုတ်ခြင်း အတည်မပြုဘဲ သုံးစွဲနေကြသည်ကို ထိန်းချုပ်ရန် ခက်ခဲပါကြောင်းနှင့် သုံးစွဲသူတိုင်း မှန်ကန်သည့် သတင်းများသာ အသုံးပြုရေး လူထုတွေ့ဆုံပွဲများမှ ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ခြင်း၊

(ခ) မိမိနှင့် မသက်ဆိုင်သည့်ပစ္စည်းနှင့် အဆောက်အဦများကို ဖျက်ဆီးသည့် ကျူးလွန်သူများနှင့် စပ်လျဉ်း၍ လူတစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ် ထိခိုက်ခဲ့မှု မရှိခြင်း၊ မီးရှို့ဖျက်ဆီးသည်အထိ ပြုလုပ်ခြင်း မရှိခဲ့သည်ကို စဉ်းစားမိခြင်း၊ လတ်တလော နားလည်မှုလွဲ၍ ဒေါသမထိန်းနိုင်မှုကြောင့် ဖြစ်ပွားခဲ့ရခြင်းနှင့် ပတ်သက်၍ ဥပဒေကြောင်းအရ လတ်တလော အမှုဖွင့် ဆောင်ရွက်လိုခြင်း မရှိသေးပါကြောင်းနှင့် နစ်နာသူမှ တိုင်ကြားလာမည်ဆိုပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိခြင်း၊

(ဂ) ကျေးရွာလုံခြုံအေးချမ်းရေးနှင့် စပ်လျဉ်း၍ ဝေါမြို့နယ်၊ ရဲတပ်ဖွဲ့မှူး ဦးစီးပြီး တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးအင်အားများ တိုးမြှင့်ဖြန့်ခွဲချထားခြင်း၊ အစ္စလာမ်ဘာသာဝင် ကျောင်းသား၊ ကျောင်းသူများ ပုံမှန် ကျောင်းပြန်တက်နိုင်ရေး စီစဉ်ပေးခြင်း၊ ကျေးရွာတည်ငြိမ်မှု ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ခြင်း၊

(ဃ) ဝေါမြို့နယ်တွင် ဘာသာပေါင်းစုံ သွေးစည်းညီညွတ်ရေးအဖွဲ့အား အဖွဲ့ဝင် ၁၂ ဦးဖြင့်လည်းကောင်း၊ သူရဲသမိန်ကျေးရွာ ဘာသာပေါင်းစုံ သွေးစည်းညီညွတ်ရေးအဖွဲ့အား အဖွဲ့ဝင် ၆ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းထားရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊

(င) ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ ကျေးရွာတည်ငြိမ်မှု ထိန်းသိမ်းရေးအဖွဲ့နှင့် ၃ ကြိမ်တွေ့ဆုံ၍ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်ရေး ချပြရှင်းလင်းခဲ့ခြင်း၊

## စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် တည်ရှိသော အကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့် ခရိုင်ဆေးရုံ အချုပ်တို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၆)

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် တည်ရှိသော အကျဉ်းထောင်၊ ရဲအချုပ်ခန်းနှင့် ခရိုင်ဆေးရုံအချုပ်တို့ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင်ရုံးဝန်ထမ်း ၂ ဦး လိုက်ပါလျက် ၁၈-၂-၂၀၁၆ နေ့နှင့် ၁၉-၂-၂၀၁၆ နေ့တို့တွင် သွားရောက်ကြည့်ရှုစစ်ဆေး၍ နိုင်ငံခြားသား ၁ ဦး အပါအဝင် အကျဉ်းသား ၊ အကျဉ်းသူ ၂၀ ဦးနှင့် အချုပ်သား၊ အချုပ်သူ ၁၃ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

### ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ

၂။ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) **ခန္တီးအကျဉ်းထောင်**

(၁) "ဂ" အဆင့် အကျဉ်းထောင်ဖြစ်၍ အကျဉ်းသား ဝင်ဆံ့မှုမှာ (၃၀၀) ဦး သတ်မှတ်ထားသော်လည်း လက်ရှိ အကျဉ်းသား/ အကျဉ်းသူ (၆၈၈) ဦး ဖြစ်နေကြောင်း၊ အမျိုးသား အကျဆောင်၌ လူ ထားနိုင်သည့် ဧရိယာ ၃၈၂၈ စတုရန်းပေဖြစ်ပြီး အနိမ်ဆုံးစံချိန် (၆'×၃' = ၁၈ စတုန်းပေ) ဖြင့် အကျဉ်းသား (၄၂၄) ဦးသာ ထားရှိသင့်သော်လည်း လက်ရှိ ၄၄၉ ဦး ထားရှိ ကြောင်း၊ အမျိုးသား အချုပ်ဆောင်၌ လူထားနိုင်သည့် ဧရိယာ ၁၈၄၈ စတုရန်းပေ ဖြစ်ပြီး အနိမ့်ဆုံးစံချိန် (၆'×၃' = ၁၈ စတုန်းပေ) ဖြင့် အကျဉ်းသား ၂၀၄ ဦး ထားရှိနိုင်သော်လည်း အပေါ်ထပ်၌သာ အကျဉ်းသား ၁၂၂ ဦးထားရှိပြီး၊ အောက်ထပ်၌မီးစက်နှင့် အကျဉ်းသားရိက္ခာများ ထားရှိကြောင်းတွေ့ရှိရ ပါသည်။

(၂) အကျဉ်းထောင်အတွင်း၌ ၂၀၁၅ ခုနှစ်အတွင်း ရောဂါအမျိုးမျိုးကြောင့် အကျဉ်းသား ၁၀ ဦး သေဆုံးခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၌ အကျဉ်းသား ၁ ဦး သေဆုံးခဲ့ပါသည်။

(၃) ၂၀၁၅ ခုနှစ် စတုတ္တ (၃) လပတ် အထူးလျှော့ရက် ခံစားခွင့် ရှိသူနှင့် မရှိသူများ ဦးရေစာရင်း၌ ကျား ၅၅၇ ဦး၊ မ ၅၅ ဦး ၊ စုစုပေါင်း ၆၁၂ ဦး ဖြစ်နေ၍ ကျန် အကျဉ်းသား ၇၆ ဦးအား စိစစ်၍ စာရင်းဖြည့်သွင်းရန် လိုအပ်နေ ပါသည်။

(၄) အမျိုးသား အကျဆောင်တွင် ကဲလားများ မရှိသည့်အတွက် မိုးရာသီ၌ မိုးပက် နိုင်ကြောင်းနှင့် စွတ်စိုထိုင်းမှိုင်း၍ ဖျားနာနိုင်ပါသည်။

(၅) အကျဉ်းထောင်မှ ထွက်ပြေးရန်ကြံစည်သော အကျဉ်းသား (၁၅) ဦးအား တိုက်ခန်းတွင် ထားရှိပြီး ခြေကျင်းခတ်ထားကြောင်း၊ လမ်းမလျှောက်ရသဖြင့် အကျဉ်းသား အချို့မှာ ခြေလက်များ ထုံကျင်ကိုက်ခဲနေကြောင်း တွေ့ရှိရပါသည်။

(၆) ပလတ်စတစ်ပုံးများ၌ ထမင်းဟင်းများထည့်၍ အကျဉ်းသားများသို့ ပေးအပ်မှုသည် ရေရှည်၌ ကျန်းမာရေး ထိခိုက်စေနိုင်ပါသည်။

(၇) မီးဖိုကြီးတွင် သမရိုးကျ သံတိုင်ကီများဖြင့် ထမင်းဟင်းချက် ပြုတ်နေကြောင်းနှင့် အောက်ခြေကြမ်းပြင်များ၊ မီးဖိုအုတ်ခုံများမှာ ဆွေးမြေ့ပေါက်ပြဲနေကြောင်း တွေ့ရှိရပါသည်။

(၈) လက်ထောက်ဆရာဝန်တစ်ဦး အပါအဝင် အကျဉ်းထောင် ဝန်ထမ်း (၉) ဦး လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

(၉) ခန္တီးခရိုင်ဆေးရုံ၌ အကျဉ်းသားလူနာအား Guard Ward တွင် ထားရှိသော်လည်း အကျဉ်းသူလူနာအား အခြား အမျိုးသမီး လူနာများနှင့်အတူ ရောနှောထားရှိကြောင်း တွေ့ရှိရပါသည်။

(ခ) **ခန္တီးမြို့မ ရဲအချုပ်ခန်း**

(၁) အချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၄' ပေခန့်သာရှိပြီး ခါးကုန်း၍ ဝင်ရောက်ရကြောင်း၊ ဖိနပ်များ စုပုံထားရှိခြင်းကြောင့် အနံ့အသက်မကောင်းကြောင်း တွေ့ရှိရ ပါသည်။

(၂) အမျိုးသားအချုပ်ခန်း အိမ်သာအတွင်း၌ မလိုအပ်သော ပစ္စည်းများ စုပုံရောက်ရှိနေပါသည်။

(၃) မူးယစ်ဆေးဝါးရောင်းဝယ်မှု ကျူးလွန်သည်ဟုဆိုသော အချုပ်သူ ဒေါ်အေးရာအား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်ရေးအဖွဲ့က ဖမ်းဆီးခဲ့ရာတွင် မျက်နှာနှင့် ဦးခေါင်း၌ ဒဏ်ရာများ ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။

(၄) အချုပ်သားတစ်ဦးမှာ အသက်မပြည့်သေးကြောင်း၊ ပြစ်မှုမကျူးလွန်ကြောင်း၊ သတ္တမတန်းအထိ ကျောင်းနေခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**အကြံပြုတိုက်တွန်းချက်များ**

၃။ အကြံပြုတိုက်တွန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်−

(က) **ခန္တီးအကျဉ်းထောင်**

(၁) အကျဉ်းသားအင်အား များပြားကြပ်တည်းသဖြင့် အကျဉ်းသား အိပ်ဆောင်များ၊ မီးစက်နှင့် ရိက္ခာထားရှိရန် အဆောက်အဦများ တိုးချဲ့ ဆောက်လုပ်သင့်ပါသည်။

(၂) အကျဉ်းထောင်အတွင်း အကျဉ်းသား သေဆုံးမှု မရှိစေရေး စီမံဆောင်ရွက်သင့်ပါသည်။

(၃) အထူးလျှော့ရက် ခံစားခွင့် ရှိသူနှင့် မရှိသူများ စာရင်း၌ ကျန်ရှိနေသော အကျဉ်းသား (၇၆) ဦးအား စိစစ်၍ ဖြည့်စွက် ဖော်ပြသင့်ပါသည်။

(၄) အမျိုးသားအကျဆောင်၌ ကဲလားများ တပ်ဆင်သင့်ပါသည်။

(၅) အကျဉ်းထောင်အတွင်း၌ အကျဉ်းသားများအား သံခြေချင်း ခတ်ခြင်းကို အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ခြင်း၊ အချိန်သတ်မှတ်၍ လမ်းလျှောက်စေခြင်းများ ပြုလုပ်သင့်ပါသည်။

(၆) ၅ ခန်းတွဲ တိုက်ခန်းများတွင် အပြင်သစ်သားတံခါးများ ၊ ရေချိုးကန်များ၊ အောက်ခြေ သံမံတလင်းများနှင့် အုတ်နံရံများကို ပြုပြင်သင့်ပါသည်။

(၇) ထမင်း၊ ဟင်းများကို ဒန်အိုး သို့မဟုတ် စတီးအိုးများ၌ ထည့်သွင်း အသုံးပြုခြင်း၊ မီးဖိုကြီးကို ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်သင့်ပါသည်။

(၈) အကျဉ်းထောင်ဆရာဝန်တစ်ဦး ခန့်အပ်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(၉) ခန္တီးခရိုင်ဆေးရုံ၌ အကျဉ်းသူ လူနာအတွက်လည်း Guard Ward ထားရှိသင့်ပါသည်။

(ခ) **ခန္တီးမြို့မ ရဲအချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက် တံခါးများကို လူတစ်ရပ်အမြင့် ၆' ခန့်အထိ တိုးချဲ့ပြုပြင်သင့်ပါသည်။

(၂) အမျိုးသားအချုပ်ခန်းအတွင်း သန့်ရှင်းရေးနှင့် အနံ့အသက်များ ကောင်းမွန်အောင် ဆောင်ရွက်သင့်ပါသည်။

(၃) အချုပ်သူတစ်ဦးအား ဖမ်းဆီးစဉ် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းအား စိစစ်၍ နောင်ဖြစ်ပွားမှု မရှိအောင် သတိပြုသင့်ပါသည်။

(၄) အသက်မပြည့်သေးဟုဆိုသော အချုပ်သားတစ်ဦး၏ အသက်နှင့် အကျင့်စာရိတ္တ ထောက်ခံချက်များ ရယူ၍ ကလေးသူငယ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်

နောက်ဆက်တွဲ (ဃ)

**ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် တည်ရှိသော အကျဉ်းထောင်၊ တရားရုံးအချုပ်ခန်း၊ ရဲအချုပ်ခန်းနှင့် ပြည်သူ့ဆေးရုံအချုပ်တို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် (၃/၂၀၁၆)**

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် တည်ရှိသော အကျဉ်းထောင်၊ တရားရုံးအချုပ်ခန်း၊ ရဲအချုပ်ခန်းနှင့် ပြည်သူ့ဆေးရုံအချုပ်တို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါ်မြမြတို့သည် ကော်မရှင်ရုံးဝန်ထမ်း ၂ ဦး လိုက်ပါလျက် ၉-၃-၂၀၁၆ ရက်နေ့မှ ၁၁-၃-၂၀၁၆ ရက်နေ့အထိ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား ၂၀ ဦး၊ အကျဉ်းသူ ၉ ဦး၊ အချုပ်သား ၅ ဦး၊ အချုပ်သူ ၂ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ**

၂။ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) **လွိုင်ကော်အကျဉ်းထောင်**

(၁) အကျဉ်းသား တစ်ဦးလျှင် အနိမ့်ဆုံး ၁၈ စတုရန်းပေဖြင့် အကျဉ်းသား ၄၀၉ ဦးသာ ထားရှိသင့်သော်လည်း လက်ရှိအကျဉ်းသူ/ အကျဉ်းသား ၅၁၈ ဦး ဖြစ်နေသည့်အတွက် ကျပ်တည်းနေပါသည်။

(၂) ဝန်ထမ်းဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်တစ်ဦး လိုအပ်နေပါသည်။

(၃) အကျဉ်းထောင်တွင်း သုံးစွဲသည့် ချိုးရေနှင့်သုံးရေကို ဘီးလူးချောင်းမှ တိုက်ရိုက် စုပ်တင် အသုံးပြုနေသည့်အတွက် အနည်နှစ်များ တွေ့ရှိရပါသည်။

(၄) နေသား ၁၄ နှစ် ကျော်လွန်နေသော အကျဉ်းသား ခုနှစ်ဦး တွေ့ရှိရပါသည်။

(၅) အချို့အကျဉ်းသားများ၏ အိမ်ထောင်စုစာရင်းပါ မိသားစုဝင်များ အားလုံး ကွယ်လွန်သွားပြီ ဖြစ်၍ ကျန်ရစ်သူဆွေမျိုးများမှ ထောင်ဝင်စာ လာရောက်တွေ့ဆုံရာတွင် အခက်အခဲများရှိကြောင်း သိရှိရပါသည်။

(၆) အချို့အကျဉ်းသူများ၌ အမျိုးသမီး လစဉ်သုံးပစ္စည်းများ မရှိသဖြင့် မသင့်လျော်သည့် အဝတ်စများကို သုံးစွဲနေရကြောင်း သိရှိရပါသည်။

(ခ) **လွိုင်ကော်တရားရုံးအချုပ်ခန်း**

(၁) ကျားအချုပ်ခန်း ဝင်ပေါက်မှာ အမြင့် ၂ ပေခွဲ၊ အကျယ် ၂ ပေရှိပြီး မ အချုပ်ခန်း ဝင်ပေါက်မှာ အမြင့် ၃ ပေ၊ အကျယ် ၂ ပေခွဲသာရှိသဖြင့် ဆောင့်ကြောင့်ထိုင်မှ ဝင်၍ရပါသည်။

(၂) အချုပ်သူ/သား အားလုံး အပေါ့စွန့်ရာ၌ ပုံးဖြင့်စွန့်ရသဖြင့် နံစော်နေကြောင်း၊ အမှိုက်များ ရှုပ်ပွနေကြောင်း တွေ့ရှိရပါသည်။

(၃) အချုပ်ခန်းအကျယ်အဝန်းနှင့် အချုပ်သားဦးရေ မမျှတသဖြင့် ကျပ်တည်းနေကြောင်း တွေ့ရှိရပါသည်။

(ဂ) **လှိုင်ကော်မြို့မ ရဲအချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက် အကျယ်အဝန်းမှာ အမြင့် ၃ ပေ ၂ လက်မ၊ အကျယ် ၂ ပေ ၁၁ လက်မသာရှိ၍ ဆောင့်ကြောင့်ထိုင်မှ ဝင်၍ရကြောင်း တွေ့ရှိရပါသည်။

(၂) သုံးရေများထားရှိသည့် ရေပုံးမှာ ညစ်ပတ်နေကြောင်း၊ အချုပ်ခန်းထောင့်နံရံများတွင် ကွမ်းတံတွေးများ၊ အမှိုက်သရိုက်များတွေ့ရှိရပြီး အနံ့အသက်မကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဃ) **လှိုင်ကော်ပြည်သူ့ဆေးရုံအချုပ်ခန်း**

(၁) ကျား/မ လူနာများကို သီးသန့်ခွဲမထားဘဲ ရောနှောထားရှိသည်ကို တွေ့ရှိရပါသည်။

(၂) အိမ်သာနှင့် ရေချိုးခန်းမှာ ကျား/မ ခွဲခြားထားမှုမရှိကြောင်းနှင့် သန့်ရှင်းမှု မရှိကြောင်း တွေ့ရှိရပါသည်။

**အကြံပြုတိုက်တွန်းချက်များ**

၃။ အကြံပြုတိုက်တွန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **လှိုင်ကော်အကျဉ်းထောင်**

(၁) အကျဉ်းသားအင်အား များပြားကျပ်တည်းသဖြင့် အကျဉ်းသားအိပ်ဆောင်များ၊ တိုးချဲ့ ဆောက်လုပ်သင့်ပါသည်။

(၂) လက်ထောက်ဆရာဝန်တစ်ဦးခန့်အပ်ခွင့်ရရှိရေး ဆောင်ရွက်သင့်ပါသည်။

(၃) အကျဉ်းထောင်တွင်း သုံးစွဲသည့်ရေမှာ ဘီးလူးချောင်းမှ တိုက်ရိုက်စုပ်တင်ရာတွင် အနည်အနှစ်များ ပါရှိသည့်အတွက် ရေစစ်ကန် တည်ဆောက်သင့်ပါသည်။

(၄) နေသား ၁၄ နှစ် ကျော်လွန်နေသော အကျဉ်းသား ခုနှစ်ဦး၏ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်ပေးသင့်ပါသည်။

(၅) ထောင်ဝင်စာတွေ့ဆုံမှုနှင့်စပ်လျဉ်း၍ တင်းကျပ်သော စည်းကမ်းချက်များကို ဖြေလျှော့ပေး သင့်ပါသည်။

(၆) အကျဉ်းသူများအတွက် အမျိုးသမီးလစဉ်သုံးပစ္စည်းများ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) **လှိုင်ကော်တရားရုံးအချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက်များကို လူတစ်ရပ်အမြင့်ထိ တိုးချဲ့ဖေါက်လုပ်သင့်ပါသည်။

(၂) အချုပ်ခန်းအတွင်း၌ လုံခြုံသန့်ရှင်းသော အိမ်သာများ ထားရှိသင့်ပါသည်။

(၃) နေ့စဉ် ချုပ်နှောင်နေရသော အချုပ်သားဦးရေနှင့် ဝင်ဆံ့သည့် အချုပ်ခန်းများ တိုးချဲ့တည်ဆောက်သင့်ပါသည်။

(ဂ) **လှိုင်ကော်မြို့မရဲအချုပ်ခန်း**

(၁) အချုပ်ခန်း ဝင်ပေါက်များကို လူတစ်ရပ်အမြင့်ထိ တိုးချဲ့ဖေါက်လုပ်သင့်ပါသည်။

(၂) အချုပ်ခန်းအတွင်း အလင်းရောင်၊ လေဝင်လေထွက်နှင့် သန့်ရှင်းမှုကောင်းမွန်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) **လှိုင်ကော်ဆေးရုံအချုပ်ခန်း**

(၁) ကျား/မ လူနာများကို သီးခြားအခန်းဖြင့် ခွဲခြားထားရှိသင့်ပါသည်။

(၂) ကျား/မ လူနာများအတွက် အိမ်သာနှင့် ရေချိုးခန်းကို ခွဲခြားထားရှိသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၇ ရက်

**ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တည်ရှိသော အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၁၆)**

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တည်ရှိသော အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာ ဉာဏ်ဇော်နှင့် ဒေါ်မြမြတို့သည် ၂၉-၃-၂၀၁၆ နေ့မှ ၃၁-၃-၂၀၁၆ နေ့ထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အကျဉ်းသား ၂၂ ဦး၊ အကျဉ်းသူ ၉ ဦး၊ အချုပ်သား ၂ ဦး၊ အချုပ်သူ ၃ ဦး၊ စုစုပေါင်း ၃၆ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ**

၂။ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) **မြစ်ကြီးနားအကျဉ်းထောင်**

(၁) မြစ်ကြီးနားအကျဉ်းထောင်သည် "က"အဆင့် အကျဉ်းထောင်ဖြစ်ကြောင်း၊ တစ်ဦးလျှင် ၁၈ စတုရန်းပေနှုန်းဖြင့် ထားရှိနိုင်သည့်ဦးရေ ၁၈၆၈ ဦး ဖြစ်သော်လည်း လက်ရှိဦးရေ ၂၈၇၁ ဦး ဖြစ်သဖြင့် ဝင်ဆံ့မှုထက် ကျော်လွန်နေကြောင်း၊ နေရာထိုင်ခင်း၊ ရေချိုးခြင်းနှင့် အိမ်သာသုံးခြင်းများတွင် ကျပ်တည်းနေကြောင်း တွေ့ရှိရပါသည်။

(၂) ရေသန့်စက် ရှိသော်လည်း အကျဉ်းသားများအား ရေသန့် ဖြန့်ဝေခြင်း မရှိကြောင်း တွေ့ရှိရ ပါသည်။

(၃) အကျဉ်းသား အိပ်ဆောင်အချို့တွင် ကွပ်ပျစ်များ လုံလောက်မှု မရှိသဖြင့် အချို့အကျဉ်းသားများ သံမံတလင်းပေါ်တွင် အိပ်စက်နေရပါသည်။

(၄) အိပ်ဆောင်အချို့တွင် ကွပ်ပျစ်များပေါ်၌ ခင်းထားသည့် ဖယောင်းပုဆိုးများ စုတ်ပြဲနေပါသည်။

(၅) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့်ပတ်သက်၍ အကျဉ်းသား အချို့မှ သိရှိခြင်း မရှိပါ။

(၆) နေမကောင်းသော အကျဉ်းသူများအတွက် သီးသန့်နေရာ မရှိပါ။

(၇) အကျဉ်းသား၊ အကျဉ်းသူများအတွက် သုံးရေ မလုံလောက်ကြောင်း တွေ့ရှိရပါသည်။

(၈) အိပ်ဆောင်များတွင် လူဦးရေ ကျပ်တည်းသဖြင့် အနံ့အသက် ဆိုးရွားပါသည်။

(၉) အကျဉ်းသူများအတွက် အမျိုးသမီး လစဉ်သုံးပစ္စည်းများ ထုတ်ပေးမှု မရှိကြောင်း တွေ့ရှိရ ပါသည်။

(၁၀) အချို့အကျဉ်းသား အိပ်ဆောင်မှူးများမှ နေ့စဉ် နံနက်တိုင်း ရုန့်ရင်း ကြမ်းတမ်းစွာ ဆဲဆိုနေမှု များရှိကြောင်း ကြားသိရပါသည်။

(ခ) **မြစ်ကြီးနားမြို့မရဲစခန်းအချုပ်**

(၁) အချုပ်ခန်းအတွင်း လေကောင်း/လေသန့် မရရှိကြောင်းနှင့် သန့်ရှင်းသပ်ရပ်မှု မရှိကြောင်း တွေ့ရှိရပါသည်။

(၂) ရေချိုးခန်းနှင့် အိမ်သာများတွင် အနံ့အသက်များ ဆိုးရွားပါသည်။

(၃) အချုပ်ခန်းအတွင်း အမှိုက်ပုံး မရှိကြောင်း တွေ့ရှိရပါသည်။

(၄) အချုပ်သူများ ထားရှိသော အခန်းတွင် ရေလောင်းအိမ်သာမရှိဘဲ ပလတ်စ တစ်ပုံးဖြင့်သာ အသုံးပြုနေရကြောင်း တွေ့ရှိရပါသည်။

(ဂ) **မြစ်ကြီးနားပြည်သူ့ဆေးရုံ အချုပ်ဆောင် (Guard Ward)**

(၁) မျက်နှာကျက် ပျက်စီးပြီး မိုးယိုနေပါသည်။

(၂) ရေချိုးခန်းနှင့် အိမ်သာအား အမျိုးသား/အမျိုးသမီး ခွဲခြားထားမှု မရှိကြောင်း တွေ့ရှိရ ပါသည်။

(ဃ) **မြစ်ကြီးနားမြို့ ပြည်နယ်တရားလွှတ်တော်ချုပ် အချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက်သည် ၂ ပေခွဲပတ်လည်ခန့်သာရှိ၍ ဆောင့်ကြောင့်ထိုင်၍ ဝင်ရောက်ရပါသည်။

(၂) အချုပ်ခန်းအတွင်းရှိ အိမ်သာများ ညစ်ပတ်နေပါသည်။

(င) **ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ (စီတာပူဆွတ်ပိုင်တောင်၊ မန်ခိန်၊ ရွှေစက်၊ တပ်ကုန်း အင်ဂျန်ဒုံ၊ လယ်ကုန်းဇီးအုန်၊ မြို့သစ်ကြီး ဂျန်မိုင်ကောင်း နှစ်ခြင်းနှင့် အာရ်စီ)**

(၁) WFP, UNHCR နှင့် အခြား INGOs များက ယခင်က လုံလောက်စွာ ရိက္ခာ ထောက်ပံ့ပေးခဲ့သော်လည်း ယခု လူ ၁ ဦးချင်းစီအား ၁ လအတွက် ထောက်ပံ့ငွေ ၉၀၀၀ ကျပ်မှ ၁၃၀၀၀ ကျပ်အတွင်းသာ ပေးအပ်သဖြင့် ၎င်းတို့အတွက် လောက်ငှမှု မရှိကြောင်း သိရှိရပါသည်။

(၂) အအေးဒဏ်ခံနိုင်သော အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပြည့်စုံ လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။

(၃) အိပ်ဆောင်များသည် လူဦးရေဝင်ဆံ့မှုထက် ကျော်လွန်နေကြောင်း တွေ့ ရှိရပါသည်။

(၄) စီတာပူဆွတ်ပိုင်တောင်နှင့် ရွှေစက်နှစ်ခြင်းစခန်းများတွင် သုံးရေ လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။

(၅) ရွှေစက်နှစ်ခြင်းနှင့် တပ်ကုန်း အင်ဂျန်ဒုံစခန်းများတွင် ယင်လုံအိမ်သာသည် လူဦးရေနှင့် နှိုင်းယှဉ်ပါက လုံလောက်မှုတမှု မရှိကြောင်း တွေ့ရှိရပါ သည်။

(၆) စခန်းများတွင် လူဦးရေ တိုးပွားနေကြောင်း သိရှိရပါသည်။

(၇) စုပေါင်းမီးဖိုဆောင်များ ထားရှိသော်လည်း အချို့စခန်းများတွင် အခန်းအတွင်း၌ မီးဖိုများ အသုံးပြုနေကြသဖြင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသည်။

(၈) စခန်းတွင် နေထိုင်သည့်ကာလ ၆ နှစ်ကျော်လာပြီဖြစ်သဖြင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ထောက်ပံ့ပေးနိုင်မှု လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

**အကြံပြုတိုက်တွန်းချက်များ**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မြစ်ကြီးနားအကျဉ်းထောင်**

(၁) မြစ်ကြီးနား အကျဉ်းထောင်သည် ဝင်ဆံ့မှုထက် ကျော်လွန်နေပါသဖြင့် အကျဉ်းသား အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(၂) အကျဉ်းသားများအား သောက်ရေသန့် တိုက်ကျွေးသင့်ပါသည်။

(၃) ကွပ်ပျစ်များ အလုံအလောက် ပြုလုပ်ပေးသင့်ပါသည်။

(၄) အိပ်ဆောင်တိုင်းတွင် ဖယောင်းပုဆိုးများ အလုံအလောက် ခင်းကျင်းပေးသင့်ပါသည်။

(၅) သာမန်လျှော့ရက်နှင့် ခန့်မှန်းလွတ်ရက်များအား အကျဉ်းသားအားလုံး သိရှိနိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

(၆) နေမကောင်းသော အကျဉ်းသူများအတွက် သီးသန့်နေရာ စီစဉ်ပေးသင့်ပါသည်။

(၇) အကျဉ်းသား၊ အကျဉ်းသူများအတွက် သုံးရေ လုံလောက်အောင် စီစဉ်ပေးသင့်ပါသည်။

(၈) အိပ်ဆောင်များတွင် အနံ့အသက် မရှိစေရန် သန့်ရှင်းရေး ဆောင်ရွက်ပေးသင့်ပါသည်။

(၉) အကျဉ်းသူများအား အမျိုးသမီး လစဉ်သုံးပစ္စည်းများ ထုတ်ပေးသင့်ပါသည်။

(၁၀) အကျဉ်းသားအိပ်ဆောင်မှူးများမှ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုနေမှုများအား ပြုပြင်သင့်ပါသည်။

(ခ) **မြစ်ကြီးနားမြို့မရဲစခန်းအချုပ်**

(၁) အချုပ်ခန်းအတွင်း လေကောင်း/လေသန့် ရရှိရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ပေးသင့်ပါသည်။

(၂) ရေချိုးခန်းနှင့် အိမ်သာများတွင် အနံ့အသက် မရှိစေရန် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(၃) အချုပ်ခန်းအတွင်း အမှိုက်ပုံး ထားရှိသင့်ပါသည်။

(၄) အချုပ်သူများ အခန်းတွင် ရေလောင်းအိမ်သာ ထားရှိသင့်ပါသည်။

(ဂ) **မြစ်ကြီးနားပြည်သူ့ဆေးရုံ အချုပ်ဆောင် (Guard Ward)**

(၁) အမိုးနှင့် မျက်နှာကျက်အား ပြုပြင်သင့်ပါသည်။

(၂) ရေချိုးခန်းနှင့် အိမ်သာအား အမျိုးသား/အမျိုးသမီး ခွဲခြားထားရှိသင့်ပါသည်။

(ဃ) **မြစ်ကြီးနားမြို့ ပြည်နယ်တရားလွှတ်တော်ချုပ် အချုပ်ခန်း**

(၁) အချုပ်ခန်းဝင်ပေါက်များကို လူတစ်ရပ်အမြင့်ထိ တိုးချဲ့ဖောက်လုပ်သင့်ပါသည်။

(၂) အချုပ်ခန်းအတွင်း၌ အိမ်သာများ သန့်ရှင်းမှု ကောင်းမွန်ရေး ဆောင်ရွက် သင့်ပါသည်။

(င) **ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ (စီတာပူဆွတ်ပိုင်တောင်၊ မန်ခိန်၊ ရွှေစက်၊ တပ်ကုန်း အင်ဂျန်ဒုံ၊ လယ်ကုန်းဇီးအုန်၊ မြို့သစ်ကြီး ဂျန်မိုင်ကောင်း နှစ်ခြင်းနှင့် အာရ်စီ)**

(၁) လူဦးရေ ဝင်ဆံ့မှုထက် ကျော်လွန်နေသော စခန်းများတွင် အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ် ပေးသင့်ပါသည်။

(၂) စီတာပူဆွတ်ပိုင်တောင်နှင့် ရွှေစက်နှစ်ခြင်းစခန်းများတွင် ရေအလုံအ လောက်ရရှိရန် စီစဉ် ပေးသင့်ပါသည်။

(၃) ရွှေစက်နှင့် တပ်ကုန်းအင်ဂျန်ဒုံစခန်းများရှိ ယင်လုံအိမ်သာများ တိုးချဲ့ ဆောက်လုပ်ပေးခြင်း၊ အိမ်သာကျင်းများမှ မိလ္လာများအား စုပ်ထုတ်ခြင်း များ ပြုလုပ်ပေးသင့်ပါသည်။

(၄) စခန်းအတွင်း လူဦးရေ မြင့်တက်နေပါသဖြင့် သားဆက်ခြားရေးနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ပေးသင့်ပါသည်။

(၅) စခန်းများအတွင်း သတ်မှတ်ထားသော နေရာများ၌သာ ချက်ပြုတ်ရေး၊ မီးဘေးလုံခြုံရေး တို့အတွက် ကြပ်မတ်ပေးသင့်ပါသည်။

(၆) နယ်မြေအေးချမ်းမှု ရှိသောနေရာများတွင် ပြည်နယ်အစိုးရမှ လုံခြုံရေး အာမခံ ပြီး ပြန်လည်အခြေချရန် စည်းရုံးသိမ်းသွင်းခြင်းနှင့် ပညာပေးဆွေးနွေးခြင်း များ ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်

**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်သော သတင်းထုတ်ပြန်ချက် (၈/၂၀၁၆)**

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် ရပ်စောက်မြို့နယ်အတွင်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတို့အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ဒေါ်မြမြတို့သည် ကော်မရှင် ရုံးဝန်ထမ်းများလိုက်ပါလျက် ၂၃-၅-၂၀၁၆ ရက်နေ့မှ ၂၇-၅-၂၀၁၆ ရက်နေ့အထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ညောင်ရွှေအကျဉ်းထောင်တွင် အကျဉ်းသား ၃၈ ဦး၊ အကျဉ်းသူ ၁၄ ဦး၊ အချုပ်သား ၂ ဦး၊ ရပ်စောက်မြို့နယ်၊ ဘန်းကန် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသား ၁၃ ဦး၊ ထီးခမ်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသား ၁၆ ဦး၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသား ၁၉ ဦး၊ စုစုပေါင်း အကျဉ်းသား၊ အကျဉ်းသူ ၁၀၂ ဦးအား တစ်ဦးချင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များ**

၂။ အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါသည်-

(က) **တောင်ကြီးမြို့မရဲစခန်းအချုပ်**

(၁) အချုပ်ခန်းအတွင်း လေကောင်း/လေသန့် မရရှိကြောင်း၊

(၂) အချုပ်ခန်းအတွင်း အမှိုက်ပုံး မရှိကြောင်း၊

(၃) အချုပ်ကြန့်ကြာကာလ ၁ နှစ်အထက် ၄ ဦး၊ ၆ လအထက် ၃၇ ဦးရှိကြောင်း၊

(၄) မြို့မရဲစခန်းရှိ ကျားအချုပ်ခန်းအမှတ် (၁) နှင့် အမှတ် (၅) တို့တွင် အချုပ်သားဦးရေ ၂၅ ဦး၊ ကျားအချုပ်ခန်းအမှတ်(၂) တွင် အချုပ်သားဦးရေ ၂၀ ဦး၊ မအချုပ်ခန်းအမှတ်(၄) တွင် အချုပ်သူဦးရေ ၁၅ ဦး၊ စုစုပေါင်း အချုပ်သား ၇၀ ဦး၊ အချုပ်သူ ၁၅ ဦးသာ ဝင်ဆံ့သော်လည်း လက်ရှိ အချုပ်သားဦးရေ ၁၁၃ ဦး၊ အချုပ်သူဦးရေ ၁၃ ဦးရှိသဖြင့် ဝင်ဆံ့မှုထက် အချုပ်သား ၄၃ ဦး ပိုမိုချုပ်နှောင်ထားရကြောင်း။

(ခ) **တောင်ကြီးမြို့နယ်၊ နယ်မြေရဲတပ်ဖွဲ့စခန်းအချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အမှိုက်ပုံး မရှိကြောင်း၊

(၂) အချုပ်ခန်းအတွင်းရှိ အိမ်သာများတွင် သန့်ရှင်းမှု အားနည်းကြောင်း၊

(၃) အချုပ်ကြန့်ကြာကာလ ၁ နှစ်အထက် အချုပ်သား ၆ ဦး၊ ၆ လအထက် အချုပ်သား ၅၇ ဦး၊ အချုပ်သူ ၁၁ ဦး၊ စုစုပေါင်း ၆၈ ဦးရှိကြောင်း၊

(၄) အချုပ်ခန်း ၁၀ ခန်းရှိပြီး တစ်ခန်းလျှင် ၂၀ ဦး ချုပ်နှောင်နိုင်သဖြင့် စုစုပေါင်း ၂၀၀ ဦးသာ ဝင်ဆံ့သော်လည်း လက်ရှိအချုပ်သားဦးရေ ၂၃၉ ဦး၊ အချုပ်သူ

၂၉ ဦး၊ စုစုပေါင်း ၂၆၈ ဦး ချုပ်နှောင်ထားသဖြင့် ဝင်ဆံ့မှုထက် ၆၈ ဦး ပိုမို ချုပ်နှောင်ထားရကြောင်း။

(ဂ) **တောင်ကြီးမြို့နယ်၊ အေးသာယာနယ်မြေရဲတပ်ဖွဲ့စခန်းအချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အိမ်သာများ သန့်ရှင်းမှု အားနည်းကြောင်း၊

(၂) အချုပ်ခန်းအတွင်း အမှိုက်ပုံး မရှိကြောင်း၊

(၃) အချုပ်ခန်းများအတွင်း လေကောင်းလေသန့် ရရှိမှု အားနည်းကြောင်း။

(ဃ) **စဝ်စံထွန်းဆေးရုံ အချုပ်ဆောင်** (Guard Ward)

(၁) အချုပ်ဆောင်တွင် ကျား/မ ခွဲခြားထားမှုမရှိဘဲ တစ်ခန်းတည်းရှိကြောင်း၊

(၂) ရေချိုးခန်းနှင့်အိမ်သာတွင် အမျိုးသား/အမျိုးသမီး ခွဲခြားထားမှု မရှိကြောင်း။

(င) **တောင်ကြီးခရိုင်တရားရုံးအချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အမှိုက်ပုံး မရှိကြောင်း၊

(၂) အချုပ်ခန်းအတွင်းရှိ အိမ်သာများ သန့်ရှင်းမှု မကောင်းကြောင်း၊

(၃) အချုပ်ခန်းတွင် သမံတလင်း ခင်းထားပြီး သစ်သားကွပ်ပျစ်မရှိကြောင်း။

(စ) **ဘန်းကန် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) အိပ်ဆောင်အမှတ် (၂) တွင် ကြမ်းခင်းဖယောင်းပုဆိုးများ စုတ်ပြဲနေကြောင်း၊

(၂) အိပ်ဆောင်အမှတ် (၄) တွင် ဖယောင်းပုဆိုး ခင်းထားခြင်း မရှိကြောင်း၊

(၃) စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော စာအုပ်၊ စာပေများ နည်းပါးကြောင်း၊

(၄) တိုင်းရင်းသား ဘာသာစကား ကျွမ်းကျင်သောဝန်ထမ်းများ နည်းပါးကြောင်း၊

(၅) သုံးရေအား အကန့်အသတ်ဖြင့်သာ အသုံးပြုရကြောင်း၊

(၆) ကျန်းမာရေးဝန်ထမ်း မရှိကြောင်း၊

(၇) အကျဉ်းသားအိပ်ဆောင်များတွင် ဝင်ဆံ့မှုထက် ကျော်လွန်နေကြောင်း၊

(၈) အများပြည်သူ ရုံးပိတ်ရက်များတွင် အပြည့်အဝ အနားမပေးကြောင်း၊

(၉) ရိုက်နှက်၍ ပြစ်ဒဏ်ပေးခြင်းများရှိကြောင်း။

(ဆ) **ထီးခမ်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) အကျဉ်းသားအိပ်ဆောင် ကွပ်ပျစ်များတွင် ကြမ်းပိုးများရှိကြောင်း၊

(၂) သုံးရေအား အကန့်အသတ်ဖြင့်သာ သုံးစွဲရကြောင်း၊

(၃) ထမင်းစားဆောင်အမိုးသည် စုတ်ပြဲနေကြောင်း၊\

(၄) စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော စာအုပ်များ နည်းပါးကြောင်း၊

(၅) တိုင်းရင်းသားဘာသာစကား ကျွမ်းကျင်သောဝန်ထမ်းများ နည်းပါးကြောင်း။

(ဈ) **ညောင်ရွှေအကျဉ်းထောင်**

(၁) "က"အဆင့် အကျဉ်းထောင်ဖြစ်ပြီး တစ်ဦးလျှင် ၁၈ စတုရန်းပေ နှုန်းဖြင့်ထားရှိနိုင်သည့်ဦးရေ ၁၀၉၆ ဦးဖြစ်ကြောင်း၊ လက်ရှိဦးရေ ၁၈၃၉ ဦးဖြစ်သဖြင့် ဝင်ဆံ့မှုထက် ကျော်လွန်နေပြီး နေရာထိုင်ခင်း၊ ရေချိုးခြင်းနှင့် အိမ်သာသုံးခြင်းများတွင် ကျပ်တည်းနေကြောင်း၊

(၂) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့်ပတ်သက်၍ အကျဉ်းသား အချို့မှ သိရှိခြင်းမရှိကြောင်း၊

(၃) နိုင်ငံခြားသား အကျဉ်းသားများ၏ မိသားစုဝင်များ ဧည့်တွေ့လာရောက်ရန် အခက်အခဲရှိကြောင်း၊

(၄) စာကြည့်တိုက်တွင် တိုင်းရင်းသား ဘာသာစကားဖြင့် ရေးသားထားသော စာအုပ်များ မရှိကြောင်း၊

(၅) လူဦးရေ ကျပ်တည်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်မည့် အစီအမံများ မရှိကြောင်း၊

(၆) အကျဉ်းသူများအတွက် အမျိုးသမီး လစဉ်သုံးပစ္စည်းများ ထုတ်ပေးမှု မရှိကြောင်း။

(ည) **တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) ကျန်းမာရေးဝန်ထမ်းများ မရှိကြောင်း၊

(၂) စားဖိုကြီးတွင် ယင်ကောင်များ များပြားကြောင်း၊

(၃) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များအား အကျဉ်းသားအချို့မှ မသိရှိကြောင်း၊

(၄) စာကြည့်တိုက်တွင် သတင်းစာ မရှိကြောင်း၊

(၅) အကျဉ်းသားတစ်ဦးကို ခြေချင်းခတ်ထားသည်မှာ ၈ လကျော် ကြာမြင့်နေပြီဖြစ်ကြောင်း။

(ဋ) **တောင်ကြီးမြို့၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ၈ ခု (အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ ဓမ္မဝိဒူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ သူငယ်တော် ယေရှုလူငယ်ဖွံ့ဖြိုး ရေး ပရဟိတဂေဟာ၊ ငြိမ်းချမ်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဒေါ်ကြီး၊ ဒေါ်ငယ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဟမ်းဆီး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် အေးသာယာလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာ)**

(၁) လူမှုဝန်ထမ်းဦးစီးဌာနမှ လူတစ်ဦးလျှင် နေ့စဉ်ကျွေးမွေးစရိတ် ၄၀၀ ကျပ် ထောက်ပံ့ပေးကြောင်း၊

(၂) သင်ကြားမှုအထောက်အကူပစ္စည်းများ နည်းပါးကြောင်း၊

(၃) ဓမ္မဝိဒူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဒေါ်ကြီး၊ ဒေါ်ငယ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် အေးသာယာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတို့တွင် လက်ခံနိုင်သောဝင်ဆံ့မှုထက် လူဦးရေကျော်လွန်နေကြောင်း။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များ**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တောင်ကြီးမြို့မရဲစခန်းအချုပ်**

(၁) အချုပ်ခန်းအတွင်း လေဝင်/လေထွက် ကောင်းမွန်အောင် ပြုပြင်သင့်ပါ သည်။

(၂) အချုပ်ခန်းအတွင်း အမှိုက်ပုံး ထားရှိသင့်ပါသည်။

(၃) အချုပ်ကာလ ကြန့်ကြာနေသူများ လျှော့နည်းကျဆင်းရေး ဆောင်ရွက်သင့်ပါသည်။

(၄) ဝင်ဆံ့မှုထက် ကျော်လွန်နေသဖြင့် အာမခံပေးသင့်သူများအား အာမခံပေးခြင်း၊ အဆောက်အဦအသစ်များ တည်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါသည်။

(ခ) **တောင်ကြီးမြို့နယ်၊ နယ်မြေရဲတပ်ဖွဲ့စခန်းအချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အမှိုက်ပုံး ထားရှိသင့်ပါသည်။

(၂) အချုပ်ခန်းအတွင်းရှိ အိမ်သာများ၏သန့်ရှင်းရေးအား ဆောင်ရွက်သင့်ပါသည်။

(၃) အချုပ်ကာလ ကြန့်ကြာနေသူများ လျှော့နည်းကျဆင်းရေး ဆောင်ရွက်သင့်ပါသည်။

(၄) ဝင်ဆံ့မှုထက် ကျော်လွန်နေသဖြင့် အကျဉ်းထောင်သို့ ပို့ဆောင်ခြင်း၊ အချုပ်ခန်း တိုးချဲ့ခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါသည်။

(ဂ) **တောင်ကြီးမြို့နယ်၊ အေးသာယာ နယ်မြေရဲတပ်ဖွဲ့စခန်း အချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အိမ်သာများ သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(၂) အချုပ်ခန်းအတွင်း အမှိုက်ပုံး ထားရှိသင့်ပါသည်။

(၃) အချုပ်ခန်းများအတွင်း လေဝင်/လေထွက် ကောင်းမွန်အောင် ပြုပြင်သင့်ပါသည်။

(ဃ) **စစ်စံထွန်းဆေးရုံ အချုပ်ဆောင် (Guard Ward)**

(၁) လူနာများအား ကျား/မ ခွဲခြားထားရှိသင့်ပါသည်။

(၂) ရေချိုးခန်းနှင့် အိမ်သာအား ကျား/မ ခွဲခြားထားရှိသင့်ပါသည်။

(င) **တောင်ကြီးခရိုင်တရားရုံးအချုပ်ခန်း**

(၁) အချုပ်ခန်းအတွင်း အမှိုက်ပုံး ထားရှိသင့်ပါသည်။

(၂) အချုပ်ခန်းအတွင်းရှိ အိမ်သာများ သန့်ရှင်းရေး ဆောင်ရွက်ပေးသင့်ပါသည်။

(၃) အချုပ်ခန်းအတွင်း သစ်သားကွပ်ပျစ်များ ထားရှိသင့်ပါသည်။

(စ) **ဘန်းကန် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) ကြမ်းခင်းရန်အတွက် ဖယောင်းပုဆိုးများအား ဖြည့်ဆည်းပေးသင့်ပါသည်။

(၂) စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာစကားဖြင့် ရေးသားထားသော စာအုပ်များ ထားရှိသင့်ပါသည်။

(၃) ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားဘာသာစကားများကို လေ့လာသင်ကြားသင့်ပါသည်။

(၄) သုံးရေ အပြည့်အဝ ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်သင့်ပါသည်။

(၅) ဖွဲ့စည်းပုံနှင့်အညီ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးသင့်ပါသည်။

(၆) အကျဉ်းသားအိပ်ဆောင်သစ်များ တိုးချဲ့တည်ဆောက်ပေးသင့်ပါသည်။

(၇) အများပြည်သူ ရုံးပိတ်ရက်များတွင် ရဲဘက်အကျဉ်းသားများအား အနားပေးသင့်ပါသည်။

(၈) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့် ပတ်သက်၍ အကျဉ်းသားအားလုံးသိရှိအောင် ဆောင်ရွက်သင့်ပါသည်။

(၉) အကျဉ်းထောင်လက်စွဲနှင့်အညီ ပြစ်ဒဏ်ပေးသင့်ပါသည်။

(ဆ) **ထီးခမ်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) အိပ်ဆောင်တိုင်းတွင် ခြင်၊ ယင်၊ ကြမ်းပိုးများ ကင်းစင်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

(၂) သုံးရေ လုံလောက်စွာ ပေးဝေနိုင်ရေး စီမံဆောင်ရွက်သင့်ပါသည်။

(၃) ထမင်းစားဆောင် အမိုးအကာများ ပြုပြင်သင့်ပါသည်။

(၄) စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော စာအုပ်များ ထားရှိသင့်ပါသည်။

(၅) ဝန်ထမ်းများမှ တိုင်းရင်းသားဘာသာစကားများကို လေ့လာသင်ယူသင့်ပါသည်။

(၆) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့် ပတ်သက်၍ အကျဉ်းသားအားလုံးသိရှိအောင် ဆောင်ရွက်သင့်ပါသည်။

(ဇ) **ညောင်ရွှေအကျဉ်းထောင်**

(၁) အိပ်ဆောင်သစ်များအား တည်ဆောက်သင့်ပါသည်။

(၂) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့် ပတ်သက်၍ အကျဉ်းသားအားလုံးသိရှိအောင် ဆောင်ရွက်သင့်ပါသည်။

(၃) နိုင်ငံခြားသား အကျဉ်းသားများ၏ မိသားစုဝင်များ ထွေ့တွေ့လာရောက်ရန် အခက်အခဲရှိပါက အကျဉ်းသားမှ အမည်စာရင်း တင်ပြသောသူအား ခွင့်ပြုသင့်ပါသည်။

(၄) လူဦးရေကျပ်တည်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်မည့် အစီအမံများ ဆောင်ရွက်ထားသင့်ပါသည်။

(၅) စာကြည့်တိုက်တွင် တိုင်းရင်းသားဘာသာစကားဖြင့် ရေးသားထားသော စာအုပ်များ ထားရှိသင့်ပါသည်။

(၆) ကူးစက်ရောဂါသည်များအား သီးခြားခွဲထားသင့်ပါသည်။

(၇) အကျဉ်းသူများအတွက် အမျိုးသမီး လစဉ်သုံးပစ္စည်းများ ထုတ်ပေးသင့်ပါသည်။

(ဈ) **တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း**

(၁) ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးသင့်ပါသည်။

(၂) ယင်ကောင်များ မရှိအောင် ဆောင်ရွက်သင့်ပါသည်။

(၃) သာမန်လျှော့ရက်၊ ခန့်မှန်းလွတ်ရက်များနှင့် ပတ်သက်၍ အကျဉ်းသားအားလုံး သိရှိအောင် ဆောင်ရွက်သင့်ပါသည်။

(၄) စာကြည့်တိုက်တွင် သတင်းစာ ထားရှိသင့်ပါသည်။

(၅) အကျဉ်းထောင် လက်စွဲနှင့်အညီ ခြေချင်းခတ်သင့်ပါသည်။

(ည) **တောင်ကြီးမြို့၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း ၈ ခု (အမျိုးသမီးဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ရှမ်းရိုးမဘိုးဘွားရိပ်သာ၊ ဓမ္မဝိဒူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ သူငယ်တော်ယေရှုး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ငြိမ်းချမ်းလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ဒေါ်ကြီး၊ ဒေါ်ငယ် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဟမ်းဆီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် အေးသာယာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ)**

(၁) လူတစ်ဦးလျှင် နေ့စဉ်ကျွေးမွေးစရိတ် တိုးမြှင့်ပေးသင့်ပါသည်။

(၂) သင်ကြားမှုအထောက်အကူပစ္စည်းများ ဖြည့်တင်းပေးသင့်ပါသည်။

(၃) လူဦးရေ ကျပ်တည်းသော စခန်းများတွင် အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်

**နောက်ဆက်တွဲ (ထ)**

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်သော သတင်းထုတ်ပြန်ချက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၁၆)

၁။ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တောင်ငူအကျဉ်းထောင်၊ (၄) မိုင် ကျောက်ထုတ်လုပ်ရေး စခန်း၊ တောင်ငူမြို့မရဲအချုပ်ခန်း၊ အမှတ် (၂) နှင့် အမှတ် (၃) ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်း၊ ရေတာရှည်၊ ကေတုမတီနှင့် ဖြူးမြို့ဘိုးဘွားရိပ်သာများ၊ တောင်ငူမြို့ ဇေယျာသီရိ အမျိုးသမီးဂေဟာနှင့် ဒိုက်ဦးမြို့ကန်တော်မင်္ဂလာ ပရဟိတဂေဟာများအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ဒေါ်မြမြ တို့သည် ကော်မရှင် ရုံးဝန်ထမ်းများ လိုက်ပါလျက် ၂၀-၆-၂၀၁၆ ရက်နေ့မှ ၂၃-၆-၂၀၁၆ ရက်နေ့ အထိ ကြည့်ရှုစစ်ဆေး၍ သက်ဆိုင်ရာ ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အကျဉ်းသား/ အချုပ်သား ၆၂ ဦး၊ အကျဉ်းသူ/ အချုပ်သူ ၁၄ ဦး တို့နှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များ**

၂။ **တောင်ငူအကျဉ်းထောင်**

(က) လူဦးရေ ၁၀၀၀ ဆံ့ "က" အဆင့် အကျဉ်းထောင်ဖြစ်ကြောင်း၊ လက်ရှိအကျဉ်းသား/ အကျဉ်းသူ ၁၀၆၇ ဦး၊ အချုပ်သား/အချုပ်သူ ၁၃၂ ဦး စုစုပေါင်း ၁၁၉၉ ဦးရှိကြောင်း၊ အချို့အိပ်ဆောင်များတွင် လူဦးရေကျပ်တည်းနေကြောင်း တွေ့ရှိရသဖြင့် အိပ်ဆောင် များ တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(ခ) အကျဉ်းထောင်သို့ အထူးကုဆရာဝန်များ လာရောက်သော်လည်း လိုအပ်သော ပစ္စည်း များ အပြည့်အစုံမပါရှိ၍ ရောဂါစစ်ဆေးရှာဖွေမှုများကို မပြုလုပ်နိုင်ကြောင်း သိရှိရ ပါသည်၊ လူနာများအား စမ်းသပ်ကိရိယာများ ပြည့်စုံသော ခရိုင်ဆေးရုံသို့ ပို့ဆောင်၍ ရောဂါစမ်းသပ်ရှာဖွေ စစ်ဆေးခြင်း၊ ကုသပေးခြင်းတို့ ဆောင်ရွက်သင့်ပါသည်။

(ဂ) အချို့အကျဉ်းသားလူနာများကို ခရိုင်ဆေးရုံသို့ လွှဲပြောင်းကုသရန် Refer တင်ထား သော်လည်း ရက်များစွာကျော်လွန်မှ ခွင့်ပြုချက်ရရှိ၍ အချို့လူနာများရောဂါ ပိုမို ဆိုး ရွားသွားကြောင်း သိရှိရပါသည်၊ Refer အမြန်ဆုံးရရှိရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) လစဉ်ဆေးဝါးဝယ်ယူရန်အတွက် နှစ်သိန်းကျပ်ခန့်သာ ဘတ်ဂျက်ခွင့်ပြုငွေမှ သုံးစွဲခွင့် ပြုကြောင်း၊ လက်ရှိ အကျဉ်းသား လူနာအရေအတွက်၊ ဖြစ်ပွားသောရောဂါတို့နှင့် နှိုင်းယှဉ်ပါက လုံလောက်မှုတမှု မရှိကြောင်း တွေ့ရှိရသဖြင့် လိုအပ်သော ဆေးဝါး များဝယ်ယူရန် ခွင့်ပြုငွေကို ပိုမိုချမှတ်ပေးသင့်ပါသည်။

(ငု) နေသား ၁၄ နှစ်ကျော်လွန်နေသော အကျဉ်းသား ၁၁ ဦး၊ အကျဉ်းသူ ၁ ဦး ရှိကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့၏ ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ စဉ်းစားသုံးသပ်နိုင်ရေး အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(စ) အကျဉ်းထောင်အတွင်း၌ ယင်ကောင်များပြားစွာ တွေ့ရှိရ၍ အကျဉ်းသားများ၏ ကျန်းမာ ရေးထိခိုက်နိုင်သဖြင့် ယင်ကောင်များကို နှိမ်နင်းဖယ်ရှားသင့်ပါသည်။

(ဆ) မီးဖိုဆောင်အတွင်း ခင်းထားသော ကျောက်ပြားများကွဲအက်နေပြီး ခေါင်မိုးများ ပေါက်ပြဲနေကြောင်း တွေ့ရှိရသဖြင့် လဲလှယ်သင့်ပါသည်။

(ဇ) အချို့သောက်ရေသန့်ဘူးများ သန့်ရှင်းမှုမရှိကြောင်း တွေ့ရှိရသဖြင့် သန့်ရှင်းစွာထားရှိ သင့်ပါသည်။

(ဈ) တရုတ်နိုင်ငံသား အကျဉ်းသား နှစ်ဦးက တရုတ်သံရုံးနှင့်ဆက်သွယ်လိုကြောင်း သတင်းပို့သဖြင့် သက်ဆိုင်ရာသို့ ဆက်သွယ်ဆောင်ရွက်ပေးသင့်ပါသည်။

(ည) အမျိုးသမီး အိပ်ဆောင်အတွင်း ဘာသာရေးနှင့်သက်ဆိုင်သည့် စာအုပ်များကို အခြား သော ပစ္စည်းများနှင့်အတူ ရောနှောမထားရှိလိုကြောင်း သတင်းပို့သဖြင့် စာအုပ်စင် များ ပြုလုပ်ပေးသင့်ပါသည်။

(ဋ) နှစ်ကြီးအကျဉ်းသား၊ အကျဉ်းသူ အချို့မှ အယူခံဝင်ရောက်မှု အခြေအနေများကို သိရှိလို ကြောင်း ပြောကြားလာသဖြင့် ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို အချိန်နှင့်တပြေးညီ အသိပေး ပြောကြားသင့်ပါသည်။

(ဌ) တစ်ခါတစ်ရံ ထောင်ဝင်စာ ပစ္စည်းများစုံလင်စွာမရရှိကြောင်း သိရှိရသဖြင့် နေ့စဉ် ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဍ) ရေလောင်း အိမ်သာများ၌ ရေဆွဲချတိုင်း အနံ့ဆိုးများ ထွက်ပေါ်လေ့ရှိကြောင်း သိရှိရ သဖြင့် မိလ္လာကန်များမှ အနယ်အနှစ်များအား စုတ်ထုတ်ခြင်း၊ ရေဆိုးမြောင်းများ တစ်လျှောက် ရေစီးရေလာကောင်းအောင် ပြုလုပ်ခြင်းများကို ဆောင်ရွက်သင့်ပါ သည်။

(ဎ) အချို့အကျဉ်းသား/အချုပ်သားအသစ်များ ပုံစံထိုင်ရာတွင် ဆဲဆိုရိုက်နှက်မှုခံရ ကြောင်း၊ အိပ်ဆောင်အတွင်း တစ်နေ့ လေးခါ တန်းစီ၍ ပုံစံထိုင်ရခြင်းမှာ ကြာမြင့် ကြောင်း ကြားသိရသဖြင့် ဖြေလျော့မှုများ ပြုလုပ်ပေးသင့်ပါသည်။

(ဏ) အချို့ အိပ်ဆောင်များတွင် ဘေးတန်း၌နေထိုင်လိုမှု၊ အလုပ်စခန်းနှင့် အခြားထောင် များသို့ ပြောင်းရွှေ့လိုမှု၊ မပြောင်းရွှေ့လိုမှုများအတွက် အပေးအယူများရှိနေကြောင်း သိရှိရသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(တ) အမျိုးသမီးလစဉ်သုံး ပစ္စည်းများ မရရှိကြောင်း သိရှိရသဖြင့် ရရှိရေး ဆောင်ရွက်ပေး သင့်ပါသည်။

## ၃။ တောင်ငူ (၄) မိုင် ကျောက်ထုတ်စခန်း

(က) လူဦးရေ ၃၀၀ ဆံ့ "ခ" အဆင့် အလုပ်စခန်းဖြစ်သော်လည်း လက်ရှိ အကျဉ်းသား ၃၅၂ ဦးရှိသဖြင့် ဝင်ဆံ့မှုထက်ကျော်လွန်နေပါသည်၊ သတ်မှတ်အရေအတွက် အတိုင်းသာ ထားရှိခြင်း သို့မဟုတ် အဆင့်တိုးမြင့် သတ်မှတ်ခြင်းများကို ဆောင်ရွက်သင့်ပါသည်။

(ခ) အိပ်ဆောင်အတွင်း လေဝင်လေထွက် နည်းပါးပါသည်၊ လေဝင်လေထွက် ကောင်းမွန်စွာ ရရှိရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) ဆေးထိုးအပ် မလုံလောက်၍ တစ်ခါသုံးဆေးထိုးအပ်များကို ပြန်လည်သုံးစွဲနေကြောင်း သိရှိရသဖြင့် ဆေးထိုးအပ်များ လုံလောက်စွာထားရှိသင့်ပါသည်။

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ် ပစ္စည်းများ တပ်ဆင်အသုံးပြုလေ့မရှိသည်ကို သိရှိရသဖြင့် အကာအကွယ်ပစ္စည်းများ တပ်ဆင် အသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

(င) ထမင်းချက်ဆောင်နှင့် ဖွဲ့ဂိုဒေါင်တွင် အကာအရံ မရှိကြောင်း၊ မိုးရာသီ၌ မိုးပက်၍ ရေစို နိုင်ကြောင်း တွေ့ရှိရသဖြင့် အကာအရံ ပြုလုပ်ပေးသင့်ပါသည်။

(စ) လွတ်ရက်နှင့် ထောက်ပံ့ကြေးငွေရရှိမှုများကို ကြိုတင်ရှင်းလင်း ပြောဆိုမှုမရှိကြောင်း သိရှိ ရသဖြင့် ပွင့်လင်းမြင်သာစွာ ပြောဆို အသိပေးသင့်ပါသည်။

(ဆ) တစ်ခါတစ်ရံ ဟင်းသီးဟင်းရွက်များကို သန့်စင်စွာ ဆေးကြောမှုမပြုကြောင်း သိရှိရသဖြင့် သန့်ရှင်းစင်ကြယ်စွာဆေးကြောပြီးမှ ချက်ပြုတ်သင့်ပါသည်။

(ဇ) လုပ်ငန်းခွင်တွင် အကျဉ်းသားခွဲမှုး၊ စိတ်မှူးများမှ ဆဲဆိုလေ့ရှိကြောင်း သိရှိရသဖြင့် ပြေပြစ်စွာ ပြောဆိုဆက်ဆံသင့်ပါသည်။

(ဈ) လုပ်ငန်းခွင်မှအပြန် ရေချိုးရာတွင် ရေချိုးကန်အတွင်းရှိရေမှာ ပူနေသဖြင့် ရေချိုးကန်များကို အမိုးမိုးပေးသင့်ပါသည်။

(ည) လုပ်ငန်းခွင်အတွင်း ယင်ကောင်များပြားနေပြီး အကျဉ်းသားများ၏ ကျန်းမာရေး ထိခိုက် နိုင်သဖြင့် ယင်ကောင်များကို နှိမ်နင်းသင့်ပါသည်။

(ဋ) ကျန်းမာရေးဝန်ထမ်း ၁ ဦးသာရှိသဖြင့် ဖွဲ့စည်းပုံ အင်အားနှင့်အညီ ခန့်အပ် ပေးသင့်ပါသည်။

## ၄။ တောင်ငူမြို့မ ရဲစခန်း အချုပ်ခန်း

(က) အချုပ်သား ၁၉ ဦး ၊ အချုပ်သူ ၁ ဦးကို ကောင်းမွန်စွာ တွေ့ရှိရပါသည်။

(ခ) အချုပ်ခန်းအတွင်းရှိ အိမ်သာ၊ ရေချိုးခန်းများ ညစ်ပတ်နေသဖြင့် သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။

(ဂ) ကြမ်းခင်းများ မညီမညာဖြစ်နေသဖြင့် ပြုပြင်သင့်ပါသည်။

(ဃ) အချုပ်သား စာရင်းတွင် ကိုယ်ရေးအချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းရန်လို အပ်သဖြင့် အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းသင့်ပါသည်။

(င) မျက်နှာကျက်တွင် ကျပ်ခိုးများ တွေ့ရှိရသဖြင့် ရှင်းလင်းဖယ်ရှားသင့်ပါသည်။

၅။ **တောင်ငူ အမှတ် (၂) ရဲစခန်း အချုပ်ခန်း**

(က) အချုပ်သား ၂ ဦး၊ အချုပ်သူ ၁ ဦးကို ကောင်းမွန်စွာ တွေ့ရှိရပါသည်။

(ခ) အမျိုးသားအချုပ်ခန်း အိမ်သာကြွေခွက်ကွဲအက်နေပြီး မစင်များပြည့်နေသဖြင့် ကြွေခွက် လဲလှယ်၍ သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။

(ဂ) အချုပ်ခန်းများအတွင်း အလင်းရောင်၊ လေဝင် လေထွက် အားနည်းပြီး အောက် သိုးသိုးအနံ့အသက်များ ရှိနေသဖြင့် လေဝင်လေထွက် ကောင်းမွန်ရေး ဆောင်ရွက် သင့်ပါသည်။

(ဃ) အမျိုးသားအချုပ်ခန်းအတွင်း စားကြွင်းစားကျန်များ၊ ဆေးကြောသန့်စင်ခြင်း မရှိ သော ပန်းကန်ခွက်ယောက်များ၊ ဆေးလိပ်ပြာခွက်များတွေ့ရှိရပြီး ကြွက်နှင့် ယင်များ လာရောက်နိုင်သဖြင့် သန့်ရှင်းရေးပြုလုပ်သင့်ပါသည်။

၆။ **တောင်ငူ အမှတ် (၃) ရဲစခန်း အချုပ်ခန်း**

(က) အချုပ်သား၊ အချုပ်သူများမရှိကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးထပ်သားကြမ်းခင်းများ ရေစို၍ ဖောင်းကြွနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဂ) အချုပ်ခန်းပါတ်လည် ပြင်ပနံရံများ ကွဲအက်နေသဖြင့် ပြုပြင်သင့်ပါသည်။

၇။ **အုတ်တွင်းရဲစခန်း၊ အမြန်လမ်းသာဂရ ရဲစခန်း၊ ကျွန်းကုန်းရဲစခန်းနှင့် ဖေယျာဝတီ ရဲစခန်း။** ရဲတပ်ဖွဲ့ဝင် အချို့သည် ပြစ်မှုကျူးလွန်သူများနှင့် မသင်္ကာသူများကို ဖမ်းဆီးစစ်ကြောရာတွင် ထိုးကြိတ်ရိုက် နှက်ခြင်း၊ ကျင်စက်ဖြင့်တို့ခြင်း၊ အပ်နှင့်ထိုးဆွခြင်း၊ တံတွေးဖြင့်ထွေးခြင်း၊ သောက် ရေမတိုက်ခြင်း၊ မိသားစုနှင့် ဆက်သွယ်ခွင့်မပြုခြင်း၊ ကျူးလွန်မှုမရှိသည်များကို အတင်းအကျပ် ဝန်ခံခိုင်းခြင်းများ ပြုလုပ်ကြသည်ဟု တောင်ငူထောင်တွင် ချုပ်နှောင်ပြီး တရားရုံး ရင်ဆိုင်နေသော အချုပ်သားအချို့မှ ပြောကြားခဲ့ကြသဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ကြပ်မတ် ဆောင်ရွက်သင့် ပါသည်။

၈။ **တရားရုံးအချုပ်ခန်း**

(က) အချုပ်သား ၂၁ ဦး၊ အချုပ်သူ ၁ ဦး တွေ့ရှိရပါသည်။

(ခ) အမျိုးသမီးအချုပ်ခန်းအတွင်းရှိ အိမ်သာညစ်ပတ်ပြီး အသုံးပြုရန် ရေခွက်မရှိသဖြင့် သန့်ရှင်းရေး ပြုလုပ်၍ အိမ်သာသုံးရေခွက်ထားရှိသင့်ပါသည်။

(ဂ) အမျိုးသား အချုပ်ခန်း အိမ်သာ ညစ်ပတ်နေသဖြင့် သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။

(ဃ) အချုပ်ခန်း သမံတလင်းပေါ်တွင် သစ်သားကြမ်းခင်း ပြုလုပ်ပေးသင့်ပါ သည်။

(င) အချုပ်ခန်းများအတွင်း အမှိုက်ပုံး မရှိသဖြင့် အမှိုက်ပုံးများ ထားရှိသင့်ပါသည်။

၉။ **ဆေးရုံအချုပ်ခန်း**

(က) အချုပ်ခန်းအတွင်း လူနာမရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အချုပ်ဆောင်အား သီးခြားခြံဝင်း ကာရံထားမှုမရှိသဖြင့် ခြံဝင်းကာရံထားရှိသင့်ပါသည်။

(ဂ) အချုပ်ဆောင် နံရံထောက်တန်း သစ်သားများ ခြစားနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဃ) အမျိုးသမီးလူနာအတွက် သီးခြားအကာအရံနှင့် အိမ်သာမရှိသဖြင့် အကာအရံနှင့် အိမ်သာ ပြုလုပ်သင့်ပါသည်။

၁၀။ **ရေတာရှည်အိုးဘွားရိပ်သာ**

(က) အဘိုး ၁၁ ဦး၊ အဘွား ၂၈ ဦးကို ကျန်းမာစွာ တွေ့ရှိရပါသည်။

(ခ) အိမ်သာ သန့်ရှင်းမှု အားနည်းကြောင်း၊ အထိုင်အထ အားပြုနိုင်ရန် လက်တန်းမရှိကြောင်း တွေ့ရှိရသဖြင့် အိမ်သာသန့်ရှင်းရေးနှင့် လက်ကိုင်တန်း ပြုလုပ်သင့်ပါသည်။

(ဂ) ထမင်းစားဆောင် မျက်နှာကျက်တွင် ပင့်ကူပိုးအိမ်များ တွေ့ရှိရသဖြင့် ရှင်းလင်းသင့်ပါသည်။

(ဃ) ထမင်းစားဆောင်နှင့် ကပ်လျက် ဆေးရုံဝင်းအတွင်း ရေအိုင်များရှိနေခြင်း၊ ခြုံနွယ်ပိတ်ပေါင်းများ ရှိနေခြင်းတို့ကြောင့် ခြင်နှင့် ယင်ကောင် များပြားနေပါသည်၊ ပတ်ဝန်းကျင် သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။

(င) အဘိုးအဘွားများ၏ အိပ်ယာခင်းများဟောင်းနွမ်းနေသဖြင့် လျှော်ဖွတ် လဲလှယ်ပေးသင့်ပါသည်။

(စ) အိပ်ဆောင်တွင် မျက်နှာကျက်မရှိ၍ ပူအိုက်သဖြင့် မျက်နှာကျက် ပြုလုပ်သင့်ပါသည်။

၁၁။ **ကေတုမတီအိုးဘွားရိပ်သာ**

(က) အဘိုး ၅ ဦး၊ အဘွား ၂၈ ဦး ကောင်းမွန်စွာ တွေ့ရှိရပါသည်။

(ခ) အထိုင်အထ အားပြုနိုင်ရန် အိမ်သာထဲတွင် လက်ကိုင်တန်းမရှိသဖြင့် လက်ကိုင်တန်းထားရှိသင့်ပါသည်။

၁၂။ **ဖေယျာသီရိအမျိုးသမီးဂေဟာ**

(က) မူကြိုမှ တက္ကသိုလ်ဝင်တန်းအထိ မိဘမဲ့၊ မိဘရှိ အမျိုးသမီးငယ် ၉၁ ဦးရှိကြောင်း တွေ့ရှိရပါ သည်။

(ခ) ဂေဟာ၏ သမိုင်းကြောင်းနှင့် မှတ်တမ်းစာအုပ်များ မရှိသဖြင့် ရေးသားပြုစုသင့်ပါ သည်။

**၁၃။ ဖြူးမြို့ ဘိုးဘွားရိပ်သာ**

(က) အဘိုး ၇ ဦး ၊ အဘွား ၃၄ ဦးကို ကောင်းမွန်စွာ တွေ့ရှိရပါသည်။

(ခ) အဘွားတစ်ဦး၏ ကုတင်ကြမ်းခင်း ပေါက်ပြဲကျိုးပဲ့နေသဖြင့် ပြုပြင်ပေးသင့်ပါသည်။

(ဂ) အဆောက်အဦများအတွင်း၌ ပစ္စည်းများ ဖရိုဖရဲဖြစ်နေပြီး ဖုန်တက်နေသဖြင့် စနစ်တကျထားရှိသင့်ပါသည်။

(ဃ) ခြံဝင်းအတွင်း အမှိုက်များ စုပုံနေပြီး၊ ရေများဝပ်နေသဖြင့် အမှိုက်များ ရှင်းလင်းပြီး ရေမဝပ်စေရန် ပြုလုပ်သင့်ပါသည်။

(င) အိမ်သာများ အနံ့အသက်မကောင်းသဖြင့် နေ့စဉ် သန့်ရှင်းရေး ပြုလုပ်သင့်ပါသည်။

**၁၄။ ဒိုက်ဦးမြို့ ကန်တော်မင်္ဂလာပရဟိတဂေဟာ**

(က) ကိုရင် ၂၁ ပါး၊ ကလေး ၇၂ ဦးရှိကြောင်း တွေ့ရှိရပါသည်။

(ခ) ကျောင်းဝင်းအတွင်း ရေဝပ်နေသဖြင့် ရေမဝပ်စေရန် ပြုလုပ်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်

နောက်ဆက်တွဲ (ဒ)

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်အတွင်းရှိ ကသာအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်သော သတင်းထုတ်ပြန်ချက်**

၁။ ၂၈-၇-၂၀၁၆ ရက်နေ့က ကျင်းပခဲ့သော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ကသာမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်က ကသာအကျဉ်းထောင်တွင် လူဦးရေကျပ်တည်းနေကြောင်း ဆွေးနွေးတင်ပြချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင် ရုံးဝန်ထမ်းများလိုက်ပါ လျက် ၁၅-၈-၂၀၁၆ ရက်နေ့တွင် အကျဉ်းသားအိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးခြင်း၊ ၁၆-၈-၂၀၁၆ ရက်နေ့တွင် အကျဉ်းသူ အိပ်ဆောင်များ၊ ထမင်းချက်ဆောင်၊ ဆေးခန်း၊ တိုက်ခန်း၊ အိမ်သာခန်းများ၊ ရေချိုးကန်များနှင့် သောက်ရေသန့်စက်ရုံတို့အား ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းသား၊ အချုပ်သား ၃၉ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ **စစ်ဆေးတွေ့ရှိချက်များ**

(က) ကသာအကျဉ်းထောင်ကို ၁၈၈၆ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ အကျဉ်းသား ဦးရေ ၃၀၀ ဦး ဝင်ဆံ့သော “ဂ” အဆင့် သတ်မှတ်ခဲ့ကြောင်း၊ အကျဉ်းထောင် အုတ်ရိုး အလျား ၂၇၈ ’၊ အနံ ၂၂၇ ’ ရှိပြီး ထောင်တွင်းဧရိယာ ၁.၃၆၄ ဧကသာ ရှိကြောင်း၊

(ခ) ၁၉၉၅ ခုနှစ်တွင် အကျဉ်းသားဦးရေ ၁၀၀၀ ဝင်ဆံ့သော “က” အဆင့်သို့ တိုးမြှင့်ခဲ့သော်လည်း အဆောက်အဦများ ထပ်မံဆောက်လုပ်ခဲ့ခြင်း မရှိကြောင်း၊ စတင်တည်ဆောက်စဉ်ကတည်းကရှိခဲ့သော အကျဉ်းသားအိပ်ဆောင် ၂ လုံး၊ အကျဉ်းသူအိပ်ဆောင် ၁ လုံး၊ တိုက်ခန်း ၈ ခန်းနှင့် အလုပ်ရုံဆောင်တို့တွင် အကျဉ်းသား၊ အကျဉ်းသူများကို ထားရှိကြောင်း၊

(ဂ) ၎င်းအိပ်ဆောင်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ ၈၆၄၂.၃၄ စတုရန်းပေဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ အကျဉ်းသားတစ်ဦးချင်းအတွက် သတ်မှတ်စံနှုန်းမှာ ၁၈ စတုရန်းပေ ဖြစ်သဖြင့် စုစုပေါင်းလူဦးရေ ၄၈၀ ဦးသာ ထားရှိနိုင်ကြောင်း၊ လက်ရှိတစ်ဦးချင်းအတွက် စံနှုန်းမှာ ၈.၆ စတုရန်းပေ ဖြစ်သဖြင့် များစွာ ပြွတ်သိပ်ကျပ်တည်းနေကြောင်း၊

(ဃ) ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ဝန်းသို၊ ကောလင်း မြို့နယ်တို့မှ ပြစ်ဒဏ်ချမှတ်ပြီး အကျဉ်းသားများနှင့် ကသာခရိုင်တရားရုံး၊ ကသာမြို့နယ်တရားရုံးနှင့် အင်းတော်မြို့နယ်တရားရုံးတို့တွင် အမှုရင်ဆိုင်နေရသော အချုပ်သားများ ကျား ၈၆၇ ဦး၊ မ ၁၃၆ ဦး၊ စုစုပေါင်း ၁၀၀၃ ဦးအား လက်ခံထားရှိကြောင်း၊

(င) သောက်ရေကို ရေသန့်စက်ရုံမှ တစ်ဦးလျှင် ၂ လီတာနှုန်းဖြင့် နေ့စဉ်ဖြန့်ဝေပေးကြောင်း၊ ကုလသမဂ္ဂ၏သတ်မှတ်စံနှုန်းမှာ ၃ လီတာဖြစ်ကြောင်း၊

(စ) ချိုးရေကန် ၃ လုံးရှိပြီး အဆက်မပြတ် ရေစက်မောင်းနှင်ပေးသဖြင့် နေ့စဉ် ချိုးရေ ဂါလံ ၆၀၀၀ ကျော် သုံးစွဲနိုင်ကြောင်း၊ ကုလသမဂ္ဂ သတ်မှတ်စံနှုန်းမှာ တစ်ဦးလျှင် တစ်နေ့ ၇ ဂါလံဖြစ်၍ နေ့စဉ် ချိုးရေဂါလံ ၇၀၀၀ ကျော် လိုအပ်မည်ဖြစ်ကြောင်း၊

(ဆ) နေ့အိမ်သာ ၁၂ လုံး၊ ညအိမ်သာ ၂၀ လုံး၊ စုစုပေါင်း ၃၃ လုံးရှိကြောင်း၊ ကုလသမဂ္ဂ စံနှုန်းမှာ အကျဉ်းသား ၂၅ ဦးလျှင် အိမ်သာ ၁ လုံး ဖြစ်သဖြင့် အိမ်သာ ၄၀ လုံး လိုအပ်မည်ဖြစ်ကြောင်း၊

(ဇ) နေ့စဉ် လျှပ်စစ်မီး ရရှိကြောင်း၊ လစဉ်ပျမ်းမျှယူနစ် ၅၈၀၀ သုံးစွဲကြောင်း၊

(ဈ) အကျဉ်းသားလူနာများအတွက် သုံးစွဲခဲ့ရသော ဆေးဝါးအသုံးစရိတ်မှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ လစဉ်ပျမ်းမျှ ၁ သိန်းကျော်ဖြစ်ကြောင်း၊ ဇူလိုင်လတွင် ဆေးဝါးအသုံးစရိတ် ၃ သိန်းကျပ်ခန့် သုံးစွဲခဲ့ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန (CMSD) မှ ဆေးဝါးများ မရရှိကြောင်း၊

(ည) အကျဉ်းသားအများစုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများဖြစ်ကြောင်း၊ စာရင်းအရ နိုင်ငံရေး အကျဉ်းသား မရှိဘဲ နိုင်ငံခြားသား (တရုတ်) အကျဉ်းသား ၁ ဦးသာ ရှိကြောင်း၊

(ဋ) ဖွဲ့စည်းပုံအရ ဝန်ထမ်း ၁၀၉ ဦးဖြစ်သော်လည်း လက်ရှိဝန်ထမ်း ၄၈ ဦးသာရှိကြောင်း၊ အကျဉ်းထောင်ဆရာဝန်သည် ၂၆-၁၂-၂၀၁၅ ရက်နေ့ကတည်းက ဘွဲ့လွန်သင်တန်း တက်ရောက်နေပြီး သူနာပြု ၁ ဦးမှာ ၃၀-၅-၂၀၁၆ ရက်နေ့မှစ၍ ခွင့်မဲ့ ပျက်ကွက်နေကြောင်း၊

(ဌ) ၂၀၁၆ ခုနှစ်အတွင်း ကသာမြို့နယ်ဆေးရုံမှ ဆရာဝန်များက အကျဉ်းထောင် သို့ ၂၆ ကြိမ် လာရောက်ကြည့်ရှု ကုသပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းသား တစ်ဦးသာ သေဆုံးခဲ့ကြောင်း၊ HIV အကျဉ်းသား ၁ ဦးရှိပြီး ART ဆေး မရရှိကြောင်း၊

(ဍ) အကျဉ်းသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး၊ ခရစ်ယာန်ဘာသာဝင် ၁၁ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၇ ဦးရှိကြောင်း၊

(ဎ) အလုပ်ရုံဆောင်တွင် အကျဉ်းသားများ ထားရှိရသဖြင့် အသက်မွေးဝမ်းကျောင်း ပညာ သင်ကြားမှုများ ပြုလုပ်နိုင်ခြင်း မရှိကြောင်း၊

(ဏ) ၁၀-၇-၂၀၁၆ ရက်နေ့တွင် အချုပ်သား ၃ ဦးက အကျဉ်းထောင် တံခါးကြီး အား စီးနင်းထွက်ပြေးရန် ကြံစည်ကြိုးပမ်းခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက် အရ အခြား အကျဉ်းသား ၃ ဦးနှင့် အချုပ်သား ၆ ဦးတို့ကလည်း ပူးပေါင်းကြံ စည်ခဲ့သည်ဟု ဆိုပြီး လက်ရှိအကျဉ်းသား၊ အချုပ်သား ၁၂ ဦးတို့အား သံခြေချင်းများ ခတ်ထား ကြောင်း၊

(တ) အကျဉ်းသား နှစ်ထပ်အိပ်ဆောင် ၁ လုံးနှင့် (၆) ခန်းတွဲ နေ့အိမ်သာ အပါအဝင် လုပ်ငန်း ၇ ခုအား တိုးချဲ့တည်ဆောက်ခွင့်ပြုရန်နှင့် အကျဉ်းသား ၂၅၀ ဦးအား အခြားအကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးရန် ကသာအကျဉ်းထောင်က စစ်ကိုင်းတိုင်း၊ ဦးစီးမှူးရုံးနှင့် ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြခဲ့ကြောင်း၊

(ထ) ၂၀၁၂ ခုနှစ်ထိ ပျမ်းမျှအကျဉ်းသားဦးရေမှာ ၆၀၀ ကျော်သာရှိခဲ့သော်လည်း တစ်နှစ်ထက် တစ်နှစ် အကျဉ်းသားဦးရေ ပိုမိုတိုးတက် များပြားလာခဲ့ကြောင်း၊ အကျဉ်းဦးစီးဌာနရုံးချုပ်မှ လာရောက်ကြည့်ရှုစစ်ဆေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ဖြည့်ဆည်းပေးခြင်းများ မရှိခဲ့ကြောင်း၊

## ၃။ အကြံပြုတိုက်တွန်းချက်များ

(က) လူဦးရေ များပြားကျပ်တည်းနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ၊ စားဖိုဆောင်နှင့် အကျဉ်းထောင် အုတ်ရိုးတို့အား တိုးချဲ့တည်ဆောက်ခြင်း၊ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသော သောက်ရေ၊ သုံးရေနှင့် အိမ်သာများ စီမံပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်သင့်ပါသည်။ သင်တန်းတက်ရောက်နေသောဆရာဝန်နှင့် ခွင့်မဲ့ပျက်ကွက်နေသောသူနာပြုတို့အတွက် အစားထိုး တောင်းခံသင့်ပါသည်။

(ဂ) အကျဉ်းထောင်တံခါးကြီးအား စီးနင်းထွက်ပြေးရန် ကြံစည်ကြိုးပမ်းခဲ့သော အကျဉ်းသား ၃ ဦးနှင့် ဆက်စပ်ပတ်သက်၍ သံခြေချင်းခတ်ထားသော အကျဉ်းသား ၉ ဦးတို့အား အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(ဃ) အကျဉ်းဦးစီးဌာနရုံးချုပ်မှ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အရေးပေါ် တိုးချဲ့ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် တိုးမြှင့် ရန်ပုံငွေ (R.E) ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

(င) ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက လိုအပ်မည့် ဆေးဝါးနှင့် အသုံးအဆောင်များ စီမံထားရှိခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်အတွင်းရှိ ရွှေဘိုအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်သော သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၂/၂၀၁၆)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင် ရုံးဝန်ထမ်းများ လိုက်ပါလျက် ၁၈-၈-၂၀၁၆ ရက်နေ့တွင် အကျဉ်းသားအိပ်ဆောင်များ၊ အကျဉ်းသူအိပ်ဆောင်များ၊ ထမင်းချက် ဆောင်၊ ဆေးခန်း၊ တိုက်ခန်း၊ အိမ်သာခန်းများ၊ ရေချိုးကန်များနှင့် သောက်ရေသန့်စက်ရုံ တို့အား ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းသား၊ အချုပ်သား ၂၃ ဦးတို့အား တွေ့ဆုံမေးမြန်းခြင်း၊ ဝန်ထမ်း ၄၀ ဦးတို့အား လူ့အခွင့်အရေး အသိပညာပေးဟောပြောခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂။ **စစ်ဆေးတွေ့ရှိချက်များ**

(က) ရွှေဘိုအကျဉ်းထောင်ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ အကျဉ်းသားဦးရေ ၁၀၀၀ ဦး ဝင်ဆံ့သော "က" အဆင့် သတ်မှတ်ခဲ့ပါသည်။ အကျဉ်းထောင် အုတ်ရိုး အလျား ၅၀၀'၊ အနံ ၅၀၀' ရှိပြီး ထောင်တွင်းဧရိယာ ၅.၇၃ ဧက ရှိပါသည်။

(ခ) ရွှေဘိုအကျဉ်းထောင်တွင် အကျဉ်းသားအိပ်ဆောင် ၂ လုံး၊ အကျဉ်းသူအိပ်ဆောင် ၁ လုံး၊ တိုက်ခန်း ၃၀ ခန်းနှင့် အလုပ်ရုံဆောင် ၂ လုံးတို့၌ အကျဉ်းသား၊ အကျဉ်းသူများကို ထားရှိပါသည်၊ အကျဉ်းသား ၂၀၀ ဦးဆံ့ ၂ ထပ်အိပ်ဆောင် ၁ လုံးမှာ ဆောက်လုပ်နေဆဲဖြစ်ပါသည်။

(ဂ) ၎င်းအိပ်ဆောင်များ၏ စုစုပေါင်း အကျယ်အဝန်းမှာ ၁၇၂၅၀.၇ စတုရန်းပေ ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ အကျဉ်းသားတစ်ဦးချင်းအတွက် သတ်မှတ်စံနှုန်းမှာ ၁၈ စတုရန်းပေဖြစ်သဖြင့် စုစုပေါင်းလူဦးရေ ၉၅၈ ဦးသာ ထားရှိနိုင်ပါသည်။ လက်ရှိ လူဦးရေ ၁၃၈၈ ဦးရှိပြီး၊ တစ်ဦးချင်းအတွက် ပျမ်းမျှစံနှုန်းမှာ ၁၂.၅ စတုရန်းပေ ဖြစ်သဖြင့် ကျပ်တည်းနေပါသည်၊

(ဃ) ကျွန်းလှ၊ ဝက်လက်၊ ရေဦး၊ တန့်ဆည်၊ ကန့်ဘလူ၊ ဒီပဲယင်း၊ ရွှေဘို၊ စစ်ကိုင်း မြို့နယ်တို့မှ ပြစ်ဒဏ်ချမှတ်ပြီး အကျဉ်းသားများနှင့် ရွှေဘိုခရိုင်တရားရုံး၊ ရွှေဘို မြို့နယ်တရားရုံးနှင့် စစ်ကိုင်းမြို့နယ် တရားရုံးတို့တွင် အမှုရင်ဆိုင်နေရသော အချုပ်သားများ ကျား ၁၁၄၈ ဦး၊ မ ၂၄၀ ဦး၊ စုစုပေါင်း ၁၃၈၈ ဦးအား လက်ခံ ထားရှိပါသည်။

(င) အကျဉ်းသားအများစုမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများ ဖြစ်ပါသည်။ စာရင်းအရ နိုင်ငံရေးအကျဉ်းသား မရှိဘဲ နိုင်ငံခြားသား (တရုတ်) အကျဉ်းသား ၂ ဦးသာ ရှိပါသည်။

(စ) အကျဉ်းသားအများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး၊ ခရစ်ယာန်ဘာသာဝင် ၁၄၀ ဦးနှင့် အစ္စလာမ်ဘာသာဝင် ၃၈ ဦး၊ ဟိန္ဒူဘာသာဝင် ၁ ဦးရှိပါသည်။ ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်ပါသည်။

(ဆ) သောက်ရေကို ရေသန့်စက်ရုံမှ တစ်ဦးလျှင် ၁.၇၃ လီတာနှုန်းဖြင့် နေ့စဉ် ဖြန့်ဝေပေးပါသည်၊ ကုလသမဂ္ဂ၏ သတ်မှတ်စံနှုန်းမှာ ၃ လီတာဖြစ်ပါသည်။

(ဇ) ချိုးရေကန် ၄ လုံးရှိပြီး ရေစက်မောင်းနှင်ပေးသဖြင့် နေ့စဉ် ချိုးရေဂါလံ ၁၇,၈၂၀ ကျော် သုံးစွဲနိုင်ပါသည်၊ ကုလသမဂ္ဂ သတ်မှတ်စံနှုန်းမှာ တစ်ဦးလျှင် တစ်နေ့ ၇ ဂါလံဖြစ်၍ နေ့စဉ် ချိုးရေဂါလံ ၉,၇၁၆ ကျော်သာ လိုအပ်သဖြင့် လုံလောက်မှု ရှိပါသည်၊

(ဈ) နေ့အိမ်သာ ၃၀ လုံး၊ ညအိမ်သာ ၁၀ လုံး၊ စုစုပေါင်း ၄၀ လုံးရှိပါသည်။ ကုလသမဂ္ဂ စံနှုန်းမှာ အကျဉ်းသား ၂၅ ဦးလျှင် အိမ်သာ ၁ လုံးဖြစ်သဖြင့် အိမ်သာ ၅၅ လုံး လိုအပ်မည် ဖြစ်ပါသည်။

(ည) နေ့စဉ် လျှပ်စစ်မီး ရရှိပါသည်၊ လစဉ်ပျမ်းမျှယူနစ် ၂၂,၀၀၀ သုံးစွဲပါသည်။

(ဋ) အကျဉ်းသားများအတွက် တစ်နေ့ရိက္ခာနှုန်းထားမှာ ၆၀၀/- ကျပ်ဖြစ်ပါသည်၊ တစ်ပတ်လျှင် အသား ၂ ကြိမ် ကျွေးပါသည်။

(ဌ) အကျဉ်းသားလူနာများအတွက် သုံးစွဲခဲ့ရသော ဆေးဝါးအသုံးစရိတ်မှာ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လထိ လစဉ်ပျမ်းမျှ ၃ သိန်းခန့်ဖြစ်ပါသည်။ ဘတ်ဂျက်မှ ၂ သိန်းကျပ် ခွင့်ပြုပါသည်။ လိုအပ်ပါက ထောင်တာဝန်ခံအရာရှိ အစီအစဉ်ဖြင့် ထပ်ဆောင်းဝယ်ယူရပါသည်။ ကျန်းမာရေးဝန်ကြီးဌာန (CMSD) မှ ဆေးဝါးများ မရရှိပါ။

(ဍ) ၂၀၁၆ ခုနှစ်အတွင်း ရွှေဘိုအကျဉ်းထောင်သို့ ရွှေဘိုပြည်သူ့ဆေးရုံကြီးမှ ၁ ကြိမ်၊ ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ၁ ကြိမ်၊ ရွှေဘိုခရိုင် တိုင်းရင်းဆေးဌာနမှ ၄ ကြိမ် လာရောက်ကြည့်ရှု ကုသပေးခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း အကျဉ်းသား ၅ ဦး၊ အကျဉ်းသူ ၃ ဦး သေဆုံးခဲ့ကြောင်း၊ HIV ရောဂါသည် အကျဉ်းသား ၃၁ ဦး၊ အကျဉ်းသူ ၅ ဦး၊ HIV + TB ရောဂါသည် အကျဉ်းသား ၃ ဦး၊ TB ရောဂါသည်အကျဉ်းသား ၃ ဦးရှိပါသည်။

(ဎ) အလုပ်ရုံဆောင်တွင် အကျဉ်းသားများ ထားရှိနေရသဖြင့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ သီးခြားဖွင့်လှစ်နိုင်ခြင်း မရှိပါ။ စိတ်ဝင်စားသူအကျဉ်းသားများကို မျက်တောင်တု၊ တက်တင်း၊ စက်ချုပ်ပညာများ သင်ပေးသောအစီအစဉ် သာရှိကြောင်း၊ "အ" သုံးလုံးသင်တန်းအား ကျား ၃၈ ဦး၊ မ ၂၄ ဦးဖြင့် ၁ ကြိမ် ဖွင့်လှစ်ခဲ့ကြောင်း၊

(ဏ) ဖွဲ့စည်းပုံအရ ဝန်ထမ်း ၁၀၉ ဦးဖြစ်သော်လည်း လက်ရှိဝန်ထမ်း ၈၀ ဦးသာ ရှိပါသည်။ ဖွဲ့စည်းပုံအရ ခန့်အပ်ထားသော ဆရာဝန် မရှိသော်လည်း ရွှေဘိုခရိုင် ကျန်းမာရေးဦးစီးဌာနမှ ၃ လတစ်ကြိမ် ဆရာဝန် ၁ ဦး တွဲဖက်ပေးပါသည်။

(တ) ဝန်ထမ်းများအတွက် တစ်နေ့ရိက္ခာငွေမှာ ၅၀၀/- ကျပ်ဖြစ်ကြောင်း၊ လစာနှင့် ရိက္ခာငွေ နည်းပါးမှု၊ အချိန်ပြည့် တာဝန်ထမ်းဆောင်နေရမှုတို့ကြောင့် လုပ်ငန်း တာဝန်အပေါ် ငြီးငွေ့ပြီး လန်းဆန်းတက်ကြွမှု နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

## ၃။ အကြံပြုတိုက်တွန်းချက်များ

(က) လူဦးရေများပြားနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ တိုးချဲ့တည်ဆောက်ခြင်း၊ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသော သောက်ရေနှင့် အိမ်သာများ စီမံပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ တိုးချဲ့ခန့်အပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

(ဂ) ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရန် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားလာပါက လိုအပ်မည့် ဆေးဝါးနှင့် အသုံးအဆောင်များ စီမံထားရှိခြင်းတို့ကို ပြုလုပ်သင့် ပါသည်။

(ဃ) အကျဉ်းသားများ၏ တစ်နေ့ရိက္ခာနှုန်းထားနှင့် ဝန်ထမ်းများ၏ တစ်နေ့ရိက္ခာငွေကို သင့်လျော်သလို တိုးမြှင့်ပေးနိုင်ရန် စဉ်းစားသင့်ပါသည်။

(င) လစဉ် အမှန်တကယ် အသုံးပြုရသော အသုံးစရိတ်များအတွက် ဘတ်ဂျက်မှ တိုးမြှင့် ခွင့်ပြုပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

**ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးစခန်း၊ မှော်ဘီ၊ ထောက်ကြန့်နှင့် မင်္ဂလာဒုံမြို့နယ်များရှိ အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခြင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၃/၂၀၁၆)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ၂ ဦးနှင့် ရုံးဝန်ထမ်း ၂ ဦးသည် ၁၄-၉-၂၀၁၆ ရက်နေ့တွင် တိုက်ကြီးမြို့နယ်၊ အိုင်ကလောင် စိုက်ပျိုးမွေးမြူရေးစခန်းအား လည်းကောင်း၊ ၁၆-၉-၂၀၁၆ ရက်နေ့တွင် မှော်ဘီရဲစခန်း၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်း ကျေးရွာ လူမှုကူညီ စောင့်ရှောက်ရေး ပရဟိတဂေဟာ၊ မှော်ဘီတရားရုံးအချုပ်ခန်း၊ ထောက်ကြန့်နှင့် မင်္ဂလာဒုံမြို့များရှိ ရဲအချုပ်ခန်းများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ပထမဦးစွာ သက်ဆိုင်ရာ ဝန်ထမ်းများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ပြီး အကျဉ်းသား (၁၃) ဦး၊ အချုပ်သား (၃၇) ဦး၊ အချုပ်သူ (၃) ဦးတို့နှင့်လည်း တွေ့ဆုံ၍ အခက်အခဲများ မေးမြန်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်များအရ အကြံပြုတိုက်တွန်းချက်များ**

၂။ **အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း။** အိပ်ဆောင်များတွင် ကြမ်းခင်းများ မညီမညာဖြစ်နေခြင်း၊ အခင်းကော်ဇောများ စုတ်ပြဲပျက်စီးနေခြင်း၊ ထမင်းချက်စားဖိုဆောင်မှာ ဘေးအကာအရံမရှိခြင်း၊ ရေချိုးကန်များတွင် အမိုးများမရှိခြင်း၊ နေ့အိမ်သာများ ညစ်ပတ်ပြီး အနံ့ဆိုးများ ထွက်နေခြင်းတို့အတွက် ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်ပေးရန်၊ လွတ်ရက်နှင့် လျှော့ရက်များကို ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေးရန်၊ ကျန်းမာရေးဝန်ထမ်း (၁) ဦးသာရှိသဖြင့် ဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်ပေးရန်၊ မျက်စိနာသည့် အကျဉ်းသားများကို ထိရောက်စွာ ကုသပေးရန်၊ စာကြည့်တိုက်တွင် သုတ၊ ရသစာပေများ ပြည့်စုံစွာ ထားရှိပေးပြီး စာဖတ်ချိန် သတ်မှတ်ပေးရန်။

၃။ **မှော်ဘီမြို့မ ရဲစခန်းအချုပ်ခန်း။** အမျိုးသားအချုပ်ခန်းရှိ ရေလောင်းအိမ်သာ၌ မစင်များ ပြည့်လျှံပြီး အနံ့ဆိုးများထွက်နေခြင်း၊ အမျိုးသမီးအချုပ်ခန်း အိမ်သာမှာလည်း ညစ်ပတ်နေခြင်း၊ အချုပ်ခန်းအတွင်း ရေများစိုစွတ်နေခြင်း၊ ကြမ်းခင်းများ မညီမညာဖြစ်နေခြင်း၊ အချုပ်ခန်းများ အတွင်း အလင်းရောင်နှင့် လေဝင်/ထွက် နည်းပြီး အောက်သိုးသိုး နံနေခြင်း၊ အမှိုက်ပုံး မရှိခြင်းများကို ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်ပေးရန်။

၄။ **မှော်ဘီမြို့နယ်တရားရုံးအချုပ်ခန်း။** အချုပ်သားများ ဆီးသွားခြင်းကို တွေ့မြင်နေရသဖြင့် အမျိုးသမီးအချုပ်ခန်းတွင် ခန်းဆီး "အရှင်" ပြုလုပ်ပေးရန်၊ အမျိုးသားအချုပ်ခန်းအတွင်း စားကြွင်းစားကျန်နှင့် အမှိုက်ထုတ်များ ရှိနေခြင်း၊ အချုပ်ခန်း ကြမ်းခင်းများ ညစ်ပတ်ပြီး၊ အနံ့အသက် မကောင်းခြင်း၊ အချုပ်သားအိမ်သာများ ညစ်ပတ်ပြီး အနံ့အသက်မကောင်းခြင်း၊ အချုပ်ခန်း ပတ်ဝန်းကျင်တွင် ရေဝပ်နေခြင်း၊ အမျိုးသားအချုပ်ခန်းရှိ ဆီးခွက်သည် ညစ်ပတ်ပြီး အနံ့အသက် မကောင်းခြင်းများကို ပြုပြင်ဖြည့်ဆည်း ဆောင်ရွက်ပေးရန်။

၅။ **ဝါးနက်ချောင်းကျေးရွာ လူမှုကူညီစောင့်ရှောက်ရေးပရဟိတဂေဟာ။** အထိုင်အထ အားပြုနိုင်ရန် အိမ်သာအတွင်း လက်ကိုင်တန်း ထားပေးရန်၊ နေရပ်သို့ပြန်လိုသည့် အဘိုး/အဘွားများကို နေရပ်သို့ပြန်နိုင်ရေးတွက် ဆွေမျိုးများနှင့် ဆက်သွယ်စီစဉ်ပေးရန်။

၆။ **ထောက်ကြန့် ရဲစခန်း အချုပ်ခန်း။** အချုပ်ခန်းအတွင်းရှိ ပန်ကာပျက်နေသဖြင့် ပြုပြင်ပေးရန်။

၇။ **မင်္ဂလာဒုံ ရဲစခန်း အချုပ်ခန်း။** အမျိုးသားအချုပ်ခန်းအိမ်သာ ညစ်ပတ်နေခြင်း၊ အချုပ်ခန်းအတွင်း လေဝင်/ထွက်မကောင်းခြင်း၊ အချုပ်ခန်းအတွင်း အလင်းရောင် ကောင်းမွန်စွာ မရရှိခြင်းများအတွက် ပြုပြင် ဖြည့်ဆည်း ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

**နောက်ဆက်တွဲ (ပ)**

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မြင်းခြံအကျဉ်းထောင်တွင် ကွင်းဆင်းစုံစမ်း စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၄/ ၂၀၁၆)**

၁။ မြင်းခြံအကျဉ်းထောင်တွင်း ကိစ္စရပ်များအား စုံစမ်းစစ်ဆေးရန်အတွက် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်နှင့် ဦးစိုးဘုန်းမြင့်တို့ ပါဝင်သော ကွင်းဆင်းစုံစမ်းစစ်ဆေး ရေးအဖွဲ့သည် မြင်းခြံအကျဉ်းထောင်သို့ ၁၄-၁၀-၂၀၁၆ ရက်နေ့တွင် သွားရောက်စစ်ဆေးခဲ့ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၂။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့က ဖြစ်ပွားခဲ့သော အကျဉ်းထောင်ဆန္ဒပြမှု ဖြစ်စဉ်သည် သာမန်အားဖြင့် အကျဉ်းသားများခိုက်ရန်ဖြစ်ပွားသည်မှစ၍ ဖြစ်ပွားသည်ဟု ဆိုသော် လည်း အောက်ပါအခြားအချက်အလက်များကြောင့် ထောင်ပိုင်အပေါ် မကျေနပ်မှုများဖြစ်ပေါ်ခြင်း မှ အခြေခံခဲ့သည်ဟု ဆက်စပ်တွေ့ရှိရ ပါသည်။

၃။ **စားသောက်ရေးအခက်အခဲများ**

(က) အကျဉ်းသားများ စားသောက်ရေး အဆင်ပြေစေရန်၊ စိတ်ဓာတ်ပြုပြင်ရန်နှင့် ကျန်းမာရေး ကောင်းမွန်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ယခင်ကစားသုံးသီးနှံ စိုက်ပျိုးခင်းများကို ရာသီအလိုက် စိုက်ပျိုးရန် စီမံဆောင်ရွက်ပေးခြင်း၊ ခြံထွက် သီးနှံများအား ခူးဆွတ်၍ ရိက္ခာပဲဟင်းနှင့် ရောနှောချက်ပြုတ်ခြင်း၊ ၎င်းတို့ အစီအစဉ်ဖြင့် အသီးအရွက်ကြော်များ၊ အသီးအနှံဟင်းများ ချက်ပြုတ်စားသုံးခြင်း များ ဆောင်ရွက်ခွင့် ရရှိခဲ့ကြသော်လည်း လက်ရှိထောင်ပိုင်လက်ထက်တွင် အဆိုပါ သီးနှံစိုက်ခင်းများ အားလုံးဖျက်ဆီးပစ်ခြင်း၊

(ခ) ထို့ပြင် အသီးသီးသောအရွယ်ရှိ သရက်ပင်များမှ အသီးများကိုခူးဆွတ်၍ သရက်သီး သုပ်များ ကျွေးမွေးခြင်းကို ယခင်ထောင်ပိုင်များ လက်ထက်က ပြုလုပ်ပေးခဲ့သော် လည်း လက်ရှိ ထောင်ပိုင်လက်ထက်တွင် ၎င်းသရက်ပင်များအား ခုတ်လှဲပစ်လိုက် ခြင်း၊

(ဂ) မီးဖိုကြီးဘေးတွင် ဖိုငယ်လေးများချက်ပြုတ်ခွင့် ပေးခဲ့ခြင်းကြောင့် အကျဉ်းသား များအနေဖြင့် နှစ်သက်ရာ ဟင်းလျာများကို ချက်ပြုတ်ကြော်လှော် စားသုံးခွင့် ရရှိခဲ့ ရာမှ လက်ရှိထောင်ပိုင် လက်ထက်တွင် မီးဖိုတစ်ဖိုသွင်းလျှင် ငွေတစ်သောင်းခွဲပေးရ ခြင်း၊ အဆောင်မှူးကိုကော်ဖီမစ် နှစ်ထုပ်ပေးရခြင်းအပြင် မီးဖိုတွင် ထင်းဖိုးအတွက် ကော်ဖီမစ် တစ်ထုပ်ပေးရခြင်း၊

(ဃ) ယခင်ထောင်ပိုင်လက်ထက်ကနှင့် နှိုင်းစာလျှင် လက်ရှိထောင်ပိုင်လက်ထက်တွင် အသား/ငါးဟင်းများ အရွယ်အစား သေးသွားခြင်း၊ အရည်အသွေး ညံ့ဖျင်းသွားခြင်း၊ ယခင်က ကြက်ဉ၊ ကြက်သား၊ ငါးအလှည့်ကျ ကျွေးခဲ့ရာမှ ယခုအခါ ငါးတစ်မျိုး တည်းကိုသာ အများအားဖြင့် ကျွေးမွေးခြင်း၊

(င) ART ဆေးသောက်နေရသော HIV ပိုးရှိသူများ၊ TB ဆေးသောက်နေရသော အဆုတ်ရောဂါ ဝေဒနာသည်များသည် သောက်ရသည့် ဆေး၏ဒဏ်ကို ခံနိုင်ရည်ရှိစေရေး အတွက် လိုအပ်သည့်အာဟာရပြည့်ဝစွာ ကျွေးမွေးမှုမရှိခြင်း။

## ၄။ ကျန်းမာရေးအခက်အခဲများ

(က) ယခင်ကကျန်းမာရေး မကောင်းသော အကျဉ်းသားများသည် အကျဉ်းထောင်ဆေးရုံသို့ သွားရောက် ပြသဆေးကုသမှုခံယူခွင့် ရှိခဲ့သော်လည်း လက်ရှိ ထောင်ပိုင်လက်ထက်တွင် မိန်းဂျေး (Main Jail) အနီးရှိ သစ်ပင်အောက်တွင် တန်းစီဆောင့်ကြောင့်ထိုင်၍ ဆေးမှူးအလာကို စောင့်ဆိုင်းနေရသဖြင့် စိတ်ကျဉ်းကြပ်၍ အနေထိုင် ခက်ခဲခြင်း၊ ဆောင့်ကြောင့် ကြာရှည်ထိုင်ရန် ခက်ခဲခြင်း၊

(ခ) ထိုကဲ့သို့ စောင့်ဆိုင်းသော်လည်း ဆရာဝန်လာရောက်မှုမှာ မရှိသလောက် ရှားပါးသည့်အပြင် အကျဉ်းထောင်ဆေးမှူး လာရောက်သည့်အခါတွင်လည်း ယူဆောင်လာသည့် ဆေးကိုသာပေးပြီး၊ ဆေးပါမလာသည့် ရောဂါများအတွက် ဆေးဝါးမရရှိခြင်း၊

(ဂ) အရေးပေါ် ကျန်းမာရေးမကောင်း၍ တာဝန်ကျဝန်ထမ်းထံ သတင်းပို့ရာတွင် ၎င်းဝန်ထမ်းမှ ထောင်ပိုင်ထံသို့ လမ်းလျှောက်စကားပြောစက်ဖြင့် သတင်းပို့သော်လည်း သွားခွင့်မရခြင်း၊

(ဃ) ထိုကဲ့သို့ ဆေးဝါးကုသမှုဆိုင်ရာ အတားအဆီး အခက်အခဲများကြောင့် လက်ရှိထောင်ပိုင် လက်ထက်တွင် မလိုအပ်ဘဲ သေဆုံးမှုများ ရှိနေခြင်း၊

(င) ထောင်ဝင်စာလာတွေ့သည့် မိသားစုများမှပေးခဲ့သော တစ်ကိုယ်ရေသုံးဆေးဝါးများကို ကိုင်ဆောင်သုံးစွဲခွင့် မပြုဘဲစစ်ဆေးရန်ဟုပြော၍ သိမ်းဆည်းထားပြီးသုံးစွဲခွင့်မရခြင်း၊ ဆေးဝယ်ယူရန် မှာကြားပါက မတန်တဆဈေးဖြင့် ဝယ်ယူသုံးစွဲရခြင်း။

## ၅။ ငွေကြေးကောက်ခံမှုများပြားခြင်း

(က) အကျဉ်းထောင် ပြင်ပရှိ မြင်းခြံဓာတ်တော်တိုက် ပြုပြင်ရန်၊ ဝါဆိုသင်္ကန်းကပ်ရန် စသည့် အလှူအတန်းများရှိပါက အကျဉ်းသားများထံမှ အတင်းအကြပ် ငွေကြေးကောက်ခံခြင်း၊

(ခ) အကျဉ်းထောင် အဆောင်တွင် မီးသီး၊ မီးချောင်းများကျွမ်း၍ ဝယ်ယူရန်၊ ရေမော်တာဝယ်ယူရန်နှင့် အပိုပစ္စည်းများ ဝယ်ယူရန်၊ မီးစက်အတွက် ဒီဇယ်ဝယ်ယူရန် စသည်တို့အတွက် ငွေကြေးများ ပေးနေရခြင်း၊

(ဂ) ထောင်ဝင်စာ လာတွေ့သည့် ဧည့်သည်များနားနေဆောင် အသစ်ဆောက်လုပ်ရာတွင် ကုန်ကျစရိတ်များကို အကျဉ်းသားများထံမှ ကောက်ခံခြင်း၊

(ဃ) အဆောင် ၁ တာဝန်ကျ အဆောင်မှူးအတွက် ရုံးခန်းဆောက်လုပ်ရာတွင် ကုန်ကျစရိတ်ကို အကျဉ်းသားများထံမှကောက်ခံခြင်း၊ ထို့ပြင် ထောင်ဝင်စာ လာတွေ့သော ဆွေမျိုးများမှ ပေးသည့်ငွေကို ဈေးဘား (PPC ခေါ် အကျဉ်းသား လိုအပ်ချက်ကို စုစည်း၍ သွားရောက်ဝယ်ပေးသော ဝန်ဆောင်မှုတာဝန်ခံ) ထံတွင် အပ်နှံထားရာ၊

ယင်း စုဆောင်းငွေများထဲမှ အထက်ပါ ရုံးခန်းသစ် ဆောက်လုပ်ရန်အတွက် ယူသုံးခြင်း။

၆။ **ကိုယ်ပိုင် ပစ္စည်းများအား ခင်းကျင်းပြသရခြင်း**

(က) အကျဉ်းသားများ၏ အိပ်ယာနေရာတွင် ကိုယ်ပိုင်ပစ္စည်းများဖြစ်သည့် စောင် ၃ ထည်၊ ပုံစံအင်္ကျီ ၂ စုံ၊ အရပ်ဝတ် ၁ စုံ၊ ရေခွက် ၁ ခွက်၊ ပန်းကန် ၁ ချပ်တို့ကို ခင်းကျင်း ပြသစေပြီး ပိုလျှံသော ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းမည်ဟု ပြောဆိုခြင်း၊

(ခ) ယင်းကဲ့သို့ ပြသရာတွင် နမူနာပြသင်ကြားခြင်းမရှိဘဲ စစ်ဆေးတိုင်းစိတ်တိုင်းမကျဟုဆိုကာ ကြမ်းတမ်းရိုင်းစိုင်းစွာ ဆဲဆိုကြိမ်းမောင်းပြောဆိုပြီး အကြိမ်ကြိမ် ပြန်လည် ပြင်ဆင်ခိုင်းခြင်း၊

(ဂ) ကိုယ်ပိုင်ပစ္စည်းများ ခင်းကျင်းပြသမှု (ကစ်ခင်းခြင်း) စစ်ဆေးသည့် အချိန်တစ်လျှောက် လုံးထောင်ပုံစံ ၃၂ (ကိုယ်ရေးအကျဉ်း) စာရွက်ကိုလက်နှစ်ဖက်ဖြင့် စုံကိုင်၍ ကြာမြင့်စွာမတ်တပ်ရပ်နေရသဖြင့် စိတ်ကျဉ်းကြပ်၍ ဖိစီးမှုများခံစားရခြင်း။

၇။ **အထွေထွေမကျေနပ်ချက်များ**

(က) အဆောင် ၁ မှ အကျဉ်းသားတစ်ဦးထံတွင် တယ်လီဖုန်းဆင်မ်းကတ် တွေ့ရှိရ၍ အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးမှ ပါးနားရိုက်၍ မိန်းဂျေးရှေ့တွင် ဒူးထောက် အပြစ်ပေးခြင်း၊

(ခ) ကိုယ်ပိုင်ပစ္စည်းများကို ခင်းကျင်းပြသခြင်း (ကစ်ခင်းခြင်း) နှင့်ပတ်သက်၍ အကျဉ်းသားတစ်ဦးအား ထောင်ပိုင်ကိုယ်တိုင် ပါးရိုက်ခြင်း၊ လက်သီးဖြင့် ထိုးခြင်း၊ နားရင်းရိုက်ခြင်းများပြုလုပ်ခြင်း၊

(ဂ) အခက်အခဲရှိ၍ တင်ပြသူများကို ဖြေရှင်းမပေးသည့်အပြင် အဆောင်ပြောင်းရွှေ့ခြင်း၊ အလုပ်ပြောင်းရွှေ့ခိုင်းစေခြင်း၊

(ဃ) ရပ်ဝေးမှ ထောင်ဝင်စာ လာတွေ့သူ အချို့မှာ အကျဉ်းသားများနှင့် မတွေ့ရဘဲ ပြန်သွားရခြင်း၊

(င) ၆ ပေပတ်လည် အိပ်ခုံတွင် အကျဉ်းသား ၄ ဦးအိပ်စက်ရခြင်းနှင့် အခန်းတစ်ခန်းတွင် အကျဉ်းသား ၄၀ ခန့်သာ ဆံ့သော်လည်း ၈၀ ခန့် နေထိုင်ရခြင်းတို့ကြောင့် ကျဉ်းကြပ်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်ခြင်း၊

(စ) ထောင်ပြောင်း ရောက်ရှိလာသူများကို ထောင်ပိုင်ကိုယ်တိုင် ခေါ်တွေ့ပြီး အလုပ်နေရာချထားခြင်းဖြင့် ငွေကြေးရယူပြီး သက်သာသည့်နေရာ တာဝန်ပေးခြင်း၊

(ဆ) အကျဉ်းသားများ၏ မိသားစုထံသို့ ငွေပို့ပေးရေး ဆက်သွယ်ပေးရန် အကျဉ်းထောင် ဝန်ထမ်းတချို့အား အကူအညီတောင်းရာတွင် ရရှိငွေကို အကျဉ်းသားသို့ မပေးဘဲ အဆိုပါ ဝန်ထမ်းမှ ကိုယ်ကျိုးသုံးစွဲခြင်း၊

(ဇ) အကျဉ်းထောင် ဝန်ထမ်းအချို့သည် အကျဉ်းသားများ၏ ပစ္စည်းရှာဖွေရာတွင် သာမန်ထက် ပို၍ ကြမ်းတမ်းစွာ ပြုမူလုပ်ဆောင်ခြင်း၊

(ဈ) အကျဉ်းထောင် ဝန်ထမ်းအချို့သည် ၎င်းတို့နှင့် အဆင်ပြေသော အကျဉ်းသားများ ဆေးလိပ်သောက်သည်ကို တွေ့ရှိပါက အပြစ်မပေးဘဲ အခြား အကျဉ်းသားများ ဆေးလိပ်သောက်သည်ကို တွေ့ရှိပါက စည်းကမ်းမရှိဟုဆိုကာ ဖားခုန် ခုန်ခိုင်းခြင်း၊

(ည) ယခင် ထောင်ပိုင်လက်ထက်က နံနက် ၈ နာရီမှသာ အကျဉ်းသားများသို့ ဝင်ရောက် စစ်ဆေးခဲ့ရာမှ ယခုထောင်ပိုင် လက်ထက်တွင် နံနက် ၆ နာရီ ဝန်ထမ်းများအား စစ်ဆေးပြီးလျှင်ပြီးချင်း အကျဉ်းသားများသို့ ဝင်ရောက်စစ်ဆေးခြင်းကြောင့် အကျဉ်းသားများအတွက် မျက်နှာသစ်ချိန်၊ နံနက်စာစားချိန်များ လုံလောက်မှု မရှိခြင်း။

**ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များ**

၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ ဖြစ်စဉ်နှင့်ပတ်သက်၍ အဓိက တာဝန် ရှိသော ထောင်ပိုင်အပါအဝင် အကျဉ်းထောင် ဝန်ထမ်းများအနက် တာဝန်ရှိသူများ အား ဖော်ထုတ်အရေးယူနိုင်ရေးအတွက် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း စစ်ဆေးပြီးထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။

(ခ) ထောင်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အကျဉ်းသားများ သက်သာချောင်ချိရေး နှင့် ကျန်းမာရေးအတွက် ဦးတည်၍ စနစ်တကျ ပြန်လည်ဆောင်ရွက်သင့်ပါသည်။

(ဂ) ရိက္ခာဝယ်ယူရေးအဖွဲ့ ဥက္ကဋ္ဌ တာဝန်ကို သင့်တော်သော ကော်မတီများဖွဲ့စည်း၍ အလှည့်ကျ တာဝန်ပေးခြင်း၊ စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးစေခြင်းများ ပြုလုပ်၍ အကျဉ်းသားများ စားသောက်ရေးကို ယခုထက် ပိုမိုကောင်းမွန်လုံလောက် အောင် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ART ဆေးသောက်နေရသော HIV ပိုးရှိသူများ၊ TB ဆေးသောက်နေရသော အဆုတ်ရောဂါ ဝေဒနာသည်များအား သောက်ရသည့် ဆေး၏ဒဏ်ကို ခံနိုင်ရည် ရှိစေရေးအတွက် အာဟာရပြည့်ဝစေရန် လိုအပ်သဖြင့် လုံလောက်သောအစားအစာ များကို စီစဉ်ကျွေးမွေးပေးသင့်ပါသည်။

(င) ကျန်းမာရေးမကောင်းသော အကျဉ်းသားများအား လွယ်ကူအဆင်ပြေစေမည့် ဆေးဝါးကုသမှုစနစ်ကို စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

(စ) ထောင်ဝင်စာ လာတွေ့သည့် မိသားစုများမှ ပေးခဲ့သော တစ်ကိုယ်ရေသုံးဆေးဝါးများကို ဆရာဝန် သို့မဟုတ် ဆေးမှူးမှ စစ်ဆေးပြီးပါက ကာယကံရှင်ထံသို့ အမြန်ဆုံး ပေးအပ်သင့်ပါသည်။

(ဆ) အကျဉ်းသားများ၏ ကျန်းမာရေးအရ ဝယ်ယူပေးရန် တောင်းဆိုသော ဆေးများကို မှန်ကန်ပြီး သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) အကျဉ်းသားများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် တရားနည်းလမ်းမကျသော ငွေကြေးကောက်ခံသည့် စနစ်ကို တင်းကြပ်စွာတားမြစ် ပိတ်ပင်သင့်ပါသည်။

(ဈ) အကျဉ်းသားတစ်ဦးချင်း၏ ကိုယ်ပိုင်ပစ္စည်းများ ခင်းကျင်းပြသခြင်း (ကစ်ပုံခြင်း) သည် အကျဉ်းထောင် အက်ဥပဒေ၊ အကျဉ်းထောင် လက်စွဲများတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါက ယင်းစနစ်ကို ကျင့်သုံးခြင်း မရှိစေရန် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်သင့်ပါသည်။

(ည) အကျဉ်းသားများအပေါ် စည်းကမ်းထိန်းသိမ်းခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်းများသည် စည်းကမ်းထိန်းသိမ်းမှု၏ ဘောင်ထက် ကျော်လွန်၍ လူမဆန်စွာပြုမူဆက်ဆံမှု အပါအဝင် ညှဉ်းပန်းနှိပ်စက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဂရုပြုဆောင်ရွက်သင့်ပါသည်။

(ဋ) မြင်းခြံအကျဉ်းထောင်သည် သတ်မှတ်အင်အားထက် ၂ ဆကျော်ထိန်းသိမ်းထားနေရသည့်အတွက် အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်နိုင်ရေး လိုအပ်သောဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံ ဆောင်ရွက်သင့်ပါသည်။

(ဌ) ဆရာဝန် အပါအဝင် လိုအပ်သော ကျန်းမာရေး ဝန်ထမ်းများနှင့် လိုအပ်သော ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို အလုံအလောက် ခန့်ထားဖြည့်ဆည်းပေးသင့်ပါသည်။

(ဍ) မြင်းခြံအကျဉ်းထောင်သည် သတ်မှတ်ဝန်ထမ်းအင်အား ၁၀၉ ဦးရှိသော်လည်း လက်ရှိတွင် ၈၄ ဦးသာ ရှိသည့်အတွက် ဝန်ထမ်းအင်အား မလုံလောက်ဖြစ်နေသည်ကို ဆောလျင်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးသင့်ပါသည်။

(ဎ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများနှင့် ဝန်ထမ်းများသည် ၎င်းတို့ဆန္ဒအရ လာရောက် ထွက်ဆိုကြခြင်းမဟုတ်ဘဲ ကော်မရှင်မှ ခေါ်ယူစစ်ဆေးခြင်းသာဖြစ်သဖြင့် ၎င်းတို့အပေါ် အငြိုးတေးထား၍ ဆက်ဆံခြင်း၊ အခြား အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်းများ အပါအဝင် လက်တုံ့ပြန်မှု မခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၃၈ အရ သက်ဆိုင်ရာမှ အလေးထား ဂရုပြုဆောင်ရွက် ပေးရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်